
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ဂုဏ်ႈ အပဲ့ ဝနာမိ

ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ – ဝိညာဉ်ရှင်ခွင်

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၆၀၁၁၀၉
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၃၁၀၈၀၉
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၉-ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၂၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဖြူစင်ပုံနှိပ်တိုက် (ဦးငွေအောင်) ၀၇၃၂၅
အမှတ် (၂၀၄) ၃၁-လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့
ထုတ်ဝေသူ - ဦးလှနိုင် (မြိုတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြိုတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၂၂၁၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြိုတ်)
အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

၈၀၈.၈၃
ကလောင်စုံ
ဝိညာဉ်ရှင်ခွင်(ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ)ကလောင်စုံ ။ - ရန်ကုန်
မြိုတ်စာပေ ။ ၂၀၀၉။
၂၀၀ - စာ။ ၁၀ × ၁၇.၅ စင်တီ။
(၁) ဝိညာဉ်ရှင်ခွင်၊ ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏံ အဟံ ဝန္ဒာမိ

# မြိုက်

( စာပေ )

BURMESE CLASSIC .com

မြိုက်စာပေ (ဖုန်း-၇၀၄၄၉၀)
၂၂၁၊ ဥဩလမ်း(အထက်)၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခွေမြင့် | ကြိုးဝိုင်းအပြင်ဘက်က လက်ဝှေ့ပွဲ |
| ၂။ | မင်းစက္က | ငရဲဆိုတာ တစ်ကယ်ရှိတယ် |
| ၃။ | ငြိမ်းအေးဇော် | ရှမ္မက်မျက်ကန်း |
| ၄။ | မြဘုန်းထက် | ဘဝရဲ့ဂုဏ်ရှိရ |
| ၅။ | ဟိန်းထက်ဇော် | ဝိညာဉ်ရှင်ခွင် |
| ၆။ | တက္ကသိုလ်အောင်တင့် | မောင်းဆေးချောင်း |
| ၇။ | မြဘုန်းထက် | ရေမှုဆိုး အာဆေးထည့်ခြင်း |
| ၈။ | ဇော်ထက် | ရှင်ဘယ်သူလဲ |
| ၉။ | ဘုန်းပွင့်ထွန်း | ကိုယ်ပွဲးလိပ်ပြာ |


BURMESE CLASSIC .com






www.burmeseclassic.com

www.burmeseclassic.com

# ကြိုးဝိုင်း အပြင်ဘက်က လက်ဝှေ့ပွဲ

ဆွေမြင့်



ရဲစုံထောက် ထက်အောင်သည် အရပ်ဝတ်ဖြင့် ရက်စတော်ရင့်တစ်ခုထဲသို့ ရောက်ရှိနေသည်။ သူသည် အခြားတာဝန်ကျနှင့် တာဝန်ပြောင်းပေးခဲ့ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။ စားပွဲထိုးအား ကော်ဖီတစ်ခွက်နှင့် ဟမ်ဘာဂါတစ်ခု မှာလိုက်သည်။

ရက်စတော်ရင့်အတွင်းရှိ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်တွင် မြန်မာ့လက်ဝှေ့ပွဲတစ်ခုကို တိုက်ရိုက် ထုတ်လွှင့်ပြသပေးနေသည်။ သူက တစ်ချက်မျှ လှမ်းကြည့်ရင်း စားပွဲထိုးလာချပေးသော ဟမ်ဘာဂါနှင့် ကော်ဖီကို စားသောက် နေသည်။

လက်ဝှေ့ပွဲသည် မြန်မာ့လက်ဝှေ့လောကတွင် ထိုခေတ်ထိုအခါက ရေပန်းစားနေသော ကြယ်နီဖိုးမောင်နှင့် ကျားနက်မျိုးထက်တို့ ဖြစ်ကြသည်။ ထိုကဲ့သို့သော ပွဲကြီးပွဲကောင်းများ ကျင်းပရာ လက်ဝှေ့ကြိုးဝိုင်း ပတ်ဝန်းကျင်နှင့် ရုံတစ်ခုလုံး ရုံပြည့်ရုံလျှံ အားပေးကြသော ပရိသတ်မှာ ပြည်နှက်နေသည်။

ထိုသို့ကြည့်နေစဉ် အခိုက်အတန့်တွင် ပထမပွဲအချီ ပြီးဆုံးသွားသည်ကို ရုပ်သံမှ မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ လက်ဝှေ့သမား နှစ်ယောက်သည် သက်ဆိုင်ရာ ထောင့်အသီးသီးတွင် ပြန်ထိုင်ကြသည်။ သူတို့ကို ရေဖတ်တိုက်ခြင်း၊ ပုခုံးကြွက်သားများ အကြောဖြေပေးခြင်း၊ မျက်နှာတွင် ဖူးယောင်နေသည်များကို ကြပ်ထုပ်ထိုးခြင်း စသော လုပ်ငန်းများကို လုပ်ပေးနေကြစဉ်. .

ကျားနက်မျိုးထက် ထိုင်နေသော ကြိုးဝိုင်းထောင့်၏ အပြင်ဘက် လက်ဝှေ့ပွဲ ပရိသတ်၏ ရှေ့ဆုံး ခုံတန်းတွင် စိတ်ဝင်စားစွာ ကြည့်နေသော လူတစ်ယောက်ကို အမှတ်မထင် ရုတ်တရက် မြင်လိုက်ရသည်။ ထိုအခါ. . ရဲစုံထောက် ထက်အောင်၏ နှလုံးခုန်နှုန်းက အတိုင်းမသိ မြန်ဆန်သွားသည်။

ထိုမြင်ကွင်းမှာ စက္ကန့်အနည်းငယ်သာ ကြာသော်လည်း ထက်အောင်၏ အမြင်အာရုံထဲတွင် စွဲစွဲမြဲမြဲ မှတ်မှတ်ရရ ဖြစ်နေသည်။

နဖူးပြောင်ပြောင်၊ မျက်တွင်းန[illegible] နက်၊ ပါးရိုးမြင့်မြင့်၊ နှာခေါင်း[illegible] ရှည်၊ နှုတ်ခမ်းထူထူ၊ ညာဘက်[illegible] တွင် ရွှေစေ့ခန့် မှဲ့တစ်ခု စသည်[illegible] ကို ပြက်ပြက်ထင်ထင် မှတ်မိ[illegible] သည်။

'ဒီကောင်ဟာ ငှက်ကျား[illegible] ငှက်ကျားအစစ်၊ သူ့မျက်နှာကြီး[illegible] ခွေးချီသွားတောင် တစ်သက်မ[illegible] ဘူး၊ ငါ့ အချစ်ဆုံး သူငယ်ချင်း မြတ်မိုးကို သတ်သွားတဲ့ လူသတ် ကောင် ငှက်ကျားဆိုတာ သေ[illegible] တယ်'

ထိုစကားလုံးများသည် ရဲ[illegible] စုံထောက် ထက်အောင်၏ ဦး[illegible] နှောက်တွင်း၌ ပုံတင်ထပ်နေသည်။ ငှက်ကျားဆိုသော ဒုစရိုက်သမား လူသတ်ကောင်သည် လူသတ်မှု[illegible] ကျူးလွန်ပြီးနောက်၊ သုံးနှစ်တိုင်တိုင် ဒုစရိုက်လောကမှ ခြေရာဖျောက် သွားခဲ့သည်။ နယ်စပ်ကို တရား[illegible]





[illegible] နိုးကြောင်နိုးဝှက် ဖြတ်ကျော် [illegible]သည်ဟူသော သတင်းစကားကို [illegible] ကြားခဲ့ရသည်။ ယခုအခါတွင် [illegible]က်ဝှေ့ပွဲ၏ ကြိုးဝိုင်းနှင့် အနီးဆုံး [illegible] ခုံတန်းတွင် တွေ့လိုက်ရပြီ။ [illegible]တ်ဝှေ့ရုံအတွင်းမှာပင် ငှက်ကျား [illegible]ည် ဇီးနှစ်ရောင် နေကာမျက်မှန် [illegible] မချွတ်ပဲ တပ်ထားသည်ကို ရဲစုံ [illegible]ထောက် ထက်အောက်က သတိပြု [illegible]လိုက်သည်။

သူသည် စားလက်စ ရပ်[illegible]န့်၍ ခွက်ထဲမှ လက်ကျန်ကော်ဖီကို မော့သောက်ပြီးနောက် ထိုင်ရာမှ [illegible]သည်။ ကျသင့်ငွေကို ရှင်းပေးပြီး နောက် ကောင်တာပေါ်ရှိ တယ်လီ[illegible]ဖုန်းရှိရာသို့ လျှောက်သွားသည်။

ထိုအချိန်တွင် လက်ဝှေ့ပွဲ သည် ဒုတိယအချီကို ပြန်လည်စ[illegible]တင် ထိုးသတ်နေလေပြီ။ ကောင်[illegible]တာပေါ်ရှိ တယ်လီဖုန်းကို ထောင် [illegible]တင်မောင်းမောင်းနှင့် အသက်

ခြောက်ဆယ်ကျော် လူကြီးတစ်ယောက်က အမျှင်မပြတ် ပြောနေသည်။ ရဲစုံထောက် ထက်အောင်က ထိုလူကြီးအနားသို့ ချဉ်းကပ်သွားသည်။ ထိုလူကြီးက သူ့ကို လှည့်ကြည့်သည်။ လူကြီးက ရိပ်မိသွားပုံရသည်။

'မောင်ရင် တယ်လီဖုန်းပြောချင်တယ်ဆိုရင် ကျုပ်တို့က နောက်ထပ်တစ်နာရီနဲ့ စကားပြောလို့ ဆုံးမှာမဟုတ်ဘူး၊ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကျော်က ကွဲနေကြတဲ့ သူငယ်ချင်းနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြတာကွ'

လူကြီးက စကားပြောခွက်ကို လက်ဝါးဖြင့်ပိတ်၍ ထက်အောင်အား လှမ်းပြောလိုက်သည်။

'ကျွန်တော် သိပ်အရေး[illegible] တဲ့ စကား ပြောစရာရှိလို့ [illegible] လောက် ပြောပါရစေ'

ထက်အောင်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပန်သည်။

'အရေးကြီးရင် တခြားနေရာတ ဖုန်းနဲ့သွားပြောချည်ကွ'

လူကြီးက စိတ်မရှည်သော လေသံဖြင့် ပြောလိုက်သည်။

'ကျွန်တော် ရဲစုံထောက် တစ်ယောက်ပါ၊ အရေးကြီးတဲ့ ရာဇဝတ်မှုနဲ့ပက်သက်တဲ့ ကိစ္စတစ်ခုအတွက် ပြောခွင့်ပြုပါ၊ စိတ်မရှိပါနဲ့ ခင်ဗျာ၊ တစ်မိနစ်လောက် ပြောရရင် တော်ပါပြီ'

ထက်အောက်က ထပ်မံ၍ ခွင့်တောင်းလိုက်သည်။

'မင်းဟာမင်း စုံထောက်မကလို့၊ ဖိုးရိုးဖားရားဆဲဗင်း ဂျိမ်းစ်ဘွန်းဖြစ်နေလည်း ငါသိစရာ မလိုဘူး၊ လောလောဆယ်. . မင်းအရေးကြီးတာထက် ငါတို့သူငယ်ချင်းကိစ္စက ပိုအရေးကြီးတယ်၊ သွားစမ်းကွာ'

လူကြီးက ပြတ်ပြတ်သားသား ခါထုတ်သည်။

ထက်အောင်သည် သက်ပြင်းမောတစ်ချက်ချ၍ ရက်စတောရင့်ထဲမှ ထွက်ခဲ့သည်။ အပြင်ဘက် လမ်းဘေးပလက်ဖောင်းရှိ အများသုံး ဖုန်းရုံလေးထဲတွင် သူ့ထက်ဦးနေသော လူငယ်တစ်ဦး ဖုန်းပြောနေသည်ကို တွေ့လိုက်ရသည်။ အခြားစုံတွဲတစ်တွဲကလည်း ထိုသူပြီးလျှင် ဆက်လက်ပြောဆိုရန်၊ တန်းစီစောင့်ဆိုင်းနေကြသည်ကို မြင်ရသည်။

မည်သို့ပင်ဖြစ်စေ ထက်အောင်နေနှင့် ထိုလူငယ်များ ဖုန်းပြောပြီးသည်အထိ၊ မစောင့်နိုင်တော့၊ ထို့ကြောင့် ရှေ့သို့တိုး၍ ပြောလိုက်ရသည်။

'ကလေးတို့ စကားပြောတာ ခဏလောက် နားလိုက်ပါဦးကွာ၊ ဦးဦးက ရဲစုံထောက်တစ်ယောက်ပါ၊ ရာဇဝတ်နဲ့ပက်သက်တဲ့ တရားခံတစ်ယောက် လွတ်မသွားဖို့





အရေးတကြီး ဖုန်းဆက်ချင်လို့ ခဏလောက် ခွင့်ပြုပေးပါကွာ၊ ခဏလေးပဲ ပြောမှာပါ'

ထက်အောက် ချိုသာစွာ ပြောလိုက်သည်။

စကားပြောလက်စ လူငယ်က သူ့ကို လှည့်ကြည့်သည်။ စကားပြောခွက်ကို လက်ဖြင့်အုပ်၍. . .

'ဦးရှေ့က ဟောဒီနှစ်ယောက် ရှိသေးတယ်၊ သူတို့ခွင့်ပြုနိုင်ရင် ကျွန်တော်ပြောလက်စ စကားကို ရပ်ပေးပါ့မယ်၊ ဦး ပြောပြီးတာနဲ့ ကျွန်တော်ဆက်ပြောရဦးမှာ အဲဒါ သူတို့နှစ်ယောက် ခွင့်ပြုနိုင်ပါ့မလား"

လူငယ်က အကျိုးသင့် အကြောင်းသင့် ရှင်းပြသည်။

စုံတွဲမှ မိန်းမပျိုက. .

'ရပါတယ်' ဟူ၍ တစ်ခွန်းပြောလျက် ဦးခေါင်းငြိမ့်ပြသည်။ ထို့ကြောင့် ထက်အောင်က လက်ဝှေ့ပွဲ ကျင်းပနေသော လက်ဝှေ့ရုံသို့ ဖုန်းဆက်လိုက်သည်။

'လက်ဝှေ့ရုံ လုံခြုံရေး ဌာနကလား ခင်ဗျာ'

ထက်အောင်က ခပ်သွက်သွက် မေးလိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ၊ အခု ဘယ်သူပြောနေတာလဲ'

'ကျွန်တော် ရဲစုံထောက် ထက်အောင်ပါ၊ အဲဒီ လုံခြုံရေး ဌာနက တာဝန်ကျ လုံခြုံရေး အရာရှိနဲ့ အရေးတကြီး စကားပြောချင်လို့ပါ'

'လုံခြုံရေး အရာရှိက အခုပဲ လက်ဝှေ့ပွဲထဲ ရောက်နေပါတယ်၊ ကျွန်တော်က သန့်ရှင်းရေး ဝန်ထမ်းပါ'

'အဲဒါမှ ပြဿနာပဲ' ဟူ၍ ထက်အောင်က တီးတိုးငြီးတွားလိုက်သည်။ သို့ရာတွင် သူက ရှေ့လွယ်နှင့် စိတ်လျှော့သူ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ချေး

'လက်ဝှေ့ပွဲ ပြီးကာနီးပြီလားဗျာ'

ထက်အောင်က ဖုန်းထဲမှ မေးသည်။

'တတိယအချီ စ,နေပါပြီ'

'ဒါဆိုရင်. . . ခင်ဗျား သေချာရေးပြီး မှတ်လိုက်ပါ၊ ကျွန်တော် အထူးစုံထောက်ဌာနက အရာရှိ ထက်အောင်ပါ၊ ခင်ဗျားအနေနဲ့ အခုချက်ချင်း လုံခြုံရေးဌာန တာဝန်ခံ အရာရှိကို အမြန်ဆုံးရှာပြီး ပြောပေးပါ'

'ကျွန်တော် ဘာပြောပေးရမှာလဲဗျာ'

'လက်ဝှေ့ပွဲထဲမှာ လူသတ်မှုတရားခံ ရောက်နေတယ်. . . လို့၊ အဲ့ဒီ တရားခံဟာ နဖူးပြောင်ပြောင်၊ မျက်တွင်းနက်နက်၊ နှာခေါင်းရှည်ရှည်၊ နှုတ်ခမ်းထူထူနဲ့ ညာဘက်ပါးမှာ မှဲ့တစ်လုံးပါတယ်၊ ဇီးနှစ်ရောင် မျက်မှန် တပ်ထားတယ်၊ သူ့နာမည် ငှက်ကျား၊ လက်ဝှေ့ကြိုးဝိုင်းနဲ့ အနီးဆုံး ရှေ့တန်းခုံမှာ ထိုင်နေတယ်၊ လက်ဝှေ့သမား ကျားနက်မျိုးထက် အနားယူခဲ့တဲ့ ကြိုးဝိုင်းထောင့်ဘက်နဲ့ အနီးဆုံး ရှေ့ခုံတန်း၊ ကျွန်တော် ပြောတာ သေချာမှတ်ပြီး၊ လုံခြုံရေးအရာရှိကို အမြန်ဆုံးရှာပြီး ပြောပေးပါ၊ ကျွန်တော် ရဲစုံထောက် ထက်အောင်ပါ၊ အခု ဖုန်းချပြီးတာနဲ့ လက်ဝှေ့ရုံကို ချက်ခြင်းထွက်ခဲ့ပါမယ်'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် သေချာရေးမှတ်ထားပါတယ်၊ အခု ချက်ခြင်း လုံခြုံရေးအရာရှိကို တွေ့အောင်ရှာပြီး ပြောပေးပါ့မယ်၊ ဆရာ့နာမည်က ဦးထက်အောင်နော်'

'ဟုတ်ပါတယ်'

ထက်အောင်က ဖုန်းပြန်ချလိုက်သည်။





ထို့နောက် စောစောကဖုန်းဆက်နေသော လူငယ်နှင့် ဖုန်းဆက်ရန် စောင့်ဆိုင်းနေသော စုံတွဲကို လှည့်ကြည့်လိုက်သည်။

'မင်းတို့အားလုံးကို ကျေးဇူး တင်ပါတယ်ကွာ၊ မလွဲမရှောင်သာလို့ အခုလို အနှောက်အယှက်ပေးမိတာကို စိတ်မကောင်းပါဘူး'

ထက်အောင်က ပြောပြောဆိုဆိုနှင့် အများသုံး တယ်လီဖုန်းရုံလေးထဲမှ ထွက်ခဲ့သည်။ ကက္ကစီတစ်စီး လာနေသည်ကို မြင်လိုက်သောအခါ လက်ပြ၍ တားလိုက်သည်။ တက္ကစီက သူ့ရှေ့တွင် ရပ်တန့်၍ တော်မသတ်ပဲ လှမ်းမေးသည်။

'ဘယ်ကို သွားမှာလဲ ဆရာ'

'လက်ဝှေ့ရုံကို သွားမှာ၊ အဲ့ဒီ လက်ဝှေ့ရုံ ဘယ်မှာလဲဆိုတာ မင်းသိလား'

'သိပါတယ် ဆရာ၊ ဒီနေ့ တကယ့်ပွဲကြီးပွဲကောင်းပဲ၊ ကြယ်နီနဲ့ ကျားနက် ရေကုန်ရေခမ်း ဖိုက်မယ့်ပွဲဗျ'

တက္ကစီမောင်းသူက အားရပါးရ ပြောသည်။

'အေး. . အဲ့ဒီပွဲကို မပြီးခင် မင်းကားကို ရေကုန်ရေခမ်း မောင်းစမ်းကွာ၊ အပိုကြေး ဆုချမယ်'

'စိတ်ချဆရာ၊ ဒီပိတောက်မြိုင်မှာ ကျွန်တော့်ကို ဘယ်သူမှ မမှီဘူး၊ ကျွန်တော်က ပဝါမကျ၊ ရေမရှုဟမ်း မောင်းတတ်တယ်'

တက္ကစီသမားက ရယ်ရယ်မောမော ပြောသည်။

'သိပ်ကောင်းတာပေါ့ကွာ၊ မင်းတက္ကစီကို ငါတားမိတာ မှန်သွားပြီ၊ ဒါပေမယ့် ယဉ်စည်းကမ်း၊ လမ်းစည်းကမ်းဘောင်ထဲက မထွက်ပါစေနဲ့ကွာ'

ထက်အောင်က သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



* ⅄ *

ရဲစုံထောက် ထက်အောင်သည် တက္ကစီကားပေါ်တွင် လိုက်ပါလာရင်း သူ့အချစ်ဆုံး ကျောင်းနေဖက် သူငယ်ချင်း မြတ်မိုးနှင့်နောက်ဆုံးတွေ့ခဲ့ရသည်ကို ပြန်လည်မြင်ယောင်မိသည်။ ထက်အောင်က ရဲအရာရှိအဖြစ်နဲ့ ပိတောက်မြိုင်မြို့လေးတွင် တာဝန်ကျသည်။

ကျောင်းနေဖက် သူငယ်ချင်းမြတ်မိုးသည် စီးပွားရေးလုပ်ငန်းတွင် အောင်မြင်နေသူ ဖြစ်သည်။ သူတို့အချင်းချင်း မဆုံတွေ့ဖြစ်သည်မှာ ဘွဲ့ရ၍ ကျောင်းထွက်ပြီးကတည်းက တစ်မြို့တစ်နယ်စီဖြစ်သောကြောင့် စုစုပေါင်း ခုနှစ်နှစ်ခန့် ကြာခဲ့သည်။

တစ်နေ့တွင် မြတ်မိုး၏မွေးနေ့တွင် အခြားလူများကို မဖိတ်ပဲ အချစ်ဆုံး သူငယ်ချင်း ထက်အောင်ကိုသာ သီးသန့်ဖုန်းဖြင့် ဆက်သွယ်၍ ဖိတ်သည်။ နှစ်ယောက်သား အားရပါးရ ရှေးဖြစ်နှောင်းဟောင်းများကို၊ မွေးနေ့ရှင်ဖြစ်သူ မြတ်မိုးက ကုန်ကျစရိတ်တာဝန်ယူ၍ ကျွေးမွေးခြင်း ဖြစ်သည်။

စားသောက်ပြီးနောက် စားသောက်ဆိုင်ထဲမှ အထွက်တွင် ထက်အောင်ကို မြတ်မိုးက သူ့ကားနှင့် လိုက်ပို့ပေးမည်ဟု ပြောခဲ့သည် စားသောက်ဆိုင် ပြင်ပရှိ ကားပတ်ကင်ထဲသို့ ရောက်သောအခါ မြတ်မိုး၏ ကားတံခါးပွင့်နေသည်ကို တွေ့လိုက်ရသည်။ မြတ်မိုးကိုယ်တိုင် သေချာပိတ်ထားခဲ့ခြင်း ဖြစ်သောကြောင့် မြတ်မိုးအံ့သြနေသည်။

ကားထဲတွင် လူပ်ရှားမှုတစ်ခုကို တွေ့လိုက်ရသည်။

မြတ်မိုးက သူ့ကားရပ်ထားရာသို့ ပြေးသွားသည်။ ကားထဲမှ ထွက်လာသောသူကို ကားပတ်ကင်တွင် ထွန်းထားသည့် ထိန်လင်းသော မီးရောင်ထဲတွင် သေချာစွာမြင်လိုက်ရသည်။ ထက်အောင်က မြတ်မိုးနောက်မှ ခပ်သုတ်သုတ်လိုက်သွားသည်။





ကားထဲထွက်လာသူသည် မြတ်မိုးကို မြင်သောအခါ လက်ထဲမှ သေနတ်ဖြင့် နှစ်ချက်တိတိ၊ လှမ်းပစ်သည်။ မြတ်မိုး လဲကျသွားစဉ်၊ ထက်အောင်က ပုန်းစလွယ်အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်၍ လူဆိုးကို လှမ်းပစ်လိုက်သည်။ လူဆိုး၏ညာလက်ဖမိုးကို ထိမှန်ကာ သေနတ်လွတ်ကျသွားပြီး ထွက်ပြေးသွားသည်။

ပထမအနေနှင့် ထက်အောင်က လူဆိုးနောက်သို့ လိုက်ရန် ရည်ရွယ်မိသော်လည်း သေနတ်မှန်၍ လဲကျငြိုးတွားနေသော သူငယ်ချင်းကို ဆေးရုံသို့ အချိန်မီ ပို့ရန် ဆုံးဖြတ်လိုက်ရသည်။ ထို့ကြောင့် ထက်အောင်သည် မြတ်မိုး၏ ကားဖြင့် မြတ်မိုးကို ဆေးရုံသို့ ပို့လိုက်[illegible]သည်။ လူဆိုးကျကျန်ရစ်သော သေနတ်ကို သဲလွန်စအဖြစ် ယူဆောင်ခဲ့သည်။

မြတ်မိုးသည် ဆေးရုံတွင် သေဆုံးသွားသည်။ လူသတ်သမား၏ သေနတ်မှ လက်ဗွေရာကို စစ်ဆေးရာတွင်၊ ယခင်က လုယက်မှု[illegible]ဖောက်ထွင်းမှုများကို ကျူးလွန်ဖူး၍ ထောင်ကျခဲ့ရာမှ ပြစ်ဒဏ်နှစ်စေ့၍ လွတ်လာသော မိုးမောင်မောင်(ခ) ငှက်ကျားဖြစ်ကြောင်း သိရှိရသည်။

သို့ရာတွင် ငှက်ကျားသည် မြတ်မိုးကို သတ်မှုကျူးလွန်[illegible]နောက် သူ၏ ညာလက်ဖဝါး[illegible]ရာကို ပုဂ္ဂလိက ဆေးခန်းတစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ဆေးထည့်ပြီး နယ်စပ်မှ တရားမဝင် နိုးထွက်သွားကြောင်း သတင်းရရှိခဲ့သည်။

ထိုဖြစ်ရပ်ကို အမျှင်မပြတ်တွေးနေသော ထက်အောင်သည် ကားရပ်ချိန်ကျမှ ပစ္စုပ္ပန်သို့ ပြန်လည် ရောက်ရှိလာသည်။ တက္ကစီမောင်းသူသည် လက်ဖွေ့ရုံ၏ ရှေ့ဝင်ပေါက်အနီးတွင် ကားကို ရပ်တန့်လိုက်သည်။

'ဘယ်နှယ့်လဲ ဆရာ၊ အချိန်မီ ရောက်နေပြီ မဟုတ်လား'

'အေးကွာ၊ ကျေးဇူးပဲ၊ ရော့ . . ရော့ ပြန်မအမ်းနဲ့တော့'

ပြောပြောဆိုဆိုနှင့် ငွေစက္ကူအချို့ကို လှမ်းပေး၍ ကားထဲမှ သွက်လက်စွာ ထွက်ခဲ့သည်။ လုံခြုံရေးဌာန ရုံးခန်းသို့ ရောက်သောအခါ ဖုန်းထဲမှ သူညွှန်ကြားခဲ့သော သန့်ရှင်းရေး ဝန်ထမ်းကို တွေ့လိုက်ရသည်။ ထက်အောင်က သူသည် ရဲစုံထောက် ထက်အောင် ဖြစ်ကြောင်း ပြောပြလိုက်သည်။

'အတော်ပဲဆရာ၊ လက်ဖွေ့ပွဲက နောက်ဆုံးပဋ္ဌမအချီ ရောက်နေပြီ၊ လုံခြုံရေး အရာရှိကို ဆရာပြောတဲ့အတိုင်း ပြောပြပြီးပြီ၊ အဲဒီလူသတ်မှု တရားခံနားမှာ လုံခြုံရေးအဖွဲ့ဝင်တွေနဲ့အတူ လုံခြုံရေးအရာရှိကိုယ်တိုင် အနီးကပ် စောင့်ကြည့်နေကြတယ်'

သန့်ရှင်းရေး ဝန်ထမ်းက ထက်အောင်ကို သတင်းပေးလိုက်သည်။

ထက်အောင်က လက်ဖွေ့ရုံတွင်းသို့ ဝင်သွားသည်။ ရုံပေါက်ဝရှိ အစောင့်ကို၊ စိစစ်ရေးကပ်ပြားထုတ်ပြ၍ ဝင်သွားခြင်းဖြစ်သည်။

ထက်အောင်က ငှက်ကျားအနီးသို့ ရောက်သွားချိန်တွင် လက်





ဖွေ့ထိုးသတ် ယှဉ်ပြိုင်နေသော ကြယ်နီနှင့် ကျားနက်တို့သည် လက်ရည်တူ ဖြစ်နေကြသောကြောင့် အနိုင်အရှုံးမရှိ သရေပွဲ ပူးတွဲချန်ပီယံ သတ်မှတ်ကြောင်း ကြေငြာသံ ထွက်ပေါ်လာသည်။

ထိုအချိန်တွင် လူသတ်တရားခံ ငှက်ကျားသည် သူ့ပတ်ဝန်းကျင်တွင် လုံခြုံရေး အဖွဲ့ဝင်များ နေကြသည်ကို၊ သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု၍ ထင်မြင်ယူဆလိုက်ဟန် တူသည်။ ထို့ကြောင့် အေးဆေးစွာ ထိုင်ခုံမှ ထလိုက်သည်။

ထက်အောင်က ငှက်ကျား၏ရှေ့ မျက်နှာချင်းဆိုင် နေရာယူ၍ ရပ်လိုက်သည်။ လက်ဖွေ့ပွဲပြီးဆုံးပြီ ဖြစ်၍၊ ပရိသတ်များက ထွက်ပေါက်များ ရှိရာသို့ တရွေ့ရွေ့ လျှောက်သွားနေကြသည်။

'ငှက်ကျားခေါ် မိုးမောင်မောင်၊ မင်း ကျုပ်နဲ့အတူ ရဲစခန်းကို လိုက်ခဲ့ပါ၊ ကျုပ်နာမည် ထ

အောင်၊ ရဲစုံထောက် ထက်အော

ငှက်ကျားက ထက်အော

ကို ပြူးတူးပြဲတဲ ပြန်ကြည့်သည်။

'ခင်ဗျား ဘာတွေလာပြေ

နေတာလဲ၊ ကျုပ်နာမည် သက်ညွှ

ခင်ဗျား လူမှားနေပြီ ထင်တယ်'

ထက်အောင် တွေ့ . . ကာ

ဖြစ်သွားသည်။

သို့ရာတွင် သူသည် လွယ

လွယ်နှင့် လျှော့ပေးလေ့ရှိသူ မ

ဟုတ်။

'ကောင်းပြီလေ၊ ဒါဆိုရင်

မင်းဟာ သက်ညွှန့်ဖြစ်ကြောင်း ဘာ

အထောက်အထားပြ နိုင်သလဲ'

ထက်အောင်က တည်ငြိမ်

စွာ မေးသည်။

'ခင်ဗျားကကော၊ ကျွ

ငှက်ကျားခေါ် မိုမောင်မောင်ဖြ

ကြောင်း ဘယ်လို အထော

ထား ပြမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'လွယ်ပါတယ်ကွာ၊ ရဲစခန်းမှာ မင်းနဲ့ပက်သက်တဲ့ ဖိုင်တွဲရှိနေတာပဲ၊ လောလောဆယ် မင်းရဲ့ညာဘက် လက်ဖမိုးမှာ ဒဏ်ရာတစ်ခုရှိတယ် မဟုတ်လား'

ထက်အောင်က ပြောပြောဆိုဆိုဖြင့်၊ ငှက်ကျား၏ညာလက်ကို လှမ်းဆွဲ၍ လက်ဖမိုးပေါ်မှ အမာရွတ်ကို ကြည့်လိုက်သည်။

'ဒီဒဏ်ရာနဲ့ ပက်သက်လို့ မင်း ဘာပြောမလဲ'

ထက်အောင်က စူးစူးရဲရဲ မျက်လုံးချင်းဆိုင်၍ မေးလိုက်သည်။

'ဒါ. . မတော်တဆ ကားအက်ဆီးဒင့် ဖြစ်တုန်းက ရခဲ့တဲ့ဒဏ်ရာပါ'

'ငါကိုယ်တိုင် မင်းကို သေနတ်နဲ့ ပစ်ခဲ့တာကွ၊ မင်းလူသတ်မှုကျူးလွန်ပြီးချိန်မှာ ပစ်လိုက်တာ၊ ကားအက်ဆီးဒင့် ဖြစ်လို့ရတဲ့ ဒဏ်ရာနဲ့ သေနတ်ကျည်ဆန် ထိမှန်တဲ့ ဒဏ်ရာက သိပ်ကိုကွဲပြားခြားနားတယ်၊ ကဲ. . အဲဒီအကြောင်း တွေ ရဲစခန်းရောက်မှ ရှင်းပေတော့၊ အခု. . ငါနဲ့ လိုက်ခဲ့'

ထက်အောင်က ဆွဲခေါ်မည်အပြုတွင်. .


ငှက်ကျားက ဖိုက်လက်သီးတစ်ချက်ပေးလိုက်သည်။ သို့ရာတွင် ထိုသို့ဖြစ်လာနိုင်သည်ကို ကြိုတင်တွက်ဆထားသော ထက်အောင်က ငှက်ကျား၏ လက်သီးနှင့် သူမျက်နှာလွတ်သွားရုံမျှ ခါးကိုညွတ်၍ ရှောင်တိမ်းလိုက်သည်။ တစ်ချိန်တည်းမှာပင် ထက်အောင်၏ ဘယ်ဖြောင့်ကပ်လက်သီးတစ်လုံးက၊ ငှက်ကျား၏ ဝမ်းဗိုက်ထဲသို့ ထိုးသွင်းမြုပ်နှံလိုက်သည်။

ငှက်ကျားပါးစပ်မှ လေအန်သွားပြီး ကိုယ်ခန္ဓာကိုယ်အထက်ပိုင်းတစ်ခုလုံး ရှေ့သို့ကိုင်းကျလာသည်။ ထက်အောင်က ငှက်ကျား၏ ဂုတ်ပိုးကို မိမိရရ ညာလက်သီးဆုပ်ဖြင့် ထုချေလိုက်ရာ၊ ငှက်ကျားသည် လက်ဝှေ့ကြိုးဝိုင်း အပြင်ဘက် ရှေ့ဆုံးခုံများအနီး ကြမ်းပြင်ပေါ်သို့ မှောက်လျက်သားကျကာ မလှုပ်မရှား ငြိမ်သက်သွားလေတော့သည်။

လွန်ခဲ့သော တစ်မိနစ်ခန့်က ကြိုးဝိုင်းပေါ်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော လက်ဝှေ့သမားကြယ်နီနှင့်ကျားနက်တို့သည် အနိုင်အရှုံးမရှိ သရေပွဲ ဖြစ်ကြောင်းကြေငြာခဲ့လေသည်။

သို့ရာတွင် လူသတ်သမားငှက်ကျားခေါ် မိုးမောင်မောင်နှင့် ရဲစုံထောက် ထက်အောင်တို့ရဲ့ပွဲမှာ ထက်အောင်က ပြတ်ပြတ်သားသား အနိုင်ရသွားသည်ကို လက်ဝှေ့ပွဲလာ ပရိသတ်အချို့ မှတ်ချက်ချသွားကြလေသည်။

ဆွေမြင့်










www.burmeseclassic.com

www.burmeseclassic.com

# သရဲဆိုတာ တကယ်ရှိတယ်

ပန်းချီ ဖိုးအောင်

မင်းစက္ကူ



www.burmeseclassic.com

www.burmeseclassic.com

# ငရဲဆိုတာတစ်ကယ်ရှိတယ်



ဗုဒ္ဓမြတ်စွာ၏၏ဒေသနာတော်များထဲတွင် ငရဲနှင့်ဝဋ်ကြွေးဟူသည်တစ်ကယ်ရှိသည်။ကောင်းမှု၊မကောင်းမှု၊ကုသိုလ်ကံ၊အကုသိုလ်ကံများအရ ဝဋ်လိုက်တတ်ခြင်းကြီးမားသော အကုသိုလ်ကံတရားများကြောင့် ငရဲကျခံကြရခြင်းများကို ဟောကြားတော်မူခဲ့ပေသည်။ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားတော်များသည် ကိုယ်ကျင့်တရားများနှင့်တော်သတ်ပြီး အခြေခံခဲ့သည်။

လိုရင်းတိုရှင်းပြောရလျှင် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာရှိဖို့လိုသည်။သီလလုံမှ၊ မကျိုးပေါက်မှ၊ကိုယ်ကျင့်တရားကိုလည်း ထိန်းသိမ်းပြီးသားဖြစ်ပေလိမ့်မည်။ တစ်ပါးပါးကျိုးပေါက်ခဲ့သည်ပင်လျှင် အပြစ်ကမနေ၊ တစ်ချိန်ချိန်တွင် မိမိကျူးလွန်ခဲ့သောအပြစ်အတွက်ခံစားရသည်၊ ပေးဆပ်ရသည် ဟုဗုဒ္ဓဘာသာဝင်မို့ ယုံကြည်ပါသည်။

အပြစ်ကြီးလျှင်ကြီးသလို ငရဲကလည်း အမျိုးအမျိုးရှိလေသည်။'သိဉ္စိုးငရဲ'၊'ကာလသုတ်ငရဲ'၊'သံဃာတငရဲ'၊ 'ရောရုဝငရဲ'၊ 'မဟာရောရုဝငရဲ'၊ 'တာပနငရဲ'၊ 'မဟာတာကနငရဲ'၊ 'အဝီစီငရဲ'.. စသည်ဖြင့် ငရဲကြီးရှစ်ထပ်မှာ အပြစ်ကြီးလျှင် ကြီးသလို ခံကြရသည်။ တစ်ပါးသူအားနစ်နာအောင်၊ကိုယ်ကျိုးနည်းအောင်၊ ပျက်စီးရာပျက်စီးကြောင်း ပြခဲ့

www.burmeseclassic.com



လျှင်ဝင့်ခံရမည်။ တုန့်ပြန်ခံရခြင်းမျိုးက မိမိအတွက်အမြဲ ရှိနေခဲ့လေသည်။

ကျွန်ုပ်သည် ငရဲနှင့် ပါတ်သတ်၍ ဝင့်နှင့်စပ်လျဉ်းပြီးပလ္လင်ခံနေရခြင်းကား အကြောင်းရှိပါသည်။ ယင်းကား အောက်ဖော်ပြမည့် အဖြစ်အပျက်တစ်ခုနှင့် သက်ဆိုင်နေသောကြောင့်ပင် ဖြစ်ပါသတည်း။

ကျွန်ုပ်နေထိုင်ရာ(--) မြို့သည် ရန်ကုန်စည်ပင်သာယာ နယ်နမိတ်အစွန်တွင် ရှိပါသည်။ ပထမတန်းစား ရပ်ကွက်တစ်ခုတွင် သီးသန့်ခြံဝင်းလေးတစ်ခုမှာ မိသားစုနှင့်အတူ နေထိုင်လျှက်ရှိပါသည်။ ခြံ၏အကျယ်မှာ ပေ၈၀၊ပေ၄၀ ဖြစ်သည်။

ကျွန်ုပ်နေထိုင်သောခြံ၏ ခေါင်းရင်းဘက်မှာလည်း မိသားစုတစ်စု နေထိုင်လျှက်ရှိသည်။ အိမ်ရှင်အဖိုးကြီးမှာ အသက်၇၀ ကျော်ပြီဖြစ်သည်။ ဇနီးဖြစ်သူမှာလည်း သူ့အသက်နီးပါးလောက်ပင်ရှိသည်။ သမီးနှစ်ယောက်နှင့် အတူနေထိုင်သည်။ သူ၏သမီးများပင်လျှင် အသက်ငါးဆယ်နီးပါးရှိနေကြလေပြီ။

မနက်အာရုဏ်မတက်မီ ကျွန်ုပ်ဘုရားဝတ်တက်စဉ်၊ ခေါင်းရင်းအိမ်မှ မိသားစုသည်လည်း အိပ် ယာမှနိုးပြီးခဲ့လေပြီ။ ထိုအဖိုးကြီး၏။ ဘုရားရှိခိုးသံသည် ပီသကြည်မြစွာ ထွက်ပေါ် လာခဲ့သည်။ တစ်ကယ့်ကို သဒ္ဓါကြည်ညိုဖို့ကောင်းသည်။ ဘုရားရှိခိုးအပြီးမှာအမျှဝေသံ၊ ကြေးစည်ရိုက်ပြီးသာဓုခေါ်သံများမှာ ကြားရသူ၏ရင်ထဲတွင် အေးချမ်း မှုများကို ဖြစ်ပေါ်စေသည်။ ဘုရား ရှိခိုးမျိုးစုံတတ်မြောက်ပြီး ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရာ တစ်နာရီ နီးပါးလောက် ကိုကြာသည်။





ဘုရားရှိခိုးအပြီး၊ပုတီးစိပ်ခြင်း၊တရားထိုင်ခြင်းအမှုများကိုလည်း ဆက်တိုက်ပြုလုပ်သည်။ ဇနီးဖြစ်သူက ဗုဒ္ဓဝေယျာဝစ္စများကိုပြုလုပ်ပြီး သမီးနှစ်ယောက်ကလည်း တစ်ယောက်စီဘုရားဝတ်တတ်ကြသည်။ အသံနေအသံထားဖြင့်ရွတ်ဆိုကြသည်။ သူတို့မိသားစု၏ ဘုရားရှိခိုးသံတရားဘဝနာများကို ပွါးများနေသံများသည် ပါတ်ဝန်းကျင်၌ လွင့်ပျံ့နေရုံသာမက အထက် ဘဝဂ်သို့တိုင် ပျံ့နှံ့နေရော့မည်။

အခါကြီးရက်ကြီးများ တွင်လည်းဥပုသ်သီတင်းများ ဆောက်တည်ခြင်း၊ ဆရာတော်ကြီးများ ထံမှတရားတော်များကို နာယူခြင်း၊ တရားပွဲများ ကျင်းပရာဆီသို့ သွားရောက်တရားနာသော အမှုများကို ပြုလုပ်တတ်လေသည်။သို့သော် ဤမျှဘုရားတရား ပြုလုပ်သောသူများ ဖြစ်ကြပါလျှက်သူတို့မိသားစုမှာ ဖျောက်ဖျက်မရသော ချို့ယွင်းချက်ကြီး တစ်ခုရှိလေသည်။ ထိုချို့ယွင်း ချက်ကားအခြားမဟုတ်၊ ခြံခိုးတတ်ခြင်းပင်တည်း။ သူတို့မိသားစုကား အဒိန္နါဒါနကံကြီးကို နေ့စဉ် ကျူးလွန်နေကြသူများ ဖြစ်သည်။

ကျွန်ုပ်တို့ခြံနှင့် တစ်ဖက်ခြံသည်၊ခြံချင်းဆက်စပ်လျက်ရှိရကား အဘထွန်း သည်ခြံစည်းရိုးကာရံရာ၌ စနစ်တကျ သေသပ်စွာဆောင်ရွက်သည်။ ခြံစည်းရိုးတည့်တည့်တွင် သစ်ပင်ကြီးဖြစ်လာမည့် အပင်ကိုစိုက်ပျိုး သည်။ အပင်မြေမှ ပေါက်ဖွါးကြီးလာသောအခါ မြေကိုခိုးကာသစ်ပင်ကိုပါတ်ပြီး သူတို့ဘက်သို့ယူသည်။ ခြံတိုင်ကို ကျွန်ုပ်တို့ဘက်သို့တဖြည်းဖြည်း တိုးပြီးစိုက်သည်။ တစ်လက္မချင်း၊ တစ်လက္မချင်း ယူသည်။ တစ်လကို ... လောက်ဂရုစိုက်ခြင်းဖြင့် မြေနှစ်

www.burmeseclassic.com



လက္မလောက် သူတို့ဘက်သို့ပါသွားခဲ့လေတော့၏။

ခြံစည်းရိုးအလယ်တွင် သစ်ပင်ကြီးအောင်စိုက်ခြင်းသည် ရိုးသားသောအပြုအမူမဟုတ်၊ တစ်နှစ်ခန့်ကြာသွားသောအခါ ကျွန်ုပ်၏ ခြံစည်းရိုးမြေသည် တစ်ဖက်ခြံထဲသို့ တစ်ပေခန့်ပါသွားခဲ့လေပြီ။ ပထမတော့ ကျွန်ုပ်သည် ဂရုမထားမိချေ၊ အဘထွန်း၏ အသက်၊ အနေအထိုင်ကို အကြောင်းပြုပြီး ဤကဲ့သို့မဖွယ်မရာ ပြုလုပ်လိမ့်မည်ဟု လည်းမထင်မိပေ။

ယခုတော့ လူနှစ်ယောက် ယှဉ်ပြီးသွား၍ရသောခေါင်းရင်းဘက်သည် အိမ်ဘက်သို့တဖြည်းဖြည်းနီးကပ်လာသော စည်းရိုးကြောင့် လူတစ်ယောက်သာသာ လောက်ပဲ သွား၍ရတော့သည်။ ထိုအခါကျမှ ကျွန်ုပ်သည် မျက်လုံးပွင့်ရလေတော့သည်။ အဘထွန်း၏ ပျက်ပြားသောကိုယ်ကျင့်တရား ကိုသိခွင့်ရလိုက်ရကား ထိုတစ်ချက်တည်းနှင့် အကြည်ညိုပျက်ရ လေတော့သည်။

ကျွန်ုပ်သည် ဗီဇအရ စကားပြောနည်းသူဖြစ်သည်။ ခြံနီးချင်းများနှင့်လည်း အချင်းများလိုသောသူမဟုတ်ပေ။ ပိုပြီးအံ့အားသင့်ဖို့ကောင်းသည်က အဘထွန်း၏ခြံစည်းရိုးခိုးခြင်းအမှုကို သူ၏ငါးဆယ်နီးပါး သမီးနှစ်ယောက်ကဝိုင်းပြီးကူညီပံ့ပိုးနေကြခြင်းပင်တည်း။ သူတို့လုပ်ကြသည့် ဘာသာရေးကိစ္စနှင့် လူမှုရေး အပြုအမူများသည်တစ်ခြားစီဖြစ်နေသည်။ နှမျောစရာလည်းကောင်းလှသည်။ မြေခိုးသည့် အမှုသည် မည်မျှကြီးမားသည် ဆိုသည်ကိုမသိကြလေရော့သလား၊ ယခုတော့သားအမိသားအဖသုံးယောက်လုံးသည် ဘဝကအထုံပါခဲ့လေသလားမသိ၊ သူတို့စိတ်ထဲမှာ ခြံခိုးဖို့ပဲသိနေ





သည်။ 'အဒိန္န ဒါနကံ'ကြီးကိုပဲ မှုန်မှုန်ကန်ကန် ကျူးလွန်နေလျက်ရှိနေသည်။ မြေခံရသည်ဆိုခြင်းသည် မိမိခိုးသည့်မြေ၏မြေမှုန့်ရှိသမျှ (မြေမှုန့်တမှုန့်) ခံရခြင်းပင်ဖြစ်သည်။ ငရဲဆိုသည်မှာ တစ်ကယ်ရှိသည်ကို သူတို့မသိကြလေရော့သလား၊နည်းနည်းလေးမှ မကြောက်ကြလေရော့သလား။

သူတို့မိသားစု ခြံခိုးနေသည်ကိုသိကြောင်းပြသမှ ဖြစ်တော့မည်ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်ခြံစည်းရိုးနှင့် အိမ်ကြားတွင်ကျွန်ုပ်မိသားစုက မြောင်းရှည်ကြီး တစ်ခုဖေါက်သည်။သူတို့၏ခြံစည်းရိုးသည် ကျွန်ုပ် ဘက်သို့ထပ်မံရွှေ့လျားလာပါကပြောင်းပြီးစိုက်သော ခြံတိုင်များ သည် မြောင်းထဲသို့ ရောက်လာတော့မည်ဖြစ်သည်။ ထို့ကြောင့် ခြံထပ်မခိုးစေရန် စည်းတားလိုက်ခြင်းပင် ဖြစ်သည်။ (သို့သော် နောက်တစ်လအကြာတွင် သူတို့ဘက်မှ အသစ်စိုက်သောခြံတိုင်များသည် မြောင်းအစပ်သို့ရောက်နေသည်ကို တွေ့လိုက်ရသည်။)ကျွန်ုပ်တို့မိသားစုမှာ အိမ်အလုပ်၊လုပ်ငန်းကိစ္စ၊များပြားလျက် သူတို့မြေခိုးသည့်ကိစ္စကို နေ့စဉ် မကြည့်နိုင်သည်လည်းပါသည်။

တစ်ဖက်ခြံမှမိသားစုများနှင့်ကျွန်ုပ်၏ဇနီး၊ညီအစ်ကိုမောင်နှမများသည် ဆွေရိပ်မျိုးရိပ်မကင်းကြပေ၊ခြံကိစ္စနှင့် ပါတ်သတ်ပြီး သည်းခံနိုင်သမျှ သည်းခံကြသည်မှာ တရားရှိမှု၊ပြည့်ဝသောစိတ်ထားရှိကြမှု၊လူလိုစိတ်ထားမျိုးထားတတ်ကြခြင်းကြောင့်ပင် ဖြစ်ကြသည် လို့ကျွန်ုပ်ချီးကျူးမိသည်။ မချေမငံစကားများမပြောဆိုကြခြင်း တုတ်တပြက်၊ဓါးတပြက်မဖြစ်ကြခြင်းကိုကိုပင် ခံနိုင်ခြင်းစွမ်းရည်အား ပြည့်အဝရှိကြသည်ဟု ဆိုရပေ



www.burmeseclassic.com

www.burmeseclassic.com



မည်။

တစ်ခါ သူတို့သားအဖ ခြံစည်းရိုးကာနေသည်ကို သွားကြည့်မိကြရာ

'ဘာကြည့်[?]လဲ'

ဟု မချေမင်ပြန်ပြီးပြောခြင်းခံကြရသည်။မည်မျှအထိ ခြံခိုးထားကြသနည်းဆိုလျှင် သစ်ပင်ကြီးကိုကျွန်ုပ်ခြံဘက်လာဝါးခြမ်းများနှင့်ပတ်ပြီးကာရံထားလိုက်ကြသည်မှာ ကျွန်ုပ်တို့ဘက်ကိုဗိုက်ပူထွက်လျက်ရှိသည်မှာ မြင်မကောင်းနိုင်၊ ကျွန်ုပ်မှာ သူတို့၏အပြုအမူကို လုံးဝမကြိုက်သော်လည်း၊ ဘုရားရှိခိုးသောအခါ မေတ္တာပို့ခြင်းအမှုကို နေ့စဉ်ပြုလုပ်သည်။ အမျက်ဒေါသမထွက်စေပဲ၊ ဥပေက္ခာဆံဆံနေတတ်အောင်လည်းကြိုးစားသည်။ သူတို့ဘက်မှ ဘုရားရှိခိုးသံ၊ကြေးစည်သံများကိုကြားရတိုင်း၊ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿပါလားဟု သံဝေဂရမိသည်။ ဘုရားကိုကြည်ညိုကြသလို စိတ်ထားလေးကောင်းတတ်မည်ဆိုလျှင် ဝမ်းသာစရာ။အခုတော့. .။

တစ်ဘက်ခြံမှ အဘထွန်းကွယ်လွန်သွားခဲ့သည်။ ဘုရားဒကာ၊ကျောင်းဒကာ၊သိမ်ဒကာ၊ရေတွင်း၊ဇရပ်၊. . ဆိုပြီး ကုသိုလ်ကံကြီးမားလှ၍ သေပန်းပွင့်ခဲ့သည်။ လူတွေစည်လိုက်တာများ အုန်းအုန်းကို ထနေခဲ့သည်။ အသုဘ ပို့စောင့်နေကြသူတွေကလည်း အဘထွန်း၏ ကုသိုလ်ကောင်းမှုများကို အားကျကြသည်။ ချီးမွမ်းထောပနာပြုကြသည်။

အဘထွန်းကတော့နိဗ္ဗာန်ကို တန်းပြီးတော့ရောက်မှာပါ။

ဥဘဲ့မှာ မကျင်လည်တော့ပဲနိဗ္ဗာန်ကိုတန်းပြီး ရောက်နိုင်သူကတော့ ရှားသည်။ အဘထွန်းကို ချက်ချင်းနိဗ္ဗာန်ရောက်နိုင်သူဟု အားလုံးက ကျိန်းသေ ယုံကြည် လိုက်ကြသည်။





သို့သော်. .

နောက်တစ်နှစ်ခန့်ကြာသောအခါ

ကျွန်ုပ်သည် အဘထွန်းဆိုသည့်လူကြီးကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့သည်။ သို့သော် ခြံတိုင်ကိုစိုက်ခြင်း၊ခြံခိုးခြင်း၊မြေခိုးခြင်းအလုပ်ကိုတော့. . သူ၏သမီးနှစ်ယောက် မှန်မှန်ပင်လုပ်ကိုင်လျက်ရှိကြပါသည်။ကျွန်ုပ်ကား ယခုထက်တိုင် ခြံကိစ္စနှင့်ပတ်သက်ပြီး မပြောမဆို နေနေခဲ့သည်။မေတ္တာတော့ မပြတ်ပို့နေဆဲ၊တစ်ခုတော့ရှိသည်။ တစ်ခါတစ်ခါမှာ အဘထွန်းနှင့်ပတ်သက်ပြီး ခေါင်းထဲသို့ဝင်လာတတ်သည့်အတွေးတစ်ခုပင်။

အဘထွန်းသည် မည်သည့်ဘုံဘဝကို ရောက်နေသလဲဟု နိဗ္ဗာန်ကိုတန်းပြီးမရောက်မီ နတ်ပြည်၌ ရွှေဗိမာန်ကြီးနှင့် နတ်သားလေးတစ်ပါးအဖြစ် နတ်သမီးများနှင့်ခြံရံကာ. စံစားနေသလားဟု။

လူဆိုသည်မှာ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ်ဖြစ်သည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ်. . ကျန်းမာရေးကောင်းလှပြီဟု ထင်မိခဲ့သည်။ သို့သောဖြစ်မယ့်ဖြစ်တော့ တစ်နေ့သောအခါကျွန်ုပ်အပြင်းဖျားသည်။ မိသားစုတွေပြုစုနေကြသည့်အထဲက ကိုယ်ပူကြီးကာ မိန်းမောသွားခဲ့လေသည်။ သတိလစ်သွားခဲ့တာလည်း ဖြစ်နိုင်သည်။

ထိုအချိန်တွင် အလင်းခတ်ကြီးတစ်ခုကျလာပြီး. . အသားကခပ်ညိုညို၊ သျှောင်ထုံးစောင်းပေါင်းထားသော လူကြီးတစ်ယောက်သည်ကျွန်ုပ်ဆီသို့ ရောက်လာခဲ့ပြီး. .

'မင်း. . သိပ်သိချင်နေတာ တစ်ခုရှိတယ်၊ ငါပြမယ်. . လိုက်ခဲ့'

မပြုံးမရယ် မျက်နှာထားတင်းတင်းနှင့်ပြောသည်။ ထိုလူကြီးသည်ကြောက်စရာကောင်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သည်။လေးစားစရာလည်းကောင်းသည်။ ကျွန်ုပ်သည် သူ့ကိုမလွန်ဆန်နိုင်ပဲ လိုက်သွားခဲ့သည်။ ထိုလူကြီးကရှေ့က၊ ကျွန်ုပ်ကနောက်က၊ လမ်းလျှောက်ပြီးသွားနေသော်လည်း တစ်နေရာပြီး တစ်နေရာ လျှင်မြန်စွာရောက် သွားခဲ့သည်။ ပတ်ဝန်းကျင်သည်လည်း လင်းသွားလိုက်၊ မှောင်လာလိုက်နှင့် ဖြစ်နေပေသည်။ မည်သည်အရပ်ကို ဦးတည်ပြီးသွားနေကြမှန်းလည်းမသိပေ၊ ပတ်ဝန်းကျင်မြင်ကွင်းသည်လည်း မပြတ်သားပေ၊ မကွဲပြားပေ၊ စိတ်ထဲမှာ တော်တော်ကြာလေး သွားနေရသည်ဟု ထင်မိသည်။

မကြာမီ ကျောက်တောင်မြင့်ကြီးများ ကာဆီးနေသောတောနက်ကြီးထဲကိုရောက်သွားလေတော့သည်။ ကျောက်တောင်ကြီးများက ပတ်ပတ်လည်ကာဆီးနေကြသလို အောက်ခြေမှာသစ်ပင်ကြီးမှာကလည်း ပေါက်ရောက်လျက် ရှိကြသည်။သစ်ပင်ကြီးတွေကလည်းအမျိုးအစားမကျ၊သစ်ကိုင်းများ၊မြစ်ပျဉ်းများ၊အခက်အလက်တွေကလည်း. . အမျိုးအစား မကျကြ။ မိစ္ဆာကောင်များ၏ လက်တံခြေတံများလိုလိုတစ္ဆေသူရဲလိုလိုကြောက်စရာသဏ္ဍာန်များဖြစ်နေကြသည်။

ထိုစဉ်. . နားမချမ်းသာစရာအော်သံများကိုကြားလာခဲ့ရသည်။ထိုအသံများသည် အသည်းခိုက်နာကျင်ပြီး၊ရိုးတွင်းချဉ်ဆီထဲမှ နင့်နဲစွာထွက်ပေါ်လာသောအသံများပင်ဖြစ်သည်။

'အောင်မယ်လေး. . ကြောက်ပါပြီဗျ၊ ကယ်ပါဦးဗျ'

'ကြောက်. . ကြောက်လှချည်ရဲ့နောက်ကို ဘယ်တော့မှ မလုပ်တော့ပါဘူးရှင့်'

ယောကျ်ားသံ၊မိန်းမသံများသည် ပွက်ပွက်ထ အောင်ဆူညံ





လျက်ရှိကြသည်။ တောင်ကြီးများပေါ်ကို ကုပ်တွယ်ကာတက်နေကြသူများသည် ချွန်ထက်သော ကျောက်ဆူးများကြောင့် ခြေ၊ လက်၊ ရင်ပတ်၊ ပေါင်၊ ခြေသလုံး၊ စသည်တို့သည် သွေးချင်းချင်းနီရဲလျှက် ရှိကြသည်။

ကျောက်တောင်ကြီးမှာ နေရာအနှံ့ ပေါက်နေကြသော ကျောက်ဆူးများကြောင့် အောက်ကိုပြုတ်ကျကြသူများလို လူတစ်ရပ်မက ကြီးမားကြသောငရဲခွေးကြီးများက လိုက်ကိုက်ကြသည်။ ချွန်ထက်သော အစွယ်ဖွေးဖွေးကြီးများက ထိုသူတို့၏ အသားများကိုကိုက်ဆွဲပစ်ကြသည်။ နာကျင်စွာအော်ဟစ်ကြသူများသည် ဆူးအတိပြီးသော ကျောက်တောင်ကြီးများပေါ်သို့ တွယ်တက်ကာပြေးကြသည်။ထိုအခါ ကျောက်ဆူးများက ဆူးကြသောကြောင့် သွေးမ်းရှင်ရှင်ထွက်ကာ အော်ကြရပြန်သည်။ ဤသို့ဖြင့် တောင်အောက်ကိုပြုတ်ကျသွားလိုက်၊ ခွေးများကဆွဲလိုက်၊ ကျောက်တောင်ကြီးပေါ် တွယ်တက်လိုက်နှင့် ငရဲကျခံနေကြရသည်။

လူ့ဘဝကမည်သို့သော အကုသိုလ်များလုပ်ခဲ့ကြ၍ ယခုလို ငရဲကျ ခံနေကြရသနည်း ဆိုတာကိုမသိရပေ။

ထိုအပြင် အထိတ်တလန့်မြင်ကွင်းများကိုကား စိတ်မချမ်းသာစရာထပ်မံပြီးမြင်တွေ့နေရသည်။လူတစ်ယောက်သည် ပါးစပ်ထဲ ကန်တော့ကြီးတစ်ခု ကိုအတပ်ခံရကာ ရေနွေးပူများလောင်းထည့် ခြင်းကိုခံနေရသည်။ ဗိုက်ကြီးက ပူဖောင်းလာကာ ခံများမှာ အော်ပင်မအော်နိုင်ရှာ။ နောက်တစ်နေရာကတော့ လူနစ်စွာမှ ကြီးမားသော ဒယ်အိုးကြီးထဲမှာ ဆီပူများက ပွက်ပွက်ထအောင်ဆူပွက်နေပြီး လူတော်



www.burmeseclassic.com

www.burmeseclassic.com



တော်များများမှာ ယောက်ျား၊ မိန်းမ မကျန် ဆီပူအိုးကြီးထဲသို့ တစ်ယောက်ပြီးတစ် ယောက်ခုန်ချနေကြရသည်။

သူတို့၏အော်သံ၊ဟစ်သံ၊ များမှာ နားမချမ်းသာစရာကောင်းသလို၊ ကြောက်စရာလည်းကောင်းသည်။

နောက်တစ်နေရာသို့ ရောက်သွားသောအခါ လူတစ်စုသည်မြေမှာပက်လက်လဲနေကြရကာ ပါးစပ်ကြီးတွေကိုဖြဲထားကြရသည်။ မျက်နှာကင်းတင်းနှင့် လူမည်းကြီးများသည် မြေသားများထဲ့ထားသော ပုံးကြီးများကိုထမ်းပြီးယူလာကြကာ သူတို့ပါးစပ်ထဲသို့ လောင်းထည့်ကြသည်။ အောက်မှလူများသည် မြေကြီးများကို မျိုချကြရသည်။ မမျိုချနိုင်သောလူများကို ကျည်ပွေ့နှင့်တူသော အရာကြီးများနှင့် ဆောင့်ထည့်ကြလေသည်။မြေကြီးများကို ဗိုက်ကြီးပူဖောင်းလာသည် အထိဖြို့ချကြရသည်။ လွန်စွာမှ ကြက်သီးတစရာကောင်းသောမြင်ကွင်းပါ။

ထိုစဉ် ကျွန်ုပ်သည် ငရဲခံနေကြရသူတွေအထဲမှာ လူတစ်ယောက်ကို တွေ့လိုက်ရသောအခါ လွန်စွာမှ အံ့အားသင့် သွားခဲ့လေ၏။အထိတ်တလန့်လည်း ဖြစ်သွားခဲ့ရလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူသည် အခြားသူမဟုတ်၊ အဘထွန်း ပင် ဖြစ်နေသောကြောင့်ပင်တည်း၊ အဘထွန်း သည် လူမည်းကြီးလေး ယောက်ဝိုင်းချုပ်ထားခြင်းကိုခံရကာ တစ်ယောက်က ပါးစပ်ဖြဲထားပြီး တစ်ယောက်က ပုံးတစ်လုံးထဲမှ မြေကြီးများကိုပါးစပ်ထဲသို့လောင်းထည့်နေသည်။ အဘထွန်းမှာ မြေကြီးများ မချိမဆန့် ဝါးစားနေရသည်။ဗိုက်ကြီးဖောင်းပူလာသည် အထိ စားနေရသည်။





'နင်မြေကြီး ကြိုက်တယ်မဟုတ်လား၊စားစမ်း၊ဝအောင်စားစမ်း'

တစ်ဦးက ထိုသို့ပြောပြီး နောက်တစ်ဦးက ဗိုက်ပေါ်သို့ တက်ခုန်လေရာ မြေကြီးများ ပါးစပ်ထဲမှ ပြန်ထွက်လာခဲ့ကြသည်။ ဤသို့ဖြင့်မြေကြီးတွေကို ပါးစပ်ထဲထည့်ပြီးစားခိုင်းလိုက်၊ ဗိုက်ပေါ်တက်ခုန်လိုက်နှင့် အကြိမ်ပေါင်းများစွာ ပြုလုပ်နေကြသည်။ အောက်မှ ခံနေရသူများသည် မသက်သာလှပါ။

'ကဲ၊မင်းမြင်ချင်တာမြင်ရပြီမဟုတ်လား၊သူတစ်ပါးရဲ့မြေကိုခိုးရင်၊ ခြံကိုခိုးရင်. . သည်လိုပဲ ခံရလိမ့်မယ်၊ ငရဲဆိုတာတစ်ကယ် ရှိတယ်၊ မင်းလည်းကုသိုလ်ကောင်းမှုတွေဆက်လုပ်၊ မင်းပြုလုပ်ခဲ့တဲ့ကုသိုလ်တွေ အတွက် ငါ့ကိုလည်း အမျှဝေပေးပါ၊ မေတ္တာသုတ်လည်းရွတ်ပေးပါ၊ ကဲ. . လာ၊ မင်းကို ငါပြန်ပို့ပေးမယ်'

ကျွန်ုပ်သည် အဘထွန်းကို စိတ်မချမ်းမြေ့စွာဖြင့် လှည့်ကြည့်လှည့်ကြည့်ပြုကာ ထိုပုဂ္ဂိုလ်ကြီး၏နောက်ကိုလိုက်သွားသည်။ ကျွန်ုပ်ကို အိမ်ထဲသို့ တွန်းပို့လိုက်ပြီး. . မကြာမီပင် သတိပြန်ရလာခဲ့လေ၏။ထိုအခါ အိမ်သူအိမ်သားများ၏ ဝမ်းသာအားရ ပြောလိုက်ကြသော အသံများက ထွက်ပေါ် လာခဲ့ကြလေသည်။

'ဟော. အဖေသတိရလာပြီ'

ကျွန်ုပ် ကျန်းမာရေး ကောင်းလာခဲ့သည်အထိ ဆို အဖြစ်အပျက်ကို မည်သူ့ကို[illegible] မပြောခဲ့ပါ။အိမ်သားများကို[illegible] မပြောပြခဲ့ဖူးပါ။ ကျွန်ုပ်သခန်း[illegible] ရခဲ့ပါသည်။မည်မျှပင် [illegible] ကောင်းမှုလုပ်လုပ် [illegible] က တစ်ပါးပါးကို[illegible] ထိုအကုသိုလ်၏ အကျိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည် သေလွန်ပြီးသည့်တိုင် တမလွန်မှာ ပြန်ပြီးတော့ ပေးဆပ်ရသည်။ 'အဒိန္နဒါန'ကံထဲ တွင် မြေခိုးမှုသည်လည်း မည်မျှအပြစ်ကြီးများကြောင်း လက်တွေ့သိခဲ့ရလေပြီ၊ ခေါင်းရင်းခြံမှ အမျိုးသမီးနှစ်ယောက်ကတော့ အဘ ထွန်း မည်သည့်ဘဝကို ရောက်နေသလဲ ဆိုတာသိကြမှာမဟုတ်။ အဘထွန်း ၏နေရာကို ဝင်ယူပြီးခြံစည်းရိုးကာခြင်း၊ ခြံတိုင်များကို ရွှေ့စိုက်ခြင်းများကို ဆက်လက်၍ပြုလုပ်နေကြမြဲသူတို့သေလွန်ပြီးသော အခါနောင်တမလွန်တွင် ကံကြမ္မာသည်မည်သို့ရှိလေမည်နည်း။

မင်းစက္က





www.burmeseclassic.com

www.burmeseclassic.com



# ရမ္မက်မျက်ကန်း

ငြိမ်းအေးဇော်

ဇရာဝတီမြစ်ရေပြင်ပေါ်၌ ရေလှိုင်းဂယက်များ တဖျတ်ဖျတ် တလှုပ်လှုပ်တောက်ပ၍နေလေသည်။ ကျွန်းသောင်းခုံပြင်ကြီးမှာကား လဇရောင်အောက်တွင် ပြောင်လက်လျက်ရှိသည်။

ညလေပြေသည် တစ်ချက်တစ်ချက်သောင်ခုံပေါ်က သဲတွေကြွတက်လာသည်အထိ တိုက်ခတ်လာတတ်သည်။

သူတို့အနီးတွင် ထန်းရည်ဝါးကျည်တောက်သုံးလုံးမှာ တုံးလုံးလဲလျက်ရှိနေပြီ. . ဒေါ်ဝက်မ အကြော်စုံပန်းကန်မှာလည်း အကြော်စတစ်စပင် မကျန်တော့. .

ကျောက်ဒိုးနှင့် ကျော်သိန်းတို့သည် လက်ပံကုန်းရွာသားများ ဖြစ်ကြပြီး သူတို့နှစ်ယောက်မှာ ငယ်သူငယ်ချင်းများလည်း ဖြစ်ကြသည်။ ထန်းရည်သောက်ရာတွင် သူတို့နှစ်ယောက်ကို လက်ပံကုန်းရွာသားများသာမက ရွာနီးချုပ်စပ်က ရွာသားများပင်လိုက်မမီရှိခဲ့သည်။

သည်ညတော့ ကိုရင်သာငြိမ်း. . ထန်းရည်ထဲမှာ သောက်ရသည်မှာ ညီးငွေ့စရာကောင်းသည်ဟုဆိုကာ ထန်းရည်ဝါးကျည်တောက်သုံးလုံးနှင့် ဒေါ်ဝက်မအကြော်တစ်ပန်းကန်တို့ကို တစ်ပါတည်းယူဆောင်၍ ကျွန်းသောင်ခုံပေါ်သို့ လှေဖြင့် ကူးလာပြီး

www.burmeseclassic.com



ကျောက်ဒိုးက ကျော်သိန်းလက်နှစ်ဖက်ကို လှေရှိရာသို့ဆွဲခေါ်လာရင်း. .

"မပြန်လို့ဖြစ်မလားကွ၊ အအေးပတ်ပြီး သေသွားမှာပေါ့"

ဟုပြောသည်။ ကျော်သိန်းသည် အမူးလွန်နေသူဖြစ်၍ ကျောက်ဒိုးဆွဲခေါ်ရာနောက်သို့ ကန့်လန့်ကန့်လန့်နှင့်ပါ၍ သွား၏။ ထိုသို့ပါလာရာမှ. .

"ကျောက်ဒိုး. . ငါ့လက်တွေကိုလွှတ်. . ငါ မင်းနောက်မလိုက်ဘူး၊ ဒီသဲပြင်ပေါ်မှာ အိပ်မလို့. ."

ဟု ပြောလေသည်။ ကျောက်ဒိုးသည် အမူးပြေသေးသည်မဟုတ်၍ အမူးသမားအချင်းချင်းအမူးပြိုင်မည့် အနေအထားမျိုးရှိသည်။

"ကျော်သိန်း. . မင်း ငါ့ကိုမရစ်နဲ့နော်၊ မင်းရစ်လို့ကတော့ ငါကလည်း ရစ်မှာကွ. . သိလား"

"ဟား ဟား ဟား ကျော်သိန်းကို ပြိုင်လို့ရမလားကွ"

"ကဲ. . ရစ်ဦးကွာ. ."

ကျောက်ဒိုးက ပြောပြောဆိုဆိုကျော်သိန်းကို ကိုင်မြှောက်ကာလှေဝမ်းထဲသို့ ပစ်ချလိုက်သည်။

"ဝုန်း. ."

"အား"

"ဟေ့ကောင် ကျောက်ဒိုးဖြည်းဖြည်းလုပ်လေကွာ၊ ငါ့ ခါးရိုးကျိုးသွားပြီလား. မသိဘူး၊ အား ကျွတ်. . ကျွတ်. . ကျွတ်. ."

ကျောက်ဒိုးသည် ဘာမှဆက်မပြောတော့. . လှေပေါ်သို့ ရေထဲမှခုန်၍တက်ပြီး လှော်တက်ကိုကိုင်. . လှေကြိုးကိုရှိက်ချကာ လှေကို လှော်ခတ်လေတော့သည်။

❖ ❖ ❖

ထိုညက ရောဝတီမြစ်အေးပြင်တွင် လှေတစ်စင်းမှောက်သွားသည်။ ထိုလှေမှာ ကျောက်ဒိုးလှော





သောက်ကြစားကြသည်။ အော်ကြဟစ်ကြသည်။

သည်လိုနေရာမျိုးတွင် ဘယ်လောက်ေ ်-အော်. . ဘယ်လောက်ဟစ်ဟစ်. . ဘယ်သူမှ မကြားနိုင်. . ဘကြီးငြိမ်း ယာခင်းမှာ သူတို့နှင့် အတော်ကြီးအလှမ်းဝေးသည်။

"သောက်. . ကျော်သိန်း စိတ်ရှိတိုင်းသာသောက်. ."

ကျောက်ဒိုးကပြောရာ ကျော်သိန်းက အာလေးလျှာလေးဖြင့်. .

"မင်းက မြို့ပွဲရုံမှာ အလုပ်ရပြီဆိုပြီး အပေါ်စီးနဲ့တော့ မတိုက်နဲ့နော်. ."

ဟု ပြန်ပြောသည်။ ပြောရင်းမူးနေသဖြင့် သဲပြင်ပေါ် ဘိုင်းကနဲလဲကျသွားသည်။

ကျော်သိန်းသည် ထန်းရည်သောက်လျှင် အလွန်သွေးဆိုးသူဖြစ်သည်။ ကျော်သိန်းနှင့်အရက် ထန်းရည်အတူတူသောက်မိပါက ကျော်သိန်းသွေးဆိုးသည့် ဒဏ်ကို အတော်သည်းခံကြရသည်။

သည်ညတွင်လည်း ကျော်သိန်းသည် အရူးတစ်ယောက်လို သဲပြင်ကျယ်ကြီးပေါ်တွင် ပြေးကာလွှားကာ အော်ကာဟစ်ကာနှင့် တစ်ခါတစ်ခါ ကျော်သိန်းသည် ကျောက်ဒိုးကို တွန်းကာတိုးကာဂွမ်းထိုးကာနှင့် ပျော်ချင်တိုင်းပျော်၍နေသည်။

အချိန်မှာ အတော်ကြီးညဉ့်နက်လာပြီဖြစ်၍ ကျောက်ဒိုးက စတင်ကာ. .

"ကဲ. . ကျော်သိန်း အချိန်မနည်းတော့ဘူး. . တို့ပြန်ကြမယ်"

ဟုပြော၏။ ကျော်သိန်းကမူ. .

"ဟေ့ကောင် ကျောက်ဒိုး ဒီညသဲပြင်ပေါ်မှာပဲ အိပ်မယ်. . မပြန်ဘူး. ."

ဟု ပြန်အော်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



လာသည့်လှေပင်ဖြစ်သည်။ လှေမှောက်သဖြင့် ကျောက်ဖိုးရော.. ကျော်သိန်းပါ နှစ်ယောက်စလုံး မှောက်နေကြောင်းသိကြရသဖြင့် လက်ပံကုန်းတစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားရလေသည်။

ကျောက်ဖိုး၏ဇနီး မိကျော့မှာကား ဆောက်တည်ရာမရဖြစ်နေသည်။ သူကြီး ဦးထွန်းက..

"ဟဲ့ မိကျော့၊ ဘာဖြစ်လို့ ဒီလောက်တောင်ငိုနေရတာလဲ.. နင့်ယောကျ်ားရော.. ကျော်သိန်းရော.. ရေမကူးတတ်တာမှမဟုတ်ဘဲ.. သေမယ် မထင်ပါဘူး.."

ဟု နှစ်သိမ့်စကားပြော၏။

မိကျော့ကား သူကြီးဘာပဲပြောပြော လင်ယောကျ်ားအပေါ် စိုးရိမ်မြဲစိုးရိမ်နေသည်။

သို့နှင့် မိကျော့က..

"သူတို့ရေကူးတတ်ပေမယ့်.. ကျွန်းသောင်ခုံပေါ်မှာ ထန်းရည်အမူးသောက်နေကျဆိုတော့.. အခုလည်း သောက်ထားကြမှာပဲ.. ဒီတော့ မူးနေတဲ့သူ ရေကူးနိုင်ပါ့မလား.. သူကြီးရယ်၊ ကူးနိုင်တော့ရော.. ဒီဘက်ကမ်းရောက်အောင် ကူးနိုင်ပါ့မလား"

ဟု ပြောသည်။

ထိုစဉ် ကျော်သိန်း၏ မိခင်ကြီးဒေါ်ဖွားသန်းသည် သူကြီးအိမ်ရှေ့ရှိ လူအုပ်ကြားထဲမှ တိုးဝှေ့ထွက်လာကာ..

"အမလေး သူကြီးရယ်၊ ကျုပ်သားလေး သေပြီလားတော် သွားမရှာပေးကြဘူးလား.."

ဟု မေးပါတော့သည်။

သူကြီး ဦးထွန်းသည် သူ့မျက်မှန်ကိုင်းနှာရိုးပေါ် လျှောကျနေသည်ကို လက်ညှိုးဖြင့် မ၍ တင်လိုက်ကာ..

"မရှာဘဲနေပါ့မလား.. ဒေါ်ဖွားသန်းရယ်၊ ရှာတာမှ အဖွဲ့သုံးဖွဲ့ခွဲပြီးရှာတာ၊ ခုနကပဲ တစ်ဖွဲ့ပြန်ရောက်လာတယ်.."





ဟု ပြောသဖြင့် ဒေါ်ဖွားသန်းက..

"သူတို့ ဘာပြောသလဲ ကျုပ်သားကို တွေ့သလား.."

ဟု အငမ်းမရမေးလေတော့သည်။ သူကြီးဦးထွန်းက စိတ်ရှုပ်လှသော အမူအရာဖြင့်..

"ပြန်လာတဲ့ အဖွဲ့က ကျွန်းသောင်ခုံပေါ်က ပြန်လာတာ အဲ့ဒီမှာ ထန်းရည်ဝါးကျည်တောက် ခွံသုံးလုံးတွေ့ခဲ့ရတယ်တဲ့.. ဒေါ်ဖွားသန်း သားက ထန်းရည်သောက်တာ သာငြိမ်းထန်းထဲမှာ မသောက်ဘဲ ဟိုကျွန်းသောင်ခုံပေါ်မှာသွားသောက်တာကိုး.."

ဟု စိတ်တိုတိုဖြင့် ပြောသည်။

"သူကြီးရယ်၊ သူတို့ သူငယ်ချင်းတွေ အရင်ကလည်း အခုလိုသောက်ခဲ့ကြတာပဲ.."

"အေးလေ အဲ့ဒီလို အတတ်ဆန်းလို့လည်း အခုလို လှေမှောက်ပြီးသေကိန်းဆိုက်နေပြီမဟုတ်လား.."

သူကြီးဦးထွန်းစကားပင် မဆုံးတတ်သေး.. မြစ်ထဲသွားရှာသောသုံးဖွဲ့အနက်မှ တစ်ဖွဲ့ဖြစ်သော ကိုရင်သာငြိမ်းတို့အဖွဲ့ပြန်ရောက်လာသည်။

သူတို့အဖွဲ့မှာ လူချည်းလာကြသည်မဟုတ်.. လူလေးယောက်ထမ်းဝါးကပ်တစ်ခုအထက်တွင်.. လူသေအလောင်းတစ်လောင်းကို တင်၍ သယ်ဆောင်လာခြင်းဖြစ်သည်။

"ဘယ်သူလဲ.."

"ကျော်သိန်းလား.. ကျောက်ဖိုးလား"

"မသိသေးပါဘူးဆိုနေမှ"

သူကြီးအိမ်ရှေ့ရှိ ရွာသူရွာသားများမှာ လှုပ်လှုပ်ရှားရှား ဆူဆူညံညံဖြစ်နေသည်။

"ဘေးဖယ် ဘေးဖယ်.."

ရွာသားတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ရွှေသို့ခေါင်းတစ်လုံးပို၍ တိုးကြည့်နေကြသော ကလေးတွေ၊ လူကြီးတွေအားလုံးကို ဘေးဖယ်ခိုင်းနေသည်။

ထိုအချိန်၌ မိကျော့နှင့် ဒေါ်ဖွားသန်းတို့မှာ ပါးစပ်အဟောင်းသား. . မျက်လုံးတွေပြူးကျယ်လျက်. .

ခုတော့ သူတို့သည် ဝါးကပ်ပေါ်က လူသေအလောင်းကိုမကြည့်ဝံ့တော့ပေ။

မိကျော့သည် သူ့ယောက်ျားကျောက်ဒိုးဖြစ်နေလေမလားဟု စိုးရိမ်ထိတ်လန့်နေသည်။

ဒေါ်ဖွာသန်းသည်လည်း စိတ်ထဲမှ . .

"ငါ့သားလေး မဖြစ်ပါစေနဲ့"

ဟု အဆက်မပြတ်ရေရွတ်၍နေလေသည်။

ထိုအဖွဲ့ကို ဦးဆောင်လာသူတို့က ဝါးကပ်ပေါ်တင်လာသောအလောင်း၊ မည်သူ့အလောင်းဖြစ်သည်ကို သူကြီးဦးထွန်းရွှေ့ရောက်သည်အထိ ထုတ်ဖော်မပြောသေးပေ. .

သူတို့မှာ လက်ပံကုန်းရွာသားများဖြစ်သဖြင့် သေသူအပေါ် စိတ်မကောင်းဖြစ်နေကြဟန်တူသည်။

သူကြီးဦးထွန်းက အလောင်းပေါ်လွှမ်းလာသော အဝတ်ကိုလှပ်လိုက်ပြီး. .

"ဟာ. . ကျော်သိန်းပါလား. ."

ဟု ပြောလိုက်လေသည်။

သူကြီးဦးထွန်းက ထိုသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ကျော်သိန်း၏ မိခင်ကြီးဒေါ်ဖွားသန်းမှာ အော်ဟစ်ငိုယိုပါတော့သည်။

"အမလေး သားလေး ကျော်သိန်းရဲ့ အခုတော့ သေပါပေါ့လား၊ အမေလာပြီ သားလေးရေ. . ထပြီးကြည့်ပါဦးတော့လား"

❖ ❖ ❖





ထိုနေ့ညနေပိုင်းတွင်ကား မြစ်ထဲရှာဖွေသော နောက်ဆုံးအဖွဲ့ကမြစ်အောက်ဖက်အကွေ့အတွင်းမှ ကျောက်ဒိုးကိုတွေ့ရှိခဲ့လေသည်။ သို့သော်. . ကျောက်ဒိုးကား မသေ အသက်ရှင်လျက်သား. .

ထိုအမှုကို လက်ပံကုန်းရွာ အပိုင်စာသင်ကိုဖေအောင်သည် မတော်တဆအမှုအဖြစ် သတ်မှတ်ကာအမှုပိတ်လိုက်မည့် အခြေအနေရှိနေသည်။

သို့သော်. .

စာသင်ကိုဖေအောင်သည် လူ့သေကိုမတော်တဆမှုအဖြစ်မသတ်မှတ်တော့ဘဲ လုပ်ကြံသတ်ဖြတ်သည့် လူသတ်မှုအဖြစ် သတ်မှတ်လိုက်လေသည်။

အကြောင်းသော်ကား. .

ကျော်သိန်းအသုဘမြေချပြီးသည့်နေ့တွင် မိကျော့က. .

"ကျွန်မအပြစ်တွေပါပဲ ဲ့ကျော်သိန်းရယ်. ."

ဟု စကားတစ်ခွန်း အမှတ်မထင် ပြောလိုက်သည်ကို ကိုဖေအောင်ကြားလိုက်ရသောကြောင့်ဖြစ်ပေသည်။

ထို့ကြောင့် ကိုဖေအောင်က ထိုအမှုကို ကွင်းဆင်းစုံစမ်းခဲ့လေရာ အဖြစ်မှန်မှာ ရုပ်လုံးပေါ်လာပါလေတော့သည်။

ကျော်သိန်းနှင့် ကျောက်ဒိုးတို့သည် မိကျော့ကို အပြိုင်ပိုးခဲ့ကြသူများဖြစ်သည်။ မိကျော့သည် ကျော်သိန်းကို စိတ်ဝင်စားနေသူဖြစ်လေရာ ကျောက်ဒိုးသည် မိကျော့ကို လက်လွှတ်ဆုံးပါးရမည်အား မလိုလားတော့ပေ. .

သို့နှင့်. .

ကျောက်ဒိုးသည် မိကျော့ကိုအောက်ရွာသို့ လေ[illegible] အချိန်လင့်စေလျက် မိ[illegible] ရအောင်ကြံခဲ့လေသည်။

နောက်ပိုင်းတွင် [illegible] သည် မိကျော့မိဘ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရောက်တောင်းရမ်းလက်ထပ်ခဲ့ခြင်း ပင်ဖြစ်သည်။

ကျောက်ဒိုးမိဘများမှာ စီးပွားရေးအခြေအနေကောင်းသူ များဖြစ်နေသောကြောင့် မိကျော့ မိဘများက ကျောက်ဒိုးနှင့်မိကျော့ ကိုသဘောတူညီခဲ့ခြင်းဖြစ်သည်။

ကျော်သိန်းသည် မိကျော့ ကို မရလိုက်သော်လည်း ကျောက်ဒိုး နှင့်ယခင်ကလို ပေါင်းသင်းမြဲ ပေါင်းသင်းခဲ့သည်။

အရက် . . တန်းရည် သောက်လျှင်လည်း ယခင်ကလိုပင် အတူသောက်စားခဲ့ကြသည်။ ကျောက်ဒိုးမြို့ပွဲရုံသို့ အလုပ်ကိစ္စ အတွက်သွားရောက်သောအချိန်တွင် ကား မိကျော့နှင့် ကျော်သိန်းတို့ တိတ်တဆိတ်တွေ့နေကြသည့် အကြောင်း အိမ်နီးချင်းတချို့ဆီမှာ သတင်းထွက်ပေါ်လာလေသည်။

ထိုသို့သတင်းထွက်နေ သော်လည်း တကယ်တမ်းတွေ့သူ အလွန်နည်းပါးသည်။ မိကျော့ရော၊ ကျော်သိန်းပါ ချိန်းတွေ့ကြလျှင် ပိပိရိရိရှိကြသောကြောင့်ဖြစ်သည်။

ကျောက်ဒိုးသည် မိကျော့ နှင့် ကျော်သိန်းတို့၏သတင်းကို အနံ့ရ၍ မိကျော့ကို လျှပ်တပြက် စစ်ဆေးမှုမျိုးပြုလုပ်ခဲ့ဖူးသည်။ သို့သော် သူကြားရသော သတင်း စကားမျိုးမဟုတ်သောကြောင်း သိခဲ့ရလေရာ ထိုကိစ္စမှာ မလိုသူ များ၏ ဘေးမယောဂသာလျှင် ဖြစ်မည်ဟု မှတ်ယူလိုက်လေသည်။

သည်လို ကျောက်ဒိုးမှတ် ယူထားလိုက်ပြီးကာမှ မမျှော်လင့် သောအခြေအနေတစ်ခုကို ကျောက်ဒိုးတွေ့ရှိလာရလေတော့ သည်။

ထိုအခြေအနေမှာကား-

ကျောက်ဒိုးအိမ်ရှိ ဆေး လိပ်ပြာခွက်ထဲက ဆေးပေါ့လိပ်တို တစ်ခုကို တွေ့ရှိလာရသောကြောင့် ပေတည်း . .





ထိုဆေးပေါ့လိပ်တိုသည် ကျောက်ဒိုးသောက်သော ဆေးပေါ့ လိပ်တိုမဟုတ် . . ကျော်သိန်း သောက်သော ဆေးပေါ့လိပ်တိုဖြစ် နေသည်။ အကြောင်းမူကား . . ဆေးပေါ့လိပ်ချင်းတံဆိပ်မတူ သောကြောင့်ဖြစ်ပေသည်။

ကျောက်ဒိုးသည် ထို ဆေးလိပ်ပြာခွက်ထဲမှ ဆေးပေါ့ လိပ်တိုငါးတိုအထိ စုဆောင်းပြီး နောက်တွင် ကျော်သိန်းအား ကျွန်းသောင်ခုံသဲပြင်ပေါ်သို့ခေါ်၍ ထန်းရည်သောက်ပွဲကျင်းပခဲ့ခြင်း ဖြစ်သည်။

စာသင်ကိုဖေအောင် သည်ရှာဖွေရရှိထားသော အထောက် အထားများအရ ကျောက်ဒိုးကို ကျော်သိန်းအား အကွက်ချ၍ လုပ်ကြံသတ်ဖြတ်ခဲ့သူ လူသတ် သမားအဖြစ်အမှုဖွင့်ပြီး ဖမ်းဆီး စစ်ဆေးသောအခါတွင်ကား . .

ကျောက်ဒိုးသည်လည်း ထိန်ချန်မထားတော့ဘဲ မိမိသိနေ မိကျော့နှင့် ကျော်သိန်းဖောက်ပြ နေသည်ကို သိလိုက်ရ၍ ယခု ကျော်သိန်းအား စိတ်လိုက်မာန်ပါ လုပ်ကြံသတ်ဖြတ်ခဲ့မိကြောင်း ဝန်ခံပါလေတော့သည်။

"ဟုတ်ပါတယ်၊ ကျွန်တော် ကျော်သိန်းကို သတ်ခဲ့မိပါတယ် ကျွန်တော် သူ့ကို လှေဝမ်းထဲ ပစ်ချလိုက်တဲ့ အချိန်မှာ ဝ ကျော်သိန်းဟာ ခါးရိုးကျိုးသွားခဲ့ ပါတယ် . . နောက်တော့ ကျွန်တော် လှေပေါ်တက်ပြီး လှော်ခတ်ခဲ့ပါ တယ် . . တကယ်တော့ ကျွန်တော် ကအမူးကြီးသောက်ခဲ့တာမဟုတ် ပါဘူး . . သူ့ကိုသာ ကျွန်တော်တ မူးအောင်တိုက်ခဲ့တာပါ၊ လှေ ရေလယ်ရောက်တော့ ကျွန်တော် က . . သူ့ကို ရေထဲကိုပစ်ချလိုက် ပါတယ်၊ ခါးရိုးကျိုးနေပြီဖြစ် သူဟာမှမတတ်နိုင်ဘဲ ရေထဲမြုပ် သွားပါတယ် . . မူးလည်း အရမ်း



www.burmeseclassic.com

www.burmeseclassic.com



မူးနေပြီလေ. . နောက်တော့ ကျွန်တော်က ကမ်းစပ်နားအထိ လှေကိုလှော်သွားပြီး ကမ်းစပ်နား အထိလှေကို လှော်သွားပြီး ကမ်း စပ်နားရောက်မှ လှေကို မှောက် ပစ်လိုက်ပြီး ရေထဲတွန်းလွှတ်လိုက် ပါတယ်. .

ကျွန်တော်ကတော့ မြစ် အောက်ဖက်က အကွေ့နားကို သွားပြီး ခိုနေခဲ့မိတာပါ. . ”

ကျောက်ဒိုးက အထက်ပါ အတိုင်းဝန်ခံလေသည်။

စာသင်ကိုဖေအောင်မှာ ကား. . ကျော်သိန်းရေနစ်သေဆုံးမှု ကိုမတော်တဆအဖြစ် မယူဆမိ သည့်အတွက် ကျေနပ်သွားရုံမက အမှန်တရားကို မည်သို့သော နည်းနှင့်မျှ ဖုံးကွယ်မရမှန်း ပို၍ သိရှိလိုက်ရပါလေတော့သည်။

ကျောက်ဒိုးကား မိစ္ဆာ အတွက်ဆိုလျှင် ဘာမှမမြင်. . မျက်ကန်းတစ်ယောက်သာ. .

စင်စစ်ကျောက်ဒိုးကား. . ရမ္မက်မျက်ကန်းပင် မဟုတ်ပါ လော. .

❖ ❖ ❖

ငြိမ်းအေးနော်





www.burmeseclassic.com



# "ဘဝရဲ့ ဂမ္ဘီရ"

**မြအုန်းဆက်**

"ဘဝဆိုတာ ဘာလဲ . ."

ကျွန်တော်က ကျွန်တော့်ရဲ့ အခန်းကျဉ်းကလေးထဲမှာ ငြိမ်သက်စွာ လှဲလျောင်းနေမိရင်းမှ စဉ်းစားတွေးတောနေမိသည်။

"ဘဝဆိုတာ တကယ်တော့ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတစ်ပုဒ်ပါပဲ . ."

ကျွန်တော့်ရဲ့ မိတ်ဆွေစာရေးဆရာတစ်ယောက်ရဲ့ ပြောစကားကို ကျွန်တော့်နားထဲမှာ ကြားယောင်လာမိသည်။

"ဘဝဆိုတာ အချစ်ဝတ္ထုတစ်ပုဒ်မဟုတ်ဘူးလားဗျာ . . ."

ကျွန်တော်က မေးလိုက်သောအခါ မိတ်ဆွေစာရေးဆရာက . .

"အချစ်ဝတ္ထုရေးသူ တစ်ယောက်ရဲ့အမြင်မှာ ဘဝဆိုတာ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ကောင်းဖြစ်နိုင်ပါတယ် အဲဒီလိုပဲ ဂမ္ဘီရဝတ္ထုရေးသူတစ်ယောက်ရဲ့ အမြင်မှာလည်း ဘဝဆိုတာ ဂမ္ဘီရဝတ္ထုတစ်ပုဒ်ပဲပေါ့ . . .

ဂမ္ဘီရဆိုတဲ့ အဓိပ္ပါယ်က လျှို့ဝှက်နက်နဲဆန်းကြယ်တဲ့သဘောကို ဆိုလိုတာ မဟုတ်လား . . ဘဝဆိုတာကို သေသေချာချာလေ့လာကြည့်ရင် လျှို့ဝှက်နက်နဲဆန်းကြယ်နေတာကို တွေ့ရလိမ့်မယ် . . .

လူတစ်ယောက်ဟာ မွေးဖွားလာပြီဆိုကတည်းက အဲဒါဟာ သူ့ရဲ့ ဘဝစတင်ဖြစ်တည်လာတာပဲ . .

သူဟာ ဘယ်ကလာတာလဲ . . ဘယ်လိုအဓိပ္ပါယ်နဲ့ မွေးဖွားလာတာလဲ သူ့မှာ ဘယ်လိုကုသိုလ်ကံ . . အကုသိုလ်ကံတွေပါလာသလဲ . . ဘယ်လိုရည်ရွယ်ချက်နဲ့ လောကကို သူရောက်လာတာလဲ . . လောကမှာ သူဘယ်လိုရှင်သန်နေထိုင်သွားမှာလဲ . . သူလောကမှာ နေထိုင်ရှင်သန်စဉ်ဘယ်အရာတွေနဲ့ ကြုံတွေ့ရမှာလဲ . . ဘယ်လိုကံကြမ္မာ

www.burmeseclassic.com



ကောင်းတွေ. . ဘယ်လိုကံကြမ္မာဆိုးတွေနဲ့ ရင်ဆိုင်ရမှာလဲ. .

နောက်ဆုံး သူ ဘယ်လိုနေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ သေဆုံးပြီး ဒီလောကထဲက ထွက်ခွာသွားရမှာလဲ. . အဲ့ဒီလို သေဆုံးပြီးနောက် သူ ဘယ်ကိုဘဝမျိုးကို ရောက်ရှိသွားမှာလဲ. . ဒါတွေဟာ လူတစ်ယောက်ရဲ့ ဘဝအတွက် လျှို့ဝှက်နက်နဲဆန်းကြယ်မှုတွေပါပဲ. . တစ်နည်းအားဖြင့် ပြောရရင် ဘဝရဲ့ ဂမ္ဘီရတွေပေါ့ဗျာ. . ."

ဟု ပြောသည်။

ထိုအခါ ကျွန်တော်က. .

"တစ်ချို့က ဘဝနဲ့ ဂမ္ဘီရဆိုတာ ဘာမှမဆိုင်ဘူးလို့ပြောနေကြတယ်. ."

ဟု ဆိုလိုက်သောအခါ သူက-

"ဆိုင်တာပေါ့ဗျာ. . အခု ကျွန်တော်ပြောခဲ့ပြီးပြီပဲ. . ဘဝဆိုတာကိုက ဂမ္ဘီရပါလို့. . ကျွန်တော်တို့အားလုံးဟာ ဂမ္ဘီရဆန်တဲ့ ဘဝထဲမှာ နေထိုင်ရှင်သန်နေကြရတယ်. .

ဒါကြောင့် လူတိုင်း. . လူတိုင်းဟာ ဂမ္ဘီရဟာ လူတွေလို့ ဆိုနိုင်တယ်. .

ကျွန်တော်တို့ဟာ လျှို့ဝှက်နက်နဲဆန်းကြယ်တဲ့ဘဝထဲမှာ နေထိုင်နေကြရတယ်. . ဒါဟာ ဂမ္ဘီရပဲပေါ့. ."

ဟု ပြောသည်။

မိတ်ဆွေစာရေးဆရာနှင့် ကျွန်တော်သည် ဘူတာရုံကလေးတစ်ခု၏ လက်ဖက်ရည်ဆိုင်၌ထိုင်ကာ စကားတွေပြောဖြစ်ခဲ့ကြသည်။ သူက ဂမ္ဘီရဝတ္ထုတွေရေးသားနေသော စာရေးဆရာဖြစ်သည်။

* * * * *

"ကျွန်တော် ဘာလို့ အသက်ရှင်နေရတာလဲ. . ."

ကျွန်တော်က. . တစ်ယောက်တည်း နှုတ်မှ တီးတိုးရေရွတ်နေမိသည်။

"အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပါယ်က ဘာလဲ. . ."

"အသက်ရှင်နေခြင်းရဲ့ အဓိပ္ပါယ်က ဘာလဲ. . ."

ကျွန်တော်က ထပ်ကာ ထပ်ကာ တီးတိုးရေရွတ်နေမိပြန်သည်။

"ဘဝဆိုတာ မိတ်ဆွေစာရေးဆရာတစ်ယောက် ပြောခဲ့သလို ဂမ္ဘီရဖြစ်တယ်ဆိုရင်. . အဲ့ဒီဂမ္ဘီရဟာဘာလဲ. . ကျွန်တော် သိချင်ပါတယ်"

ကျွန်တော်က နဖူးပေါ် လက်တင်ရင်း စဉ်းစားနေမိသည်။

"ကျွန်တော် အသက်ရှင်နေချင်သေးတယ် ကိုကြီးရယ်. . ကျွန်တော့်ရဲ့ သမီးကလေးက ငယ်သေးတယ်လေ. .

ကျွန်တော် သမီးကလေးကို ထားရစ်ခဲ့ပြီး မမြင်နိုင်တဲ့ ခရီးတစ်ခု ကို ထွက်ခွာမသွားချင်သေးပါဘူး. .

ဒါပေမယ့် မကြာခင် ထွက်ခွာသွားရတော့မယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် သိပါတယ်ကိုကြီးရယ်"

ကျွမ်းနေပြီဖြစ်သည့် ရောဂါကြောင့် သူ့ကိုယ်သူ သေတော့မည်မှန်းသိနေသော ညီငယ်၏ ကြေကွဲလွမ်းဆွတ်ဖွယ်ရာစကားလုံးများကို ကျွန်တော် တကြားယောင်မိပြန်သည်။

ညီငယ်သည် သူ့သမီးကလေးအတွက် အသက်ရှင်နေချင်သေးသည်ဟု တဖွဖွပြောဆိုခဲ့သည်။

"ကျွန်တော် ဝိပဿနာတရားအားထုတ်ချင်တယ်. . ကျွန်တော်ရယ် ကိုကြီးရယ်. . အဖေရယ် သုံးယောက်သကြင်္ကန်တွင်းမှာ တရားစခန်းဝင်ပြီး တရားအားထုတ်ကြတာပေါ့. .

ဝိပဿနာတရားအားမထုတ်ထားပဲ သေသွားရင် မလွယ်ဘူး ကိုကြီးရယ်. . "

ညီငယ် ထိုကဲ့သို့ ပြောဆိုစဉ်က သူ့အခြေအနေမှာ သိပ်မဆိုးလှသေး. . သွားလို့လာလို့ရသေးသည်။

"အေးပါ. . စိတ်ချပါ. . သကြင်္ကန်တွင်း တရားစခန်းတစ်ခုခုဝင်ပြီး ငါတို့မိသားစု သုံးယောက်တရားအားထုတ်ကြတာပေါ့. . အစ်ကိုကတော့ မင်းကို အခုအချိန်မှာ ဝိပဿနာတရားကို အားထုတ်နိုင်သလောက် အားထုတ်နေစေချင်တယ်. . ဒါဟာ မင်းအတွက် အမြတ်ပဲ. . "

"ဟုတ်တယ် ကိုကြီး. . . ကျွန်တော် သိတယ်. . ."

ကျွန်တော်၏ ညီငယ်မှာ နိုင်ငံခြားကုမ္ပဏီတစ်ခုမှ အရောင်းမန်နေဂျာတစ်ဦးဖြစ်သည်။ ကျွန်တော်ကဲ့သို့ စာပေကို ဝါသနာပါပြီး ရေးသားနေသူတစ်ဦးလည်းဖြစ်သည်။

သူက မသေခင် ဝိပဿနာတရားကို အားထုတ်သွားချင်သည်ဟု ဆိုသော်လည်း တကယ်တမ်းတွင်ဆော့ အားထုတ်မသွားနိုင်ခဲ့ပါ. .

သူသည် မသေခင်တစ်လ. . လောက်အထိ. . သူ့ကွန်မ္ပာ . .





မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကိုင်သွားခဲ့သည်။ မသေခင် ခြောက်လလောက်က ကုမ္ပဏီမှ သူ အနားယူခဲ့သည်။

"သေချင်းရဲ့ ဟိုဘက်မှာ ဘာ ရှိသလဲဆိုတာ ကျွန်တော်သိချင်တယ် ကိုကြီး. . ."

သူက ထိုကဲ့သို့ ပြောသော အခါ ကျွန်တော့်မှာ ဘာပြောရမှန်း မသိဖြစ်သွားသည်။ တကယ်တော့ ဝိပဿနာတရားအားထုတ်ခြင်းမရှိပဲ သေသွားခဲ့လျှင် ဘယ်နေရာဘယ်ဌာန သို့ရောက်ရှိသွားနိုင်ကြောင်း သူရော ကျွန်တော်ပါ သိနေခဲ့ကြသည်။

"မနေ့က ညနေက အဲ့ဒီလူ လာသွားတယ် ကိုကြီး. . ."

ထိုသို့ သူက ပြောသောအခါ ကျွန်တော်က. . .

"ဘယ်သူလဲ ညီလေး. . ."

"လူတစ်ယောက်ပဲ ယောကျ်ား ပဲ. . ကိုကြီးတို့ထက်အသက်ကြီးတယ် အဲဒီနားမှာ ထိုင်သွားပြီး ပြန် သွားတယ်. . ."

"ညီလေးကို အဲ့ဒီလူက ဘာ ပြောသွားသေးသလဲ. . ."

"ဘာမှတော့ မပြောဘူး. . ထိုင်ပြီး ပြန်သွားတာပဲ. . ."

ကျွန်တော့်ရဲ့ ညီလေးမှာ ရောဂါ အခြေအနေက ဆိုးဝါးလာသဖြင့် ပက်လက်ကုလားထိုင်ပေါ်တွင်သာ ထိုင်နိုင် ပြီး အိပ်ရာပေါ်တွင်လှဲ၍ မအိပ်နိုင် တော့ပေ. . .

သူက ကျွန်တော်တို့ အိမ် အောက်ထပ်ရှေ့ခန်းတွင် ပက်လက် ကုလားထိုင်ပေါ်၌ ထိုင်နေပြီး ကျွန်တော် က သူ့နံဘေး၌ ထိုင်ကာ စကားပြော နေကြခြင်းဖြစ်သည်။

တကယ်တော့ မနေ့က ညနေ က သူ့နံဘေးမှာ ကျွန်တော်တစ်ယောက် တည်းသာထိုင်နေခဲ့ပြီး တစ်ခြားမည်သူ မျှ မရှိပါ. .

သူ့မျက်လုံးထဲတွင်သာ အခြား သော လူစိမ်းတစ်ယောက်ကို မြင်နေ ခြင်းဖြစ်ပြီး ကျွန်တော်ကတော့ မမြင် ရပါ. .

"အဲ့ဒီလူက ဘယ်မှာနေတာ လဲ. . ညီလေး. . ."

"အဲ့ဒါတော့ ကျွန်တော် မသိဘူး"

"အဲ့ဒီလူက မကောင်းဆိုးဝါး လား. . ."

"မကောင်းဆိုးဝါးတော့ မဟုတ် ဘူး. .

ဒါပေမယ့် သူလာပြီးရင်





ကျွန်တော့်ရောဂါအခြေအနေပိုပြီး ဆိုးသွားသလိုပဲ. . ကိုကြီး. . ."

"အဲ့ဒါဆိုရင် အဲဒီလူမလာနိုင် အောင် အစ်ကို ဘုရားစာတွေ ရွတ် နေမယ်. . ညီလေးလည်း ဂုဏ်တော် ကိုးပါးကို စိတ်ထဲမှာ နှလုံးသွင်းနေ ပေါ့. . ဟုတ်လား. . ."

"ဟုတ်ကဲ့ ကိုကြီး. . ."

ကျွန်တော်က သံဗုဒ္ဓေဂါထာ တော်ကို ခပ်တိုးတိုးရွတ်ဆိုနေလိုက် မိသည်။

သူကလည်း မျက်လုံးအစုံကို မှိတ်ကာ. . ဂုဏ်တော်ကိုးဝါးကို နှလုံး သွင်းနေသည်။

နောက်တစ်နေ့ညရောက် သောအခါ ညီလေးပြောသည်။ ထိုသူ မှာ လာရောက်ခြင်းမရှိတော့ပေ. .

"ကိုကြီး ကျွန်တော်ပြောတဲ့ ဟို လူမလာတော့ဘူး. ."

"အေး. . ဟုတ်လား. . ကောင်းတာပေါ့ကွာ. . ."

"ဒါပေမယ့် နောက်တစ် ယောက်ထပ်လာသွားတယ် ကိုကြီး. . ညနေက ကိုကြီး အလုပ်ကပြန်မလာ ခင်ကလေးတင်လာသွားတာ. ."

"ဟာ. . ဟုတ်လား. . ."

"ဟုတ်တယ် ကိုကြီး. . ."

"သူက ဘယ်လိုလူမျိုးလဲ. ."

"သူက မကောင်းဆိုးဝါးတော့ မဟုတ်ဘူး. . အဖွဲ့အစည်းတစ်ခုခုက ကိုယ်စားလှယ်တစ်ယောက်ယောက် ဖြစ်မယ်လို့ ထင်တယ်. . သူလာတဲ့ အတွက် ကျွန်တော့်ရောဂါအခြေအနေ နည်းနည်းသက်သာလာသလိုပဲ. ."

"ကောင်းတာပေါ့ ညီလေးရာ"

ညီလေးသည် မသေဆုံးမီ တစ်လလောက်ကတည်းက မကျန်းမမာ ဖြစ်နေခဲ့သည်။ လမ်းပင်မလျှောက်နိုင် တော့. . နေ့လည်နေ့ခင်းဆိုလျှင် အပေါ် ထပ်မှာနေရတာ ပူသဖြင့် အောက်ထပ် သို့ဆင်း၍ သူနေတတ်သည်။

ထိုအခါ ကျွန်တော်က ညီလေး အား အပေါ်ထပ်မှ အောက်ထပ်သို့ ပွေ့ယူချီမပေးရသည်။ ညီလေးမှာ လှေကားထစ် ၈-ထပ်ရှိသော အပေါ် ထပ်နှင့် အောက်ထပ်လှေကားကိုပင် ဆင်းနိုင်တတ်နိုင်ခြင်းမရှိတော့. .

အလေးအပေါ့ကို "ခွက်"နှင့် ပင်သွားရသည်။ "ခွက်"ကို သူ့နံဘေး၌ ထားရသည်။

ကျွန်တော်သည် ညီလေးကို ကြည့်ပြီး စိတ်ထိခိုက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချင်းတရားသည် ငယ်ငယ်ရွယ်ရွယ် သာရှိသေးသော ကျွန်တော့်ညီလေးအား ခေါ် ဆောင်ရန် တာစူစပြုနေလေပြီ. .

"ညနေက သူလာသွားသေး တယ် ကိုကြီး. . ."

"ဘယ်သူလဲ ညီလေးရဲ့. ."

"ဒုတိယလူပါ. . သူက လူ ကောင်းတစ်ယောက်ပါ. . သူလာရင် ကျွန်တော့်ရောဂါနည်းနည်းသက်သာ သွားတတ်တယ်. ."

"ဟို. . ပထမလူကော လာ သေးသလား. . ."

"သူကတော့ တစ်ခါတည်း မလာတော့ဘူး. . အဲ့ဒီလူလာရင် ကျွန်တော့်ရောဂါပိုပြီး ဆိုးလာတတ် တယ်. . ."

ညီလေးပြောနေသည့် ညီလေး ဆီညနေတိုင်းလာတတ်သည့် ထိုသူ နှစ်ယောက်ကို ကျွန်တော်မမြင်ရပါ. . ဒါပေမယ့် ညီလေးကတော့ မြင်နေရ ပါသည်။

ညီလေးမသေဆုံးမီ တစ်လ လောက်ကစ၍ "ပထမလူ"ရောက်လာ တတ်လေ့ရှိပြီး ထိုသူရောက်လာလျှင် ညီလေးရောဂါက ပိုပြီးဆိုးဝါးလာတတ် ပါသည်။

ထို ပထမလူမှာ (၁၀)ရက်ခန့် မျှ ညနေတိုင်းရောက်လာတတ်ပါသည်။

ထိုနောက်ပိုင်းတွင် ရောက် မလာတော့ပါ. . ပထမလူ ပျောက်သွား ပြီး ဒုတိယလူရောက်လာပါသည်။

ဒုတိယလူ. . ရောက်လာလျှင် ညီလေး၏ရောဂါမှာ နည်းနည်းသက် သာလာတတ်ပါသည်။

ထို ဒုတိယလူသည် ညီလေး မသေဆုံး ညနေအထိ နေ့စဉ်မှန်မှန် ရောက်လာတတ်လေ့ရှိပါသည်။

"သူတို့ပုံစံတွေက ဘယ်လို ပုံစံမျိုးတွေလဲ ညီလေး. . ."

ကျွန်တော်က ညီလေးဆီကို ညနေတိုင်းရောက်ရောက်လာတတ် သော ထိုသူနှစ်ယောက်၏ ပုံပန်းသဏ္ဌာန် ကို မေးမြန်းကြည့်မိသည်။ ထိုအခါ ညီလေးက. . .

"ကိုကြီးတို့. . ကျွန်တော်တို့ လို ပုံသဏ္ဌာန်မျိုးပါပဲ. . လူပုံစံမျိုးပါပဲ" ဟု ဖြေသည်။

"ညီလေးကို သူတို့က အတင်း ဆွဲခေါ်တာမျိုး. . ရန်ပြုတာမျိုးရှိသလား"

"မရှိပါဘူး. . ကျွန်တော့်နား ထိုင်ပြီး ပြန်သွားတာပဲ. . ."

"ညီလေးကို ဘာတွေပြောသွား သေးသလဲ. . ."





"ဘာမှမပြောသွားဘူး ကိုကြီး [illegible]ထိုင်ပြီး ပြန်သွားတာပဲ. ."

"ဘယ်ကိုပြန်သွားတာလဲ. . ညီလေးသိသလား. . ."

"မသိဘူး. . ."

ကျွန်တော်က ညီလေးပြောပြ သော လူနှစ်ယောက်၏ အကြောင်းကို စဉ်းစားနေမိသည်။

"သူတို့က ယောကျ်ားတွေပဲ လား. . ."

"ဟုတ်တယ်. . ကိုကြီး. . ယောကျ်ားတွေပဲ. . ."

"သူတို့ရုပ်ရည်တွေ ခပ်ဆိုးဆိုး တွေလား. . ဒါမှမဟုတ် ချောမော သလား. . ."

"သူလို ကိုယ်လိုပါပဲ. . ."

ညီလေးဆီသို့ ညနေတိုင်းလာ ရောက်တတ်သော ပထမလူနှင့် ဒုတိယ သူတို့သည် ပရလောကမှ ပုဂ္ဂိုလ်များ [illegible]င်လော. . သို့တည်းမဟုတ်. . တမ သွန်မှ အကြိုတော်များပေလော. .

"ညီလေး သူတို့ကို အရင်တုန်း သိခဲ့ဖူးလို့လား. . ."

"မသိခဲ့ဖူးပါဘူး. . လူစိမ်း ဘွပါ. . ."

"သူတို့လာတော့ ညီလေး [illegible]ာက်သလား. . ."

"မကြောက်ပါဘူး. . ကြောက် အောင်လည်း သူတို့က ကျွန်တော့်ကို ဘာမှမလုပ်ပါဘူး. . ."

"အေးကွာ. . ညီလေးဆီကို ဘယ်သူတွေပဲလာလာ. . ဘုရားဂုဏ် တော်ကိုးပါးကိုပဲ စိတ်ထဲက အာရုံပြုပြီး နှလုံးသွင်းနေ. . ဟုတ်လား. . မြဲအော့ ဝင်လေ. . ထွက်လေကို မပြတ်အောင် မှတ်နေ. . ဟုတ်ပြီလား. . ဒါတွေကို ညီလေးနားလည်ပြီးသားပါကွာ. . အဲဒါကို ဘာမှပြောစရာတောင် မလိုတော့ပါဘူး"

ညီလေးက ကျွန်တော့်ကို ပြုံး ပြီးကြည့်သည်။ သူ့အပြုံးက ဝေဒနာ များကြားမှ အားယူပြုံးလိုက်သော အပြုံးမျိုးဖြစ်သည်။

ညီလေးက သူ သေတော့မည် ကို သိနေသော်လည်း တုန်လှုပ်ခြောက် ခြားခြင်းမရှိ. . ကျွန်တော်. . ညီလေး ကို ချီးကျူးမိသည်။

ညီလေးဝေဒနာကို ခံစားနေ ရစဉ် ကျွန်တော်က တရားခွေများကို သူ့နံဘေးမှ ဖွင့်ပေးနေမိသည်၊

ညီလေးကလည်း သိုလားနှင့် မြိုက်စွာ ဆရာတော်များ၏ တ[illegible] ကို ဝေဒနာကြားမှ နာ[illegible]

ညီလေးသေမည်[illegible]. .

www.burmeseclassic.com



(၁-၁-၂၀၀၄)နေ့ကတော့ ဝေဒနာကို အပြင်းထန်ဆုံးခံစားနေရသည်။ အသက်ကို အနိုင်နိုင်ရှူနေရသည့်ကြားမှ တရားခွေကို အားစိုက်တာ နာယူနေသည်။

အချိန်မှာ နေ့လည် ၂ နာရီခွဲကျော်ပြီ. . ဒါပေမယ့် သူဝေဒနာကို မခံနိုင်တော့. .

ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေလျက်က အားယူထရန်ပြင်သည်။

"ကျွန်တော့် ရင်ဘတ်ထဲက ဝေဒနာတွေကို ကျွန်တော်မခံနိုင်တော့ဘူး. . ."

"ကျွန်တော့်ကို တူတစ်ချောင်းပေးပါ. . အဲဒီတူနဲ့ ကျွန်တော့်ရင်ဘတ်ကို ကျွန်တော်ထုပြီး သေတော့မယ်"

ညီလေးက အားယူထရန်ကြိုးစားသော်လည်း မထနိုင်တော့. .

"ညီလေး ညီလေး. . သတိထားပါကွာ. . ဘုရားကို အာရုံပြုနေပါ"

ကျွန်တော်က ပက်လက်ကုလားထိုင်အား အသာမရွှေ့ကာ ဘုရားစင်ဘက်သို့ မျက်နှာပြုပေးလိုက်သည်။

"ဟိုမှာ ညီလေးကိုယ်စားမြတ်စွာဘုရားရှင်ကို ဆွမ်းတော်. . ပန်းတော်နဲ့ ရေချမ်း ဆီမီးတွေ ပူဇော်ထားတယ်. . ညီလေး ဘုရားကို အာရုံပြုပြီးစိတ်ထဲက ကန်တော့လိုက်ပါ. ."

ကျွန်တော်က သူ့အာရုံကို ပြောင်းပေးလိုက်သည်။

ညီလေးက ဝေဒနာများကြားမှ ဘုရားကို အာရုံပြုနေသော်လည်း ဝေဒနာက ပြင်းထန်နေသည်။

နောက်ဆုံးတွင် ဝေဒနာက ပြင်းထန်လွန်းပြီး လွန်စွာမောဟိုက်လာရာ ညီလေးမှာ မခံနိုင်တော့ပေ. . . ထို့ကြောင့် ဆရာဝန်အား သွားရောက်ပင့်ရာ ဆရာဝန်ရောက်လာပြီး ဆေးတစ်လုံးကို ထိုးပေးသည်။

ဆေးထိုးပေးပြီးနောက် ညီလေးမှာ မိန်းမောသွားသလို ဖြစ်သွားပြီး ဝေဒနာကို အပြင်းအထန်ခံနေရပုံ မပေါ်တော့ပေ. .

ထို့နောက်တွင်မူ အသက်ရှူ တဖြည်းဖြည်းနှေးကွေးသွားကာ နောက်ဆုံးတွင် အသက်ရှူလုံးဝရပ်သွားလေတော့သည်။

ညီလေး၏ ဘေးတွင်မူ ကျွန်တော်သည် တရားခွေကို ဖွင့်ပေ မိဆဲဖြစ်သည်။

*   *   *   *   *





ကျွန်တော်က မျက်တောင်များကို တဖျတ်ဖျတ်လှုပ်ခတ်လိုက်ရင်းမှ ကျလာတော့မည့် မျက်ရည်စများကို ထိန်းလိုက်မိသည်။

သို့သော် မျက်ရည်စများက ထိန်း၍ မရတော့. . ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာကြသည်။

ညီလေးသေသွားပြီ. . သူ့အားထုတ်ချင်ခဲ့သော ဝိပဿနာတရားကို အားမထုတ်ရပဲ သူသေသွားခဲ့ပြီ။

ကျွန်တော့်နှလုံးသားမှာ တစ်ဆတ်ဆတ်တုန်ခါလာသည်။ တဖျတ်ဖျတ်လှုပ်ရှားလာသည်။

ညီလေး ဘယ်ဘဝကို ရောက်သွားပြီလဲ. . ဘယ်ဘဝကို ကူးပြောင်းသွားပြီလဲ. . ကျွန်တော့်က ပွင့်ဟနေသော ညီလေး၏ မျက်လုံးများကို ကြည့်လိုက်မိသည်။

ညီလေး၏ မျက်လုံးများက ခမိပွါယ်ကင်းမဲ့စွာ အရောင်အဆင်းစွာအပေါ်ဘက်သို့ ငေးစိုက်နေကြ ည်။

တစ်ချိန်ကတော့ သည်မျက်လုံး းသည် ဘဝအတွက် မျှော်လင့်ချက် ဖြင့် တောက်ရွှန်းလက်နေခဲ့ဖူးသည်။ တော့ တောက်ရွှန်းမှုမဲ့စွာ အရောင် အဆင်းမဲ့စွာဖြင့် ပွင့်ဟ၍နေကြလေပြီ။

ကျွန်တော်က ညီလေး၏ အဓိပ္ပါယ်ပျောက်ဆုံးစွာ ပွင့်ဟနေသော မျက်လုံးများကို အသာအယာ ပိတ်ခ လိုက်မိသည်။

ပြီးတော့ တစ်ဖက်သို့ လှည့်ပြီး မျက်ရည်စများကို လက်ဖြင့် သုတ် လိုက်သည်။

"ကျွန်တော်သေရင် ကျွန်တော့် သမီးလေးလည်း အဖေမဲ့ဘဝနဲ့ နေခဲ့ရမှာပဲနော် ကိုကြီး. .

ကျွန်တော် ကျွန်တော်သမီး လေးကြီးတဲ့အထိ အသက်ရှင်နေချင် သေးတယ်. . ကျွန်တော့်သမီးလေး အပျိုကြီးဖားဖားဖြစ်နေတာကို မြင်ချင် သေးတယ်. .

ပြီးတော့ ကျွန်တော့်သမီးလေး ဘွဲ့ရတာ. . လူတစ်လုံးသူတစ်လုံးဖြစ် နေတာကို မြင်သွားချင်သေးတယ်. . ကျွန်တော့်သမီးလေးဟာ ကိုလေးရဲ့ သား ကိုပြည့်လေးလိုပဲ အဖေမဲ့ဘ ကျန်ရစ်ခဲ့ရမှာပါ ကိုကြီးရယ်. ."

ညီလေး၏ စကား တွေ ကျွန်တော့်နှလုံးသားကို ထိုးနေသလို ခံစားနေရသည်။

ညီလေးက ကို

www.burmeseclassic.com



သော ကိုသန်းအောင်မှာ ကျွန်တော့်အောက်မှ ကျွန်တော့်ညီငယ်ဖြစ်သည်။ ကျွန်တော့်တွင် ညီ "လေးယောက်"နှင့် ညီမတစ်ယောက်ရှိပြီး ကျွန်တော်က အစ်ကိုအကြီးဆုံးဖြစ်သည်။ ကျွန်တော့်အထက်တွင် အစ်တစ်ယောက်သာရှိသည်။

ကျွန်တော့် ညီတွေနှင့် ညီမက ကျွန်တော့်ကို ကိုကြီးဟုခေါ်ကြပြီး ကျွန်တော့်အောက်မှ ကိုသန်းအောင်ကိုမူ ကိုလေးဟု ခေါ်ကြသည်။

ကိုလေးသည် လွန်ခဲ့သော ၁၉၉၆ ခုနှစ်က ကွယ်လွန်သွားခဲ့ပေပြီ။ သူ့တွင် သားတစ်ယောက်ကျန်ခဲ့ပြီး သူ့အမည်မှာ ကိုပြည့်ဖြစ်သည်။ ယခု ညီလေးက ကိုပြည့်ကို ရည်စူးပြောနေခြင်းဖြစ်သည်။

ညီလေးသည် သေခါနီးအထိ အလုပ်တွေလုပ်သွားခဲ့သည်။

အသက်ရှင်နေချင်သေးသော လူတစ်ယောက်ကို သေမင်းက စောစီးစွာ ဘာကြောင့်ခေါ်ဆောင်သွားရလေသနည်း. . .

*  *  *  *  *

ညီလေး အသက်ဝိဉာဉ်ကင်းမဲ့နေပြီဖြစ်သော ခန္ဓာကိုယ်ကို ထည့်သွင်းထားသည့် အခေါင်းအား မီးသင်္ဂြိုလ်စက်ထဲသို့ ထိုးသွင်းလိုက်ကြတာကို ကျွန်တော်က ငေးစိုက်ကြည့်နေမိသည်။

ပြင်းပြသော လောင်မီးထဲတွင် ခန္ဓာကိုယ်ရော အခေါင်းပါ လျှင်မြန်စွာ လောင်ကျွမ်းသွားနေသည်။

"နောက်ဆုံးမှာတော့ ဘဝတစ်ခုဟာ ပြာဖြစ်သွားတာပါပဲ. ."

ကျွန်တော်က တစ်ယောက်တည်း ရေရွတ်မိသည်။

လွန်ခဲ့သော သုံးရက်ခန့်ကပင် အသက်ရှင်နေခဲ့သေးသည်။ ပြီးတော့ စကားတွေ ပြောနေခဲ့သေးသည်။ ကျွန်တော့်ကို ခေါင်းချင်းဆိုင်ကာ ဖက်သွားခဲ့သေးသည်။

ယခုတော့ လောင်ကျွမ်းပြာကျသွားလေပြီ. .

ကျွန်တော်က မီးသင်္ဂြိုလ်စက်ခေါင်းတိုင်ဆီသို့ လှမ်းကြည့်လိုက်မိသည်။ ခေါင်းတိုင်ထိပ်ဝဆီတွင် မီးခိုးငွေ့ဖြူဖြူများက တလူလူလွင့်တက်နေဆဲ. .

"ညီလေးရေ. . ဟော့ဒီ မီးခိုးငွေ့ဖြူဖြူတွေက မင်းဘဝပြီးဆုံးသွားပြီဆိုတဲ့ သင်္ကေတတွေပါပဲ. . ပြီးသွားပြီ ဆုံးသွားပြီ. . ဘာမှမဟုတ်ဘူး. . ဘာမှမဟုတ်ဘူး. . ဘဝဆိုတာ ဘာမှမဟုတ်ဘူး. ."

ကျွန်တော်က မီးခိုးခေါင်းတိုင်ကိုငေးကြည့်ရင်း တီးတိုးရေရွတ်နေမိသည်။

*  *  *  *  *

ညီလေး သေဆုံးပြီး ငါးရက်မြောက်သောနေ့တွင် ကျွန်တော့်ညီတစ်ယောက်ဖြစ်သော ကိုယဉ်ထွေး၏ ဇနီးစိုးစိုးက ကျွန်တော့်ကို ပြောပြလာပါသည်။

"ကိုကြီး ညက ကျွန်မတို့ တစ်ညလုံးအိပ်လို့မရဘူး. . ကျွန်မတို့ အိမ်ရဲ့ မီးဖိုချောင်ထဲက အသံတွေကြားရတယ်. . ပြီးတော့ အိမ်ရှေ့ကိုလျှောက်လာတဲ့ခြေသံတွေလည်း ကြားရတယ် ခြေသံက ကျွန်မ အိပ်နေတဲ့ ခြင်ထောင်အနားက ဖြတ်လျှောက်သွားတာ. .

အိမ်ရှေ့ရောက်တော့ ခြေသံက ရပ်သွားပြီး ဘီရိုပေါ်ကာ စာအုပ်တွေကို ဆွဲယူနေတဲ့အသံမျိုးကြားရပြန်တယ်. . .

ပြီးတော့ နောက်ဖေးကို ပြန်လျှောက်သွားပြန်တယ်. . နောက်ဖေးဘက်ရောက်တော့ ခြေသံရပ်သွားပြန်တယ်. . တစ်အောင့်နေတော့ အိမ်ရှေ့ကို လျှောက်လာတဲ့ခြေသံကို ကြားရတယ်. .

ကျွန်မ ကလေးကလည်း လန့်ပြီး ငိုတယ်. . ညတစ်နာရီလောက်ကစပြီး အဲဒီအသံတွေကြားရတာ ၃ နာရီကျော်ကျော် ၄ နာရီထိုးကာနီးလောက်ကျမှ အဲဒီ အသံတွေ ပျောက်သွားတယ်

နောက်ဆုံးမှာ နောက်ဖေးဘက်နဲ့ အိမ်ခေါင်းရင်းထရံကို သုံးလေးချက်စီ ပုတ်ပြီးမှ ထုတ်သွားတယ် ကိုညီ. . ကျွန်မတို့ကို နှုတ်ဆက်သွားတာ ထင်တယ်. . ."

ကျွန်တော့်ညီလေး ကိုယဉ်ထွေး၏ ဇနီးစိုးစိုးက သေဆုံးသွားသော ကျွန်တော့်ညီလေးကို ကိုညီဟု ခေါ်သည်။

ကိုယဉ်ထွေးတို့ လင်မယားက သီးသန့်အိမ်ခွဲနေသည်။

ကျွန်တော့်ညီလေး ကိုညီက ကျွန်တော်တို့ အဖေအိမ်တွင် ဆုံးသွားခြင်းဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အဖေတို့အိမ်၏ ဒေါက်ထပ်၌နေပြီး အမေနှင့် အဖေ တို့က အပေါ်ထပ်မှာနေကြသည်။

ကိုယဉ်ထွေးက ကိုညီဆုံးသွားသည့်ရက်များအတွင်း အမေတို့အိမ်၌ လာရောက်အိပ်ရာ သူတို့အိမ်တွင် သူ့ဇနီးစိုးစိုးနှင့် သားကလေးသာ အိပ်ကြသည်။

စိုးစိုးစကားဆုံးသွားသောအခါ ကျွန်တော်က အိမ်အပေါ်ထပ် ပြတင်းပေါက်မှနေပြီး အဝေးဆီသို့ မျှော်ငေးကြည့်နေလိုက်မိသည်။

အဆုံးအစမရှိသော ခရီးတစ်ခုကို ကျွန်တော်ထက် စောစောထွက်ခွာသွားနှင့်လေသော ကျွန်တော့်ညီလေး ကိုညီကို လွမ်းဆွတ်ကြေကွဲစွာ သတိရနေမိသည်။

ညီလေး ဘယ်ဆီရောက်သွားပြီလဲ. . ကျွန်တော်တွေးမနေချင်တော့ပါ. .

ကျွန်တော်တို့ ကိုယ်တိုင်ပင် အဆုံးအစမရှိသော ခရီးကို တစ်ချိန်ချိန်တွင် လျှောက်လှမ်းကြရဦးမည် မဟုတ်လား. .

ကျွန်တော်က အဝေးဆီသို့ မျှော်ငေးနေမိသော 'မျက်လုံးအစုံကို မှိတ်ပစ်လိုက်မိသောအခါ ပူနွေးသော မျက်ရည်စများက ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျသွားကြလေသည်။


(၁-၁-၂၀၀၄ နေ့တွင် ကွယ်လွန်ခဲ့သော ညီငယ်. . ညီဘုန်းထက်သို့ အမှတ်တရ. . . )

* * * * *

မြဘုန်းထက်







ပန်းချီ-မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်ရှင်စွင်

ဟိန်းထက်ဇော်

တစ်နေ့သော နံနက်ခင်း ဖြစ်ပါသည်။

သူသည် အိမ်ပြတင်းပေါက်မှ အဝေးတစ်နေရာဆီသို့ ကြည့်ရင်းငေးနေမိ၏။ ထိုသို့ အတွေးရေယာဉ်ကြောဝယ် နစ်မျောနေရင်း ညက အဖြစ်ကို ပြန်လည်သတိရလာမိ၏။

ထို အဖြစ်သနစ်က သူ့အတွက် လွမ်းဆွေးဖွယ်ရာ ဖြစ်၏။ တုန်လှုပ်ချောက်ချားစရာ ကောင်းနေတော့၏။ စိတ်ထောင်းလို့ ကိုယ်ကျေပြီး တနုံ့နုံ့ခံစားနေလျက် ရှိပါသည်။

ညက သူကြုံတွေ့လိုက်ရသောအကြောင်း အိပ်မက်ဖြစ်၏။

သူအနေနှင့် အသက် လေးဆယ်ကျော်လာသည့် တိုင်အောင် အတိတ်၊ နမိတ်၊ တပေါင်၊ စနည်း အိပ်မက်တို့ကို မယုံကြည်ပေ၊ ထိုသို့ဖြင့် မကြာမီရက်က သူ့အနေနှင့် ရှာရှာဖွေဖွေ ရှေးဟောင်း စာအုပ်တစ်အုပ်ကို ဖတ်ခဲ့ရ၏။

ထိုစာအုပ်တွင် လောကီရေးရာ အဖြာဖြာအကြောင်းကို ရေးသားထား၏။ အိပ်မက်တို့၏အကြောင်းလည်း ပါရှိ၏။ သူလည်း အိပ်မက်အကြောင်း ရေးသားထားချက်များကို အတော်စိတ်ဝင်တစား ဖြစ်သွားမိ၏။ ထိုနေရာကြားဝယ် စာရွက်အပိုင်းလေးတစ်ခုဖြင့် ညှပ်ထားလိုက်၏။ လွယ်လွယ်ကူကူ ပြန်လည် ကြည့်ရှုနိုင်ရန် ဖြစ်ပါသည်။

ဤသို့ဖြင့် သူ့ဘဝဝယ် တိုက်တိုက်ဆိုင်ဆိုင်ပင်။ အိပ်မက်ကို ကြုံတွေ့နေရလေပြီ။ ထို့ကြောင့်လည်း စာအုပ်တွင် အခေါက်ခေါက် ပြန်ဖတ်မိတော့၏။ ကုလားထိုင်တစ်လုံးတွင် ထိုင်လျက် ဖတ်နေခြင်း ဖြစ်၏။

ထိုအကြောင်းတွင် မြင်ဖူး ကြားဖူး၊ ခံစားဖူး၊ ကြုံဖူးသည့် အကြောင်းတွေကို့ခြုံပြီး မက်တဲ့ [illegible] က အကျိုးလည်းရှိ၏၊ အ[illegible]

www.burmeseclassic.com



ဖြစ်တတ်ပေသည်။ ထို့အပြင် ဖြစ်ဖူးသည်ကို ဖုံးညှိုးကောင်း၊ ခုတ်ခြောက်ချားပြီး ဖြစ်ပေါ်လာသည့် အိပ်မက်တို့သည်အကျိုးအပြစ်ကို မရှိကြောင်း တွေ့ရှိရလေ၏။

သူ၏ အိပ်မက်က မည်သည့်အတွက်ကြောင့် မက်ခဲ့သနည်းဟု ပြန်စဉ်းစားနေမိ၏။ အကျိုးလား၊ အပြစ်လားဟု တွေးနေမိတော့သည်။ ထို့ကြောင့် အိပ်မက်အကြောင်း ဆက်ဖတ်နေမိပြန်သည်။

ထိုအခါ နတ်၊ ရှေးကာလက တွေ့ထိခံစားကြုံတွေ့ လိုက်ရခြင်း စာတ်ခြောက်ချားသည့်အကြောင်းကြောင့် ဖြစ်ပေါ်လာသော အိပ်မက်သည် အကျိုးအပြစ် မခံစားရပေ။ သို့သော် အကျိုးပေးတန်သော အိပ်မက်ဖြစ်ပါက အမှန်ပင် သုခချမ်းသာရရှိခြင်း ဖြစ်၏။

သူသည် စာအုပ်ကို ဘေးသို့ ခေတ္တချထားလိုက်၏။ ကြည့်လင်တောက်ပနေသော ကောင်းကင်ကြီးကို တဝကြီးကြည့်နေတော့၏။

ထို့ဖြင့် နေ့အခါနှင့် ညဦးယံ အိပ်မက်က အတည်ယူ၍မရပေ။ မှန်နိုင်သလို မှားလည်းမှားနိုင်၏။ မိုးသောက်ယံနှင့် အာရုဏ်တက်မက်လျှင်တော့ အမှန်ဟု ဆိုထားကြောင်း ဖတ်ရှုရပေသည်။

သူလည်း ထိုအကြောင်းအရာကို ဖတ်မိပြီး၊ အတော်တုန်လှုပ်သွား၏။ သူ၏စိတ်တွေ ချောက်ချားမှု တဖွားဖွားဖြစ်လာ၏။ ရင်ထဲမှ အမည်မသိ ဝေဒနာများက တလှုပ်လှုပ် ဖြစ်လာတော့၏။ သူမက်ခဲ့သော အချိန်က မိုးသောက်အချိန် ဖြစ်ပါသည်။

သည့်အတွက်ကြောင့် သူမက်သော အိပ်မက်အကြောင်းကို ပေါ့ပေါ့တန်တန် လျစ်လျူမထားရဲတော့ပေ။ ထင်မြင်ချက်အမျိုးမျိုး တွေးပြီး စဉ်းစားနေမိတော့၏။ ထိုစဉ် လူလည်း စာအုပ်ကို မရဲတရဲ ဖွင့်၍ဖတ်လိုက်ပြန်၏။

ညဦးမက်လျှင် တစ်နှစ်အတွင်း အကျိုးအပြစ်တွေ ထူးခြားမှုရှိမည်။ သန်းခေါင်အချိန်ဖြစ်ပါက နှစ်နှစ်ခွဲကာလအတွင်း ကြုံတွေ့ ဖြစ်ပေါ်လာနိုင်၏။ မိုးသောက်ယံ အိပ်မက်ကတော့တစ်လအတောအတွင်း ခံစားမှုရှိနိုင်ကြောင်း တွေ့ရ၏။

သူ၏အိပ်မက်က တစ်လ





အတွင်းဆိုပါလား။ မည်သို့ အကျိုးဆက်များ တွေ့ရလိမ့်နိုးနိုးဖြင့် ပူပန်နေမိ၏။ ထို့နောက် သူ၏စိတ်ထဲ ထွေရာလေးပါးဖြင့်ဂနာမငြိမ်အောင် ဖြစ်နေတော့သည်။

အိပ်မက်အကြောင်းကို အားမရနိုင်ဘဲဖြစ်လျက် ရှိပါသည်။ သူဆက်၍ ဖတ်မိပြန်၏။

တနင်္ဂနွေနေ့တွင် မယားအတွက်ဖြစ်၏။ မည်သည့်နေ့တွင် မက်လျှင် မည်သူ့အတွက် ရည်ညွှန်းသက်ရောက်မှုရှိကြောင်း တွေ့ရပြန်၏။ ထို့ကြောင့် စာကို ဆက်ဖတ်သည်။ တနင်္လာနေ့မှာ ဆွေမျိုး၊ အင်္ဂါနေ့တွင် မိဘဆရာသမားများ၊ ဗုဒ္ဓဟူးတွင် မိမိသားသမီးအတွက်၊ ကြာသပတေးနေ့မှာတော့ အဆွေခင်ပွန်းလို့ ပြထား၏။ သောကြာတွင် ကျွန်၊ ကျွဲနွားဖြစ်၏။ စနေနေ့က မိမိအတွက် ဖြစ်ကြောင်း တွေ့ရပေသည်။

ဟုတ်တော့လည်း ဟုတ်နေ၏။ သည်မက်ခဲ့သောနေ့က စနေနေ့ မိုးသောက်ယံအချိန်ပင်ဖြစ်၏။

"ဒီမှာ. . မလှသူ"

ဟု ကိုစန်းမောင်က သူ့ဇနီးအား ခေါ်လိုက်၏။ သူ့ခင်ပွန်း၏ အနေအထားကိုကြည့်ပြီး မလှသူ တစ်ယောက် အတွေးကျပ်သွား၏။ သူ့ခင်ပွန်းမှာ အေးအေးလူလူ သမားဖြစ်၏။ ရှုပ်ရှုပ် ပွေပွေမရှိပေ။ ပေါက်ကရ၊ အရေမရ မဖတ်မနေ စကားမျိုးကို မည်သည့်အခါမှ ပြောဆိုခြင်း မရှိတတ်ချေ။

ယခုလို မိမိအား ခေါ်ဆိုလိုက်ခြင်းသည် အကြောင်းကြီးငယ် ပေါ်၍ ဖြစ်မည်။ မိသားစု လေးယောက်အတွင်း မည်သူ၏ကိစ္စ ပေါ်ပေါက် နေသနည်း။ မလှသူတွေးလေ၊ ဝေခွဲမရလေဖြစ်နေတော့၏။ ထို့ကြောင့် အကျိုးအကြောင်း၊ အဖြစ်အပျက်ကို သိချင်ဇော ပြင်းထန်လာ၏။ သူမရင်တွင်းဝယ်မျိုသိပ်ပြီး မအောင့်အည်းထားပဲ. .

"ရှင်. . ဘာတိုင်ပင်ချင်လို့လဲ. . ကိုစန်းမောင်. . ရှင့်ကို ကျွန်မကြည့်ပြီး ရင်တွေပန်းတွေ တုန်တုန်ယင်ယင် ဖြစ်လှပါဘိသနဲ့"

ဟု လှမ်းပြောလိုက်၏။ ထိုအခါ ကိုစန်းမောင်က ချောင်းတစ်ချက် ဟန့်ထုတ်လိုက်၏။ သူ၏ရင်ထဲ တင်းကျပ်အောင် ခံစားနေရသည်တို့ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်ဟန် တူပေသည်။ ပြီးနောက်. .

"ငါ. . အိပ်မက်မက်လို့"

"ရှင်. ."

ဟု မလှသူ နှုတ်မှ အံ့ဩသင့်စွာ ထွက်ပေါ်သွား၏။ သူမ မျက်နှာ တမဟုတ်ချင်း ပြောင်းလွဲသွား၏။ ညှိုးငယ်ကျသွားသော ပုံသဏ္ဌာန်က သိသိသာသာ ပေါ်လွင်လာ၏။ ဣန္ဒြေပျက်ယွင်းလောက်အောင် ဖြစ်သွားလေ၏။ ကိုစန်းမောင်လည်း ဇနီးသည်၏အဖြစ်ကို မြင်လိုက်ရတော့ အလွန်အမင်း စိုးရိမ်သွား၏။ သူ စိတ်မအီမသာ ဖြစ်လိုက်ရ၏။ ထို့ကြောင့်. .

"မလှသူ. . မင်း. . ငါ့ရဲ့ အိပ်မက်အကြောင်း ကြားတာနဲ့ ဒီလောက် ရုပ်ပျက်ဆင်းပျက် ဣန္ဒြေမဆည်နိုင်လောက်အောင် ဖြစ်နေရတာလဲ"

ဆိုပြီး မေးလိုက်၏။ မလှသူပင် သူမကိုယ် သူမ အတော်ရှက်မိသွား၏။သူမ၏ စိတ်ထဲတွင်လည်း တိုက်ဆိုင်လွန်းလှသည်ဟု ထင်မိလိုက်၏။ ထို့နောက် မလှသူက. .

"ရှင်. . မက်သလို၊ ကျွန်မလည်း ညက သားကြီးစောထွန်းနဲ့ပတ်သက်ပြီး အိပ်မက်မက်တယ်"

"ဘာ"

ဟု ကိုစန်းမောင်က ရုတ်တရက် အသံထွက်သွား၏။ ကိုစန်းမောင်၏ အသံမှာ အံ့အားသင့်လွန်းသဖြင့် တစ်အိမ်လုံးနီးနီး ဟိန်းထွက်သွား၏၊ ထိုအချိန် မိဘနှစ်ပါး၏ အရိပ်အခြေကို စောင့်ကြည့်နေသော သားငယ် မြင့်ကြည်လည်း အနားသို့ လာထိုင်၏။ မြင့်ကြည်တစ်ယောက် မည်သို့မျှတော့ ဝင်စွက်ဖက်ပြီး မပြောချေ။ နားစွင့်ထောင်လျက်ရှိပါသည်။

မိဘနှစ်ပါးကို ကြည့်ပြီး နဝေတိမ်တောင်ဖြစ်လျက်ရှိပါသည်။

"မင်းရဲ့ အိပ်မက်အကြောင်းကို အရင်ပြောပါဦး"

ဟု မေးလေသည်။ မလှသူလည်း မျက်ဝန်းအိမ်မှ မျက်ရည်ဥများ တွဲခိုနေတော့၏။ သူမစိတ်ကို ပြန်လည် အားတင်းမိလိုက်၏။ ပြီးမှ

"သားကြီး စောထွန်း၊ ဒေါ်နဲ့မောနဲ့ ကျွန်မဆီကို လာသွားတယ်"

ဟု ပြောလိုက်၏။ ထိုအခါ အနီးတွင် ထိုင်နေသော သားငယ် မြင့်ကြည်က. .

"အမေ. . အစ်ကိုကြီး စောထွန်းက သေသွားပြီပဲ. . အဲဒီတော့ အမေဆီကို ဘယ်လိုလုပ် လာနိုင်မလဲ"

"ဟဲ့ သားငယ်ရဲ့ အိပ်မက်မက်တဲ့အကြောင်းပြောနေတာ။ သေတဲ့လူက လူကိုယ်တိုင် ဘယ်လို လုပ်လာလို့ရပါ့မလဲ"

ဟု သူမသားငယ်အား မာန်မဲလိုက်၏၊ သူမိခင်၏စကားကြောင့် မြင့်ကြည်လည်း ခေါင်းလေးပုဝင်သွားသည်၊ ဆက်ပြီး မမေးရဲတော့ပေ၊ ထိုစဉ် ကိုစန်းမောင်. .

"ဆက်ပါဦး၊ မင်းရဲ့အိပ်မက်အကြောင်းကို. ."

ဟု လှမ်းမေးလိုက်လေ၏။ ထို့ကြောင့် ဇနီးဖြစ်သူ မလှသူက. .

"အင်း. . ကျွန်မ သားကြီးကိုမြင်လိုက်ရတော့ ကြေကွဲဝမ်းနည်းလာပြီ၊ မျက်ရည်တွေ တဒီးဒီးနဲ့ ကျလာတယ်၊ သားကြီးလည်း ငိုလည်းငိုပြောလည်းပြောတယ်"

"မင်းကို ဘာပြောသလဲ"

"အမေ၊ ကျွန်တော် အဘိုးဒိုးတစ်ယောက်နဲ့ နေရတယ်တဲ့။ အတော့်ကို ဆင်းရဲကျပ်တည်းတာပဲတဲ့။ အဘိုးကြီးကို တောင်းတောင်းပန်ပန်နဲ့ ပြောပြီး လာရတာ၊ ဝဲခူးဘက် ရွှေသာလျောင်းဘုရားအနီးက ဇရပ်တစ်ဆောင်မှာ နေနေရပါတယ်တဲ့လေ"

ဟု ပြောလက်စစကားကို ရပ်ပစ်လိုက်၏။

"ဒါနဲ့. . . ရှင်မက်တဲ့ အိပ်မက်ကကော"

ဟု အမှတ်မထင် မေးလေသည်။ ကိုစန်းမောင်လည်း မလှသူကို မသိမသာ လှမ်းကြည့်လိုက်၏၊ မလှသူ၏မျက်နှာဝယ် သနားစဖွယ်ဖြစ်နေတော့၏။ ထို့ကြောင့် ကိုစန်းမောင်တစ်ယောက် သူ၏အိပ်မက်ကို ချိန်ဆပြီး ပြောပြလိုက်၏။ သူ့ဇနီးသားအတွက် ပူပန်သောက လျော့နည်းသွားစေရန်ဖြစ်၏။

"အင်း. . တို့လင်မယား နှစ်ယောက်လုံး တစ်ညတည်း အိပ်မက်အတူတူမက်တာ အတော့်ကို ထူးဆန်းအံ့ဩဖို့ကောင်းတယ်၊ ငါ့သားဟိုဘဝမှာ ဘယ်လောက်များ အခြေဒုက္ခရောက်နေလဲမသိဘူး၊ အမေ့ဆီကိုလာပြီးပြောတော့ယူတယ်"







www.burmeseclassic.com

www.burmeseclassic.com



"အဖေရယ်. . သေသော သူ ကြာရင်မေ့၊ ပျောက်သောသူ ရှာ နိုင်တွေ့ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ အစ်ကိုကြီးလည်း ကျွန်တော်နဲ့ ဘဝခြားနေပြီပဲ"

ဟု သားငယ်ဖြစ်သူ မြင့်ကြည်က ဝင်ပြောလိုက်၏။ သူသား၏ ပြောလိုက်သော စကားကြောင့် မိဘနှစ်ပါးမှာ စိတ်ထဲမကောင်းတော့ပေ။ ထို့အတွက်ကြောင့် မိခင်ဖြစ်သူ မလှသူက သူ့သားအား မနှစ်မြို့သော မျက်နှာဖြင့်. .

"သား'ရယ်. . အစ်ကိုကြီးကို ဒီလိုတော့ မပြောပါနဲ့။ အမေတို့ကို စွန့်ခွာသွားတယ်. . ဒါပေမဲ့"

ဟုပြောရင်း စကားတိမ်ဝင်သွား၏။ ရင်ထဲမှာ ဆို့တက်လာသောကြောင့် သူမပြောသည့်စကားကို မဆက်ဘဲ ထားလိုက်ခြင်းဖြစ်၏။ သူမ ၏သားငယ်မြင့်ကြည်က. .

"အဖေရယ်. . ကျွန်တော်လည်း ဘယ်စိတ်တော့ ကောင်းပါ့မလဲ၊ ကျွန်တော့်ရဲ့အစ်ကိုပဲ။ သူ့ရဲ့ဘဝကံအကြောင်းက လူ့ဘဝမှာ သက်တမ်းစေ့ မနေသွားရဘူးမဟုတ်လား"

"အေးလေ. . . တို့ရဲ့ သားကြီးအတွက် ကုသိုလ်ကောင်းမှုပြုပေးပါ"

ဟု ကြေကွဲဝမ်းနည်းစွာပြောဆိုလိုက်လေ၏။ မိသားစုသုံးဦးစလုံး တိတ်ဆိတ်သွားကြလေ၏။ သူတို့၏ ရင်တွင်းမှ ဝေဒနာလေးများက ရင်နှင့်အပြည့် တမ်းတမ်းစွဲ ခံစားနေကြရလေသည်။

"လူလေး. . အဘကို ရေတစ်ခွက်လောက် တိုက်ပါလား"

ဟု အဘိုးအိုတစ်ဦးက အိမ်ရှေ့တွင်ရပ်ပြီး ပြောနေခြင်းဖြစ်၏။ ထို့ကြောင့်ကိုစန်းမောင်လည်း အဘိုးအိုအား ဂရုဏာသက်စွာ ကြည့်နေမိ၏။ အဘိုးအို၏ အနေအထားကို မြင်ရသည်မှာ ခရီးဝေးတစ်ခုမှ လာခဲ့ပုံပေါ်၏။

ထိုသို့ဖြင့် ပျာယာစွာ အိမ်ပေါ်သို့ ဖိတ်မန္တကပြုလိုက်လေသည်။ ကိုစန်းမောင်၏ လှိုက်လှိုက်လှဲလှဲ ခေါ်နေခြင်းကြောင့် အဘိုးအိုလည်း အိမ်ပေါ်သို့ တက်လာ၏။ ပြီးနောက် ဘုရားစင်ရှေ့သို့သွားလျက် ဝတ်ပြုနေသည်။

ထိုအချိန် မလှသူလည်း အ





သံကြားသဖြင့် အိမ်ရှေ့သို့ ထွက်လာသည်။ ဧည့်သည်အဘိုးအိုအား တွေ့လိုက်သဖြင့် တအံ့တသြ ဖြစ်သွားမိ၏။ သူမစိတ်ထဲတွင် အမည်မဖော်နိုင်သော စိတ်ဆန္ဒများ ဖြစ်ပေါ်လာမိ၏။

ဧည့်သည်အဘိုးအိုလည်း ကိုစန်းမောင်တို့ ခင်းပေးသော တစ်ယောက်ထိုင် ဖျာကလေးပေါ်တွင် ထိုင်လိုက်လေ၏။ စကားမပြောသေးဘဲ ကိုစန်းမောင်တို့အား အကြင်နာမျက်ဝန်းဖြင့် ကြည့်နေတော့သည်။ သူတို့လင်မယားလည်း အဘိုးအိုအား ရိုရိုသေသေဖြင့် ဦးချနေလေသည်။

"အဘိုး. . ရေနွေးနဲ့ ထန်းလျက်သုံးဆောင်ပါ. . အချိန်ရမယ်ဆိုရင်လည်း ကျွန်တော်တို့ အိမ်မှာပဲ ထမင်းစားဖို့ ဖိတ်ပါတယ်"

ဆိုလိုက်၏။ အဘိုးအိုကတော့ ပြုံးရိပ်သန်း၍ ကြည့်နေတော့၏။ ထိုအခါ. .

"ဟုတ်ပါတယ်အဘိုး၊ သမီးတို့အိမ်မှာ ထမင်းစား သွားပါ။ ပြီးမှ အဘိုး သွားချင်တဲ့နေရာကို အေးအေးဆေးဆေး သွားလို့ရတာပေါ့။"

အဘိုးက အသက်လည်းကြီးပြီ အဖော်လေးဘာလေး ခေါ်လာမှပေါ့။ ခရီးကို တစ်ယောက်တည်းသွားလို့ မသင့်ဘူး"

ဟု မလှသူက လေးလေးစားစားဖြင့် ပြောဆိုလေ၏။ အဘိုးအိုမှာ ယခုအချိန်ထိ စကား ကစ်ခွန်းမျှ မဟသေးပေ။

ကိုစန်းမောင်တို့ လင်မယားလည်း အဘိုးအိုအား မိဘသဖွယ် ဧည့်ခံနေ၏။ အဘိုးအိုလည်း မသိမသာ အကဲခတ်လျက်ရှိပါသည်။ အဘိုးအိုက သျှောင်တစောင်း ထုံးထားသည်။ မျက်ခုံးမွေးကလည်း ဖြူစွတ်စွတ်၊ မုတ်ဆိတ်လက်လေးသဲ မကပေ။ မျက်ခုံးမွေးနှင့်အပြိုင် ဖြူစွတ်နေပေ၏။

သို့သော် အဘိုးအိုမှာ မျက်ဖိ မမွဲပေ။ သွားကလည်း တစ်ချောင်းတစလေမျှ မကျိုးသေးကြောင်း တွေ့ရ၏။ တုန်တုန်ချိချိ မရှိခေ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ် လူငယ်လေးတစ်ဦးကဲ့သို့ရှိနေ၏။

ကိုစန်းမောင်နှင့် [illegible] တောင် ကိုစန်းမောင်က [illegible] ရှိ၏။ ထိုစဉ် မလှသူက. .



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး. . အသက် ဘယ်လောက် ရှိသလဲ"

"မင်းတို့ပဲ အဘိုးရဲ့အသက်ကို ပြောကြည့်ပါ"

ဟု အဘိုးအိုက သူတို့နှစ်ဦးအား ပြုံးတုံ့တုံ့ဖြင့် ပြန်မေးလိုက်၏။

ကိုစန်းမောင်က. .

"ခုနစ်ဆယ်ကျော်လောက် ရှိမယ်"

"အင်း. . အဘအသက်က မင်းတို့ထင်သလောက် မကဘူးကွဲ့။ အဘအသက်က အရေးမကြီးဘူး။ အခု. . အဘလာရင်းကိစ္စက မင်းတို့အိမ်ကိုပဲ"

"ဗျာ. . ရှင်"

ဟု လင်မယား နှစ်ဦးပါပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။ ကိုစန်းမောင်တို့လည်း အဘိုးအိုစကားကြောင့် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်မိကြ၏။ သို့လော. . သို့လော စိတ်တွေဖြစ်နေကြ၏။

အဘိုးအိုနှင့် သူတို့မိသားစု သိလည်း မသိပေ။ မည်သို့မျှလည်း ပတ်သက်ခဲ့ခြင်း မရှိခဲ့ပေ။ ယခု အဘိုးအိုက သူတို့မိသားစုဆီသို့ လာရောက်သည်ဟုဆိုနေပြီ။

မည်သည့်ကိစ္စနည်း။ မည်သည့်အတွက်ကြောင့် ရောက်လာသနည်း။ မလှသူ စိတ်ထဲထင့်ခနဲ ဖြစ်သွားမိ၏။ ကိုစန်းမောင်တစ်ယောက် မိမိမသိအောင် မည်သည့်အကြောင်းကိစ္စများ ပြုလုပ်နေသနည်းဟု တွေးတောလျက်ရှိပေ၏။ ထိုစဉ် အဘိုးအိုက.

"တခြားကိစ္စတော့ မဟုတ်ပါဘူး။ မင်းတို့ရဲ့ သားကြီးကြောင့် အဘ လာရခြင်းပဲ"

ဟု အဘိုးအိုက ခပ်လေးလေးစကားကို ပြောပြလေ၏။ ကိုစန်းမောင်တို့နှစ်ဦး အဘိုးအိုအား ငြိုင်တူလှမ်းကြည့်လိုက်ကြ၏။ သူတို့ရင်ထဲမှာတော့ သံသယစိတ်၊ ဒွိဟစိတ်တွေဖြစ်ပေါ်ခံစားနေ၏။ စကားပြောသွက်သော မလှသူက အဘိုးအိုအား. .

"အဘိုး. . သမီးတို့ရဲ့ သားကြီးက သေဆုံးသွားပြီပဲ. . အဲဒါ"

ဟု ပြောဆိုနေစဉ် အဘိုးအိုက ဆက်မပြောရန် လက်ကာပြီးတားလိုက်၏။ ပြီးနောက်. .

"ဟုတ်ပါတယ်ကွယ်၊ မင်း





တို့ရဲ့ သားကြီးကို အဘိုးခေါ်ပြီး စောင့်ရှောက်ထားပါတယ်"

"ရှင်. . သမီးတို့သားကို အဘိုးက ခေါ်ထားတယ်"

ဟု မယုံသင်္ကာဖြင့် မေးလိုက်၏။ နောက် မလှသူ၏ ရင်တွင်းဝယ် သည်အဘိုးအိုဟာ သေသူကို ခေါ်ထားတယ်ဆိုတော့ မဖြစ်နိုင်ဘူးဟု တွေးမိလိုက်၏။

သည်အဘိုးအိုအား နားမလည်နိုင်အောင် ဖြစ်သွားရှာ၏။ အသက်အရွယ်ကို ထောက်၍သာ လိမ်ညာပြီး လာပြောနေသည်ဟု မထင်မိပေ။

"အင်း. . အဘိုးပြောတာ မင်းတို့ အစီပွါယ်မပေါက်သေးဘူး ထင်တယ်"

"ဟုတ်ကဲ့ပါ အဘိုး. . . ကျွန်တော်တို့ကို ရှင်းအောင် ပြောပြပေးပါ"

ကိုစန်းမောင်က သနားစဖွယ် တောင်းပန် တိုးလျှိုးလိုက်လေ၏။ ထို့ကြောင်း အဘိုးအိုက. .

"အဘိုးက မင်းတို့သား နေရတဲ့နေရာက ပုဂ္ဂိုလ်အကြီးအကဲတစ်ဦးပဲ။ မင်းတို့သား နေစရာမရှိလို့ အဘိုးက ခေါ်ပြီး ထားတာ။ အခု အဘိုး လာရတာလည်း စောစောပိုင်းက ပြောသလို မင်းတို့ရဲ့သားက အတန်တန် သွားပေးပါပြောလို့ လာခဲ့ရတာပါ"

ဟု ပြောဆိုလေ၏။

"ဟုတ်ကဲ့ပါ အဘိုး. . သမီးတို့ရဲ့သားကို အခုလို အဘိုး ကူညီစောင့်ရှောက်ထားတာ ကျေးဇူးတင်ပါတယ်။ ကူညီလက်စနဲ့ ဆက်ပြီး ထိန်းသိမ်းထားပေးပါလို့ မေတ္တာရပ်ခံပါတယ်"

"အေးလေ. . မင်းတို့က မပြောဘဲ အဘိုးတာဝန်အရ လုပ်ရမှာပဲ။ မင်းတို့သားက ဆိုးတယ်ကွာ၊ ဂျွတ်ဆတ်ဆတ်နဲ့၊ စကားပြောတာလည်း ခပ်ထန်ထန်ပဲ"

ဟု အဘိုးအိုက ပြောဆိုနေ၏။ မလှသူတစ်ယောက် သူ့မသားအကြောင်းကို တွေးမိလေလေ စိတ်ထဲ အတော်ကာသိကအောက် ဖြစ်လေလေ ရှိနေတော့၏။ ဝမ်းနည်းပက်လက်ဖြင့် မျက်ရည်စများ ကြွင်းပြင်ပေါ်သို့ တောက်ခနဲတစ်ချက် ရှိပါသည်။ ထိုစဉ် အဘိုးအိုက. .

"အေးလေ. . သမီးဒါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကံတစ်ခုပဲ မဟုတ်လား. . သမီးတို့ အနေနဲ့တရားနဲ့သာ ဖြေပေါ့"

"ဟုတ်ကဲ့ပါ အဘိုး. . သမီးတို့လည်း အသိတရားရှိသလောက် ဆင်ခြင်နေပါတယ်။ သားသမီး သံယောဇဉ်ဆိုတော့ ဖြုန်းခနဲ အသိစိတ်က ပယ်ရှားလို့မရနိုင်သေးကြပါဘူး"

"ဟုတ်ကြတာပေါ့၊ ဒီကိစ္စကို အဘိုး အပြစ်မဆိုပါဘူး။ အခုလို သံယောဇဉ်တွယ်တာပြီး သောကမီးတောက်လောင်နေကြမယ့်အစား သူ့အတွက် တစ်ခုခု ကုသိုလ်ကောင်းမှု ပြုပေးလိုက်ကြပေါ့"

ဟု အဘိုးအိုက ရှင်းပြ ပြောဆိုနေပေသည်။ ကိုစန်းမောင်ကတော့ အဘိုးအို၏ စကားကို သေချာစွာ စဉ်းစားနေ၏။ ထိုအချိန် မလှသူက. .

"ဒါဆို. . သမီးတို့ ဘယ်လို အလှူဒါနမျိုး လုပ်ပေးရင် ကောင်းမလဲ. . အဘိုး"

"တခြားတော့ မဟုတ်ဘူးကွယ့်။ မင်းတို့ရဲ့သား ဆန္ဒပြည့်သွားအောင်၊ နောက်. . သူမသေမီက ရဟန်း မဝတ်ရသေးဘူး မဟုတ်လား"

ဟု ကိုစန်းမောင်တို့ နှစ်ယောက်အား လှမ်းပြောလိုက်၏။ အဘိုးအို၏ စကားကြောင့် သူတို့ လင်မယား ဇဝေဇဝါ ဖြစ်သွားတော့၏။ လူ့ဘဝတုန်းက သူတို့၏ သား ရဟန်းမတက်သေးရကြောင်း မည်သို့သိသနည်း။ အဘိုးအိုက သူတို့၏ အရိပ်အကဲကိုကြည့်ပြီး. .

"ဘာလဲ၊ အဘိုးပြောတာ မှားလို့လား"

"အဘိုးပြောတာ အမှန်တွေပါ။ ဒါပေမဲ့ ဒီအကြောင်းကို အဘိုး ဘယ်လို သိနေသလဲဆိုတာ နားမရှင်းလို့ပါ"

"အဘိုး သိတာပေါ့. . မင်းတို့ သားက အဘိုးကိုပြောပြတာကိုး။ အဲဒီကိစ္စကြောင့် ရောက်လာရတာပဲ။ သူ့ဒီဘဝက လွတ်ချင်ပြီတဲ့။ အဲဒါကြောင့် မင်းတို့ကိုးကွယ်တဲ့ ဆရာတော်တစ်ပါးကို သိမ်ထပ်ပေးပါလို့ အတန်တန်ပြောလို့ အဘိုး လာပြောရတာပဲ။ ဆက်ဆက်သာ မင်းတို့ဘက်က ဝတ္တရားမပျက်အောင် လုပ်ပေးကြကွယ့်။ အဘိုးရောက်တာလည်း ကြာပြီ၊ အဘိုးပြန်ဖို့ အချိန်သင့်နေပြီ"

ဟု ပြောပြောဆိုဆို ထပြီး ရပ်လိုက်သည်။ နောက် ဘေးတွင် ချထားသော တောင်ဝှေးကိုကိုင်ပြီး အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။

ကိုစန်းမောင်တို့ နှစ်ဦးလည်း အဘိုးအို ဆင်းသွားသည်ကို အငေးသားငိုင်ပြီး ဖြစ်နေကြ၏။ အိမ်ရှေ့ရောက်လျှင် အဘိုးအိုက ကိုစန်းမောင်တို့ဘက်သို့ ပြန်လှည့်ကြည့်ပြီး

"အဘိုး လာပြောတာ မမေ့ကြနဲ့နော်။ မင်းတို့သားလေးအတွက် ကုသိုလ်ဒါနကို ဆက်ဆက်လုပ်ပေးကြနော်"

ဟု ပြောဆိုသွားလေ၏။ သူတို့လင်မယားလည်း. .

"ဟုတ်ကဲ့. . "

ဟု ပြိုင်တူပြောဆိုလိုက်လေ၏။ သူတို့၏အသံသည်ကျယ်လောင်စွာ ထွက်သွားလေသည်။ ထို့ကြောင့် အိပ်မပျော်သေးသော သူ၏ သားငယ် မြင့်ကြည်က မိဘနှစ်ပါးအား နိုးရိမ်သွားလေသည်။

မိဘနှစ်ပါး အိပ်နေရာသို့ သွားပြီး လှုပ်နိုးလိုက်၏။ ပြီးနောက် 'ဟုတ်ကဲ့'ဟု ပြောဆိုသံကြားလိုက်ကြောင်း မေးလေသည်။ ကိုစန်းမောင်တို့နှစ်ဦးလည်း လှမ်းကြည့်လိုက်ကြ၏။

ကိုစန်းမောင်က သူ အိပ်မက်မက်ကြောင်း ပြောလိုက်၏။ မလှသူကလည်း အိပ်မက်အကြောင်းကို ပြန်လည် ဖောက်သည်ချလိုက်လေ၏။

မိသားစုအားလုံး ထိုင်ပြီး စဉ်းစားနေကြလေတော့သည်။

ကိုစန်းမောင်တို့ တစ်အိမ်လုံး အလုပ်ရှုပ်နေကြ၏။ သူတို့၏ သားကြီး အိပ်မက်ထဲတွင် အတန်တန် ဖြစ်စေချင်သည့်ဆန္ဒကို ဖြည့်ဆည်းပေးနေကြခြင်းဖြစ်လေ၏။

အိပ်မက်ထဲတွင် အဘိုးအို ပြောသွားသော စကားအရ သူသားရှိသည့် ပဲခူးဘက်သို့ ကားငှားပြီး ထွက်လာနေကြ၏။ တစ်နာရီကျော်ကျော်လောက် မောင်းမိလျှင် ပဲခူးသို့ ရောက်ရှိလာကြ၏။ ရွှေသာလျောင်း ဘုရားဘက်သို့ လမ်းသိုကားကို ချိုးကွေ့ပြီး မောင်းဝင်လိုက်ကြသည်။

ဘုရားဝန်းထဲသို့ ကားထိုး

www.burmeseclassic.com



ဆိုက်လိုက်၏။ ရွှေသာလျှောင်းဘုရားအား ဝတ်ချကန်တော့နေကြလေ၏။ ပြီးနောက် အိပ်မက်ထဲက အတိုင်း ဇရပ်ဆီသို့သွားလိုက်ကြ၏။ ထိုဇရပ်သို့ ရောက်လာကြ၏။ ဇရပ်ပေါ်သို့ တက်လာကြ၏။ ထို့နောက် ကိုစန်းမောင်က. .

"သားကြီးရေ၊ မင်းရဲ့ဆန္ဒအတိုင်း အဖေတို့ အမေတို့ ကုသိုလ်ဒါနလုပ်ပေးကြမယ်။ အဲဒါ သားကိုလာပြီး အကြောင်းကြားတာ။ အဖေတို့နဲ့ အတူ အိမ်ကိုပြန်လိုက်ခဲ့ပါ။ အဖေတို့ ဖိတ်မန္တကပြုတာကို သား. . ကြားသိရတယ်ဆိုရင် တစ်ခုခုတော့ ထူးထူးခြားခြား လုပ်ပြပါ"

ဟု. . . ကိုစန်းမောင်က တတွတ်တွတ် ပြောဆိုနေလေ၏။ ထိုအချိန် ဇရပ်ခေါင်မိုးပေါ်မှ စုတ်ထိုးသံ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရ၏။ ကိုစန်းမောင်တို့အားလုံး အံ့အားသင့်ကုန်ကြ၏။ သူကိုလည်း တုန်လှုပ်သွားကြ၏။ မလှသူရင်ထဲ ဝလောင်ဆူသွားလေ၏။

ကိုစန်းမောင်ပင် ယောကျ်ားကြီးတန်မဲ့ မျက်ရည်မကျအောင် ထိန်းထားနေရပေ၏။ ဇရပ်တစ်ခုလုံး မွှေးကြိုင်သော အနံ့တစ်မျိုး စူးစူးရှရှ ရရှိလိုက်ကြတော့၏။ ထိုရနံ့ကြောင့် မလှသူရင်ထဲ အလုံးကြီး စို့တက်သွားပြီး တအင့်အင့်ဖြင့် ငိုချလိုက်လေသည်။

ထို့ကြောင့် ကိုစန်းမောင်က . . .

"မလှသူရယ်. . ကိုယ့်စိတ်ကို ထိန်းမှပေါ့။ မင်းရဲ့သားက တို့ကို အသိအမှတ်ပြုနေပြီပဲ။ သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပေးဖို့ လာခေါ်တာဆိုတော့ မင်းသားလည်း သိမှာပါ။ သူ့အတွက်ပဲလေ. ."

ဟု ဖျောင်းဖျပြောဆို နှစ်သိမ့်ပေးလေ၏။ ထိုအခါ မလှသူက. .

"ဟုတ်ပါတယ်. . ကိုစန်းမောင်၊ ကျွန်မရဲ့စိတ်ကို အတတ်နိုင်ဆုံး ဖြေနေပါတယ်။ ကျွန်မ မျက်ရည်မကျပါဘူး"

ဟု ပြောနေသော်လည်း မျက်ရည်စများကို လက်ကိုင်ပဝါဖြင့် သုတ်နေလေသည်။ ကိုစန်းမောင်တို့လည်း ကားရှိရာသို့ ပြန်လာခဲ့ကြ၏။ ထိုသို့ဖြင့် ရန်ကုန်အိမ်သို့ ပြန်





မောင်းလာခဲ့ကြလေတော့သည်။

သူတို့အိမ်သို့ ရောက်လာကြ၏။ သူတို့သားအား ခြံဝသစ်ပင်တစ်ပင်တွင် နေရန် ပြောဆိုလိုက်လေသည်။ သူတို့ပြောဆိုသည်ကို အသိအမှတ်ပြုသည့်အနေနှင့် ပဲခူးတွင် ရခဲ့သော အမွှေးရနံ့ကို ပြန်လည် ရရှိလိုက်ကြလေ၏။

ထိုသို့ဖြင့် ကိုစန်းအောင်တို့ အိမ်ထဲသို့ ပြန်ဝင်လာခဲ့လိုက်ကြလေ၏။ မလှသူတစ်ယောက်သာ ထိုသစ်ပင်အနီးတွင်ထိုင်ပြီး ငိုနေတော့၏။ အိမ်တွင်ရောက်ရှိနေသောဧည့်သည်များကလာပြီး ဝိုင်းဝန်း နှစ်သိမ့်ပေးနေကြ၏။ အတင်းအဓမ္မ ပြောဆိုခေါ်ကြတော့မှ အိမ်ပေါ်သို့ မလိုက်ချင်လိုက်ချင်ဖြင့် ပါလာလေသည်။

မလှသူတစ်ယောက် သူ့သား၏ မျက်နှာကို ပြန်လည် မြင်ယောင်နေမိလေတော့သည်။

ထိုနေ့က ဘုန်းကြီးကျောင်းမှ ဆွမ်းထဲတွင် သိမ်ထပ်ရန် ကိုစန်းမောင်တို့ ရောက်ရှိနေကြပေ၏။ သိမ်ထပ်မည့် ကိုယ်တော်အား အခြားသံဃာများက သိမ်ထဲတွင် ဝိုင်းပြီး သိမ်ထပ်ပေးနေကြလေ၏။

ထိုသို့ ပြုနေစဉ် ကိုစန်းမောင်က သူ့သားအား လှမ်းပြီး မေတ္တာပို့သလိုက်လေသည်။

"သားကြီးရေ. . . မင်းရဲ့ဆန္ဒအတိုင်း အဖေတို့ ပြုလုပ်ပေးနေပါပြီ။ အဲဒီကုသိုလ်ကို သား ကိုယ်တိုင် အနုမောဒနာပြုပါ. . အဖေတို့ မေတ္တာပို့သပြီး အမျှအတန်းပေးဝေပါတယ်"

ဟု ဆို့ဆို့နစ်နစ် ပြောဆိုလိုက်လေသည်။ မလှသူလည်း သားအတွက် ပြုလုပ်ပေးနေရသဖြင့် ဝမ်းသာမှုတစ်ဖက်၊ ဝမ်းနည်းမှု တစ်ဝက်ဖြင့် သူမရင်ထဲ ကြေကွဲဝမ်းနည်းနေလျက် ရှိနေတော့ပေသည်။

**ဟိန်းထက်ဇော်**



www.burmeseclassic.com

www.burmeseclassic.com

# မြဘုန်းဝင်း

## ရေမှခိုးအာဂစေးထည့်ခြင်း






www.burmeseclassic.com

www.burmeseclassic.com



# ရေမှုဆိုး
# အာစေးထည့်ခြင်း

မြဘုန်းထက်

ကျွန်ုပ်သည် ၁၉၅၈ - ခုနှစ် နှစ်ဆန်းပိုင်းကာလက အင်္ဂလန်နိုင်ငံသို့ ရောက်ရှိခဲ့လေသည်။ အင်္ဂလန်နိုင်ငံတွင် ဆေးပညာဘွဲ့လွန် သင်တန်းတစ်ခုကို တက်ရောက်ရန်အတွက် ဖြစ်၏။

ကျွန်ုပ် အင်္ဂလန်နိုင်ငံ ဆေးတက္ကသိုလ်တစ်ခု၌ သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း ကျွန်ုပ်ကဲ့သို့ ဆေးပညာဘွဲ့လွန်သင်တန်း တက်ရောက်နေသော ဒေါက်တာ ဝါနာဂျွန်ဆိုသူ အင်္ဂလိပ်လူမျိုးတစ်ဦးနှင့် တွေ့ဆုံရင်းနှီးခဲ့ရလေ၏။

ဒေါက်တာ ဝါနာဂျွန်သည် အင်္ဂလန်နိုင်ငံ၏ ကိုလိုနီဖြစ်ခဲ့ဖူးသော အာဖရိကတိုက်ရှိ ကိုလ်ဘေးရီးယားတွင် သွားရောက် တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦးဖြစ်၏။

ကျွန်ုပ်နှင့် ဒေါက်တာ ဝါနာဂျွန်တို့သည် သင်တန်းအားလပ်ချိန်များတွင် မကြာခဏ စကားလက်ဆုံကျတတ်လေ့ရှိ၏။ အထူးသဖြင့် ဒေါက်တာဝါနာဂျွန်၏ဖခင် ဒေးဗစ်ဟောင်ဝါဂျွန်သည် ဒုတိယကမ္ဘာစစ် ဖြစ်သွားမိက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သူ တစ်ဦးဖြစ်၏။

မြန်မာ့ရှေးဟောင်း နယ်မြေရှိ ဘုရားများသို့ သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်လေ့လာခဲ့ဖူးသူ တစ်ဦးလည်းဖြစ်၏။ ဒေးဗစ်ဟောင်ဝါဗွန်သည် မြန်မာလူမျိုးနှင့် မြန်မာ့ယဉ်ကျေးမှုကို နားလည်နှစ်သက်သူဖြစ်ကြောင်း သားဖြစ်သူ ဒေါက်တာဝါနာဗွန်က ကျွန်ုပ်အား ပြောပြ၏။

ဒေါက်တာဝါနာဗွန်သည် သူ့ဖခင်ပြောပြသဖြင့် မြန်မာနိုင်ငံအကြောင်းကို စိတ်ဝင်စားနေသူတစ်ဦးဖြစ်ရာ ကျွန်ုပ်မှာ မြန်မာလူမျိုးတစ်ဦးဖြစ်ကြောင်း သိသွားသောအခါ ပို၍ပင် ခင်မင်ရင်းနှီးမိကြလေ၏။

ထိုသို့ ခင်မင်ရင်းနှီးခဲ့မိကြရာမှ ဒေါက်တာဝါနာဗွန်သည် အာဖရိကတိုက် ကိုလ်ဘေးရီးယားဒေသ၌ သူတာဝန်ထမ်းဆောင်ခဲ့စဉ် ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းကြယ်ဖြစ်ရပ်များကို ကျွန်ုပ်အား ပြောပြလေ့ရှိလေ၏။

ထိုအထဲမှ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ်ခုအား ကျွန်ုပ်အနေဖြင့် ရေးသားဖော်ပြလိုပါ၏။

. . . xxx . . .

ကျွန်ုပ်သည် ငယ်စဉ်အခါက ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြီးပြင်းခဲ့ရသူ ဖြစ်လေရာ ကျွန်ုပ်တို့ နေထိုင်သော အရပ်၌ မြစ်၊ ချောင်း၊ အင်းအိုင်များ ပေါများသလို မိကျောင်းများလည်း ပေါများလှပေ၏။

အထူးသဖြင့် ယခင် ကျောက်တော်မြို့နယ်အပိုင် ယခုပုဏ္ဏားကျွန်းမြို့နယ်ခွဲရှိ ရိုးချောင်းမှာ ကုလားတန်မြစ် (ယခင်အခေါ် ကစ္ဆပနဒီ)၏ လက်တက်ဖြစ်သည်။

ကျွန်ုပ်သည် ဒေါက်တာဝါနာဗွန်နှင့် စကားလက်ဆုံ ကျမိရာမှ ကျွန်ုပ်တို့ ဒေသ၏ မိကျောင်း ဖမ်းနည်းအကြောင်းများကို ပြောပြမိလေ၏။

ကျွန်ုပ်တို့ဒေသ၏ မိ





ကျောင်းဖမ်းပုံဖမ်းနည်းမှာ သုံးမျိုးရှိ၏။

"ကျွန်တော်တို့ဒေသ မှာ မိကျောင်းဖမ်းတဲ့ ပထမနည်းကတော့ ဝါးနက်နဲ့ ကြိုးကို အသုံးပြုပြီးတိုင်းထောင်ဖမ်းတဲ့ နည်းပါပဲ - မိကျောင်းက တိုင်းထောင်ချောက်ထဲ တိုးဝင်မိရင် ကြိုးက မိကျောင်းကို စလွယ်သိုင်းပုံစံရစ်ပတ်မိပြီးသား ဖြစ်သွားတတ်တယ် . .

ဝါးတိုင်းမှာ ခလောက်ဆွဲထားတဲ့အတွက် မိချောင်းမိပြီဆိုရင် ခလောက်သံကြားလို့ မိကျောင်းအနားကို သွားရင် မိကျောင်းပါးစပ်ကိုဖြတယ်

အဲဒီအခါ - လူက မိကျောင်းရဲ့ အာခေါင်အရင်းထဲကို လှံ ဒါမှမဟုတ် မှိန်းတစ်ခုခုနဲ့ ထိုးပြီး အသေသတ်ရတယ်"

"အင်း . . . ခင်ဗျားတို့ဒေသရဲ့ မိချောင်းဖမ်းပုံကလည်း ကျွန်တော်တော့ စိတ်ဝင်စားစရာ ကောင်းတာပဲ ဆက်ပြောပါဦး"

"နောက်မိကျောင်းဖမ်းပုံ - ဒုတိယနည်းကတော့ ဒီလိုဗျ ငါးများချိတ်ကြီးမှာ နွားရဲ့ အဆုပ်ကို ချိတ်ပြီး မိချောင်းကို ငါးများသလို များပြီးဖမ်းတဲ့ နည်းပဲ"

"တော်တော် ဆန်းပါလားဗျ"

"သုံးချောင်းပူးထားတဲ့ ငါးများချိတ်ကြီးမှာ နွားအဆုပ်ကို ချိတ်ပြီးရင် အဲဒီသုံးချောင်းပူး ငါးများချိတ်ကြီးကို ပေပါခွဲအလွတ်တစ်လုံးနဲ့ ခိုင်မြဲအောင် တွဲချည်ပြီး ရေမှာ ချထားရတယ်

အဲဒီတော့ ပေပါခွဲနဲ့ ငါးများချိတ်ကြီးဟာ ချောင်းရေအတက် - အကျမှာမျောနေတော့တာပေါ့ ရေအောက်မှာရှိတဲ့ မိကျောင်းက အဲဒီနွားအဆုပ်ကို လာမျိုမိတဲ့အခါ မိကျောင်းရဲ့ အူမှာ ငါးများချိတ်ကြီးက စူးဝင်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအခါမှာ မိကျောင်းတာ ဝေးဝေးကို မသွားနိုင်တော့ဘူး ဒီတော့မှ မိချောင်းထောင်ဖမ်းတဲ့သူက အဖော်တွေခေါ်လှေပေါ်တက်ပြီး မိချောင်းကို တမ်းစပ်ဆွဲယူလာခဲ့တော့တာပဲ

တမ်းကို ရောက်တဲ့အခါမှ မိချောင်းကို လှံနဲ့ထိုး ဓားနဲ့ခုတ်ပြီး သတ်ကြတယ်"

"ခင်ဗျားတို့ မိချောင်းဖမ်းပုံတွေက အတော်ထူးခြားတာပဲ - ဗျ"

"ဟုတ်တယ် . . မိချောင်းဖမ်းပုံ တတိယနည်းရှိသေးတယ်"

"ပြောပြပါဦး - ဗျ"

"အဲ့ဒီနည်းကတော့ မိချောင်းကို အဆိပ်နဲ့ဖမ်းတဲ့နည်းပဲ"

"ဘယ်လို . . မိချောင်းကို အဆိပ်နဲ့ဖမ်းတယ် ဟုတ်လား"

"ဟုတ်တယ်ဗျ - ကျွဲ (ဒါမှမဟုတ်) နွားအဆုပ်မှာ အဆိပ်ထည့်ပြီး ကြိုးမချည်ပဲ ဒီအတိုင်း ချောင်းရေထဲမှာချထားလိုက်ရတယ် . . ချောင်းရေအတက်-အကျမှာ အဲ့ဒီအဆိပ်ပါတဲ့ အဆုပ်က ရေတက်-ရေကျ မျောနေတယ် အဲ့ဒီအဆုပ်ကို မိချောင်းက တွေ့ပြီး မျိုမိရင် မိချောင်းသေရော . . မိချောင်းသေရင် -၂၄ နာရီအတွင်း ရေပေါ်ပေါ်လာတော့တာပဲ"

"ခင်ဗျားတို့ ဒီနည်းက တစ်ခြားငါးတွေကိုပါ အဆိပ်သင့်နိုင်တာပေါ့ . . တကယ်လို့ ငါးတွေက အဲ့ဒီအဆိပ်ရှိတဲ့ အဆုပ်ကိုစားမိရင် ဘယ်လိုလုပ်မလဲ"

"ဒါပေမယ့် -ကျွန်တော်တို့ဒေသမှာ ဒီလိုမျိုးဖြစ်တာ ရှားပါတယ်"

"အင်း . . . ခင်ဗျားက ခင်ဗျားတို့ဒေသရဲ့ မိချောင်းဖမ်းပုံ ဖမ်းနည်းတွေ အကြောင်းပြောပြတော့ ကျွန်တော်ကလည်း ကျွန်





တော် တာဝန်ထမ်းဆောင်ခဲ့ရဖူးတဲ့ အာဖရိကတိုက်က မိကျောင်းအာစေးထည့်တဲ့အကြောင်းကို ပြောပြရတာပေါ့ဗျာ . ."

"ဘယ်လိုဗျာ . . မိကျောင်းအာစေးထည့်တာ ဟုတ်လား . . ဘယ်လိုအာစေးထည့်တာလဲ"

"ခင်ဗျားသိချင်ရင် ကျွန်တော်လည်း ပြောပြရတာပေါ့ဗျာ . . သူတို့အာဖရိကဆိုတာက ကျွန်တော်တို့ဥရောပနဲ့ မတူဘူး - ခင်ဗျားတို့ အာရှနဲ့လည်း မတူဘူးဗျ . . ကျွန်တော်လည်း အဲ့ဒီအာဖရိကရောက်တော့မှ မိကျောင်းအာစေးထည့်တယ် ဆိုတာကြုံဖူးတာ - ဒီလိုဗျ"

ထို့နောက် ဒေါက်တာဝါနာဂျွန်က အောက်ပါအတိုင်း ပြောပြလေရာ ကျွန်ုပ်က ဖတ်ရှုသောင်းအောင် မိကျောင်းအာစေးထည့်ခြင်းအကြောင်းကို ရေးသား တင်ပြလိုက်ရပါသတည်း . . . ။

. . . xxx . . .

ဒေါက်တာဝါနာဂျွန်သည် 'တော့ဆို' ရွာကလေး၏ ဆရာဝန်တစ်ဦးဖြစ်သည်၊ ထိုရွာကလေးသည် ကျွန်းတန်းရှည်ကြီး၏ ထိပ်ဆိပ်တွင်တည်ရှိသည်၊ ကမ်းခြေ၏ တစ်ဖက်တစ်ချက်၌ 'မက်ဆာတင်းန်' မြို့ရှိသည်၊ 'တော့ဆို' ရွာနှင့် 'မက်ဆာတင်းန်' မြို့ကို မြစ်ကကန့်လန့်တာဆီးထား၏၊

ဒေါက်တာဝါနာဂျွန်သည် 'တော့ဆို' ရွာနှင့် 'မက်ဆာတင်းန်' မြို့ကို အမြဲတမ်းလူးလာခေါက်တုံ့သွားလာ နေရသော ဆရာဝန်တစ်ဦးမို့ အခေါက်ရေတိုပင် မမှတ်မိတော့ချေ၊

ဒီကနေ့ ဒေါက်တာဝါနာဂျွန်သည် ခရီးဖော်သုံးဦး လှော်သမားတစ်ဦးတို့နှင့်အတူ မြစ်ကြောင်းဖြတ်ကူးရန် တိုစွရှိလာပြီး မြစ်ကြောင်းဒေသသုံး ကနူးလှေပြင် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်၊ ကနူးလှေမှာ မြစ်ကို ဖြတ်ကူးခယူ၍ ပို့ဆောင်ပေးနေသော ဖယ်ရီလှေတစ်စင်းဖြစ်သည်၊

ကနူးလှေ်လှော်သူမှာ ဗိုင်းမိုးနွယ်စု နီဂရိုးကြီးဖြစ်သည်၊ နီဂရိုးကြီးသည် ဒေါက်တာဝါနာဗွန်နှင့် ခင်မင်သူဖြစ်သည်၊

"ဆရာ 'မက်ဆာတင်န်' ကိုပဲလား"

"ဟုတ်ပါတယ် - တိစ္စ ပေါ်လာပြန်ပြီလေ"

"အင်း .. ဆရာက တော့ ဗီမြစ်နိုးကို အကြိမ်အများ ဆုံးကူးရသူလို့ ကျွန်တော်ထင်တယ် .. ဒါ့ကြောင့်စက်တတ် လှေတစ်စင်းလောက် ဝယ်ထားပါလား - ဗျာ"

"ဝယ်ရမှာပေါ့ဗျာ .. ဒါပေမယ့် ကျုပ်မှာ ပိုက်ဆံအလုံ အလောက် မရှိသေးဘူး မဟုတ်လား"

"ဒါနဲ့ - ဆရာ .. ကျွန်တော့်မိန်းမ ညက ဝမ်းသွားနေပြန်တယ်"

"ဒါဆို - ဆားခါးတိုက်လိုက်ပေါ့"

"ဟား .. ဟား .. ဟား .. ဟား .. ဒေါက်တာတတော့ လုပ်ပြီ - ကျွန်တော်တို့ ဘာဖြစ်ဖြစ် ဆားခါးချည်းပဲ တိုက်နေပါလား .. ကျွန်တော်လည်း ဆရာနဲ့ ခင်မင်လာတာကြာတော့ အင်္ဂလိပ်ဆေးဝါးတွေ အကြောင်းတောင်မှ အတော်သိလာပြီ"

"ဟုတ်မယ်ဗျို့ - နောက်သုံးလေးနှစ်ဆိုရင် ကျုပ်လည်း ခင်ဗျားကို ဆရာဝန်ဘွဲ့အပ်နှင်းရတော့မယ်"

"မနောက်ပါနဲ့ ဆရာရယ် .. ကျွန်တော့်မိန်းမအတွက် ဆေးပေးခဲ့ဦးနော်"

"ပေးရမှာပေါ့ - ဗျာ"

"ဝုန်း"

"ဖြန်း"





သူတို့သည် လှေကလေး ပေါ်တွင် ဤသို့နောက်ပြောင်ပြောဆိုရင်း ခရီးထွက်ခဲ့ရာ ရေလမ်းခရီး၏ သုံးပုံနှစ်ပုံခန့် အရောက်တွင် ရေအောက်မှ တစ်စုံတစ်ခုနှင့် ရှိက်လိုက်သလို 'ဖြန်း' ကနဲ အရိုက်ခံရမှုကြောင့် လှေမှာ မှောက်သွား၏၊ ဒေါက်တာဝါနာဗွန်သည် ပလပ်စတစ်ဆေးထည့်သေတ္တာကို မိမိရရဖမ်းဆုပ်ထားနိုင်၍သာ ရေထဲမြုပ်

"အား ... အား ..."

"ဝူး ... ဝူး ..."

လှေပေါ်ပါလာသော လူ စုစုပေါင်းငါးဦးထဲမှ တစ်ဦးကို မိကျောင်းတစ်ကောင်က ကိုက်ဆွဲဝါးမြိုပြီး ရေထဲဆင်းသွား၏၊

ဒေါက်တာဝါနာဗွန်သည် ဆေးသေတ္တာကိုဖက်တွယ်ပြီး တမ်းခြေသို့ ပြန်လည်ကူးခတ်လာခဲ့သည်၊ လှေသမားနှင့်ကျန်လူများသည်လည်း အသေအလဲ ကင် တမ်းစပ်သို့ သူနောက်မှ တူး ခတ်နိုင်ခဲ့ကြသည်၊

ဒေါက်တာဝါနာဗွန်နှင့် ကျန်လူသုံးဦးတို့သည် 'တော့ဆို' ကမ်းစပ်မှနေ၍ မြစ်ပြင်ကို ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်ရှုနေကြ၏၊ သူတို့နှင့်တစ်လှေတည်းစီး တစ်ခရီးတည်းသွားခဲ့သော လူတစ်ဦးမှာ မြစ်ထဲမှာပင် သေဆုံးသွားခဲ့ပေပြီ၊

ဒေါက်တာဝါနာဗွန် စီးနင်းလာသောလှေမှာ မြစ်လယ်တွင် မိကျောင်းတိုက်ခိုက်ခံရသည်ဟူသော သတင်းမှာ 'တော့ဆို' ရွာကလေး၌ သာမက အနီးဝန်းကျင်ရွာများသို့ပါ ပျံ့နှံ့သွားပြီး 'မက်ဆာတင်န်' မြို့အထိပင် ပျံ့နှံ့သွားလေသည်၊

ဒေါက်တာဝါနာဗွန်သည် ဤသတင်းကြောင့် သူ့ထံသို့လာရောက် မေးမြန်းသူများကို ဒိုင်ခံဖြေရှင်း နေရသည်တာဝန် အလုပ်တစ်ခု ဖြစ်လာ၏၊

သူ - ဤဒေသ၌ ထာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်နေစဉ် ကာလအတွင်း ဤမြစ်ပြင်ကျယ်ကို တန္ဒူးလှေဖြင့် ဖြတ်သန်းသွားလာခဲ့သည်မှာ အကြိမ်ပေါင်းမနည်းတော့၍ ရိုးအီနေ(...)ပြီ၊ သို့သော် တစ်ခါတစ်ရံမျှ မိကျောင်းတိုက်ခိုက်ခံရသည်ကို မကြုံဖူးခဲ့ မကြားဖူးခဲ့။

ဒေါက်တာဝါနာဂျွန်သည် ထို့အတွက်ကြောင့် ပထမဆုံးအကြိမ်လန့်ဖျန့်သွားမိလေ၏။ နောက်တစ်နေ့ ရောက်သောအခါ သတင်းကောင်းတစ်ခု ရောက်ရှိလာ၏၊ ထိုသတင်းမှာ 'မက်ဆာတင်းန်' ဆေးရုံမှ ဒေါက်တာဝါနာဂျွန်အတွက် စက်တပ်လှေတစ်စင်း စီစဉ်ပေးခြင်းဖြစ်၏။

ထိုအချိန်မှာပင် သူ့ထံသို့ ကန္ဒူးဇလှေလှော်သမား နိဂရိုးကြီး ရောက်ရှိလာသည်၊

"ဘယ်လိုလဲ - ဆရာ ကျွန်တော် မပြောဘူးလား . . ဆရာ စက်တပ်လှေတစ်စီး ရဦးမှာပါလို့ အခု ဘယ်လောက်ဟန်ကျသလဲ - ဆရာ ဗိုဝီအထိသွားမလား . . နိုင်းလ်မြစ်ကို ဆန်တက်မလား . . ကြိုက်တာလုပ်လို့ရပြီ"

"အင်း . . ဒါတော့ ဒါပေါ့ကွာ - ငါတော့ ဒီအချိန်မှာ ဒီမြစ်ကိုဖြတ်တဲ့ သဘော်ာရှိရင်တောင် မဖြတ်ရဲတော့ဘူး"

"ဟား . . ဟား . . ဟား . . ဟား . . ဆရာရယ် ဒီလောက်တောင်လည်း မဟုတ်ပါဘူး - ကျွန်တော်တို့မြစ်ဟာ မိချောင်းမနေပါဘူး"

"တော်ပြီဗျာ - အခု ကျုပ်ရတဲ့စက်တပ်လှေကို ခင်ဗျား မောင်းပြီးတော့ လိုအပ်တဲ့ ရိက္ခာနဲ့ ဆေးဝါးတွေ . . ပြီးတော့ ကျုပ်ရဲ့ရိုပ်ပိုတွေကို ခင်ဗျားပဲ ပို့ပေးဟုတ်လား . ."

"ဒီလောက်တောင်လည်း မဟုတ်ပါဘူး ဆရာရယ်





. . ဆရာ ကျွန်တော်တို့ဆီကို ရောက်လာတဲ့ အချိန်ကစပြီး ကျွန်တော်တို့မြစ်ထဲမှာ မိကျောင်းရန် ကြုံဖူးလို့လား အခု တစ်ခါပဲ ကြုံတာ မဟုတ်လား"

"ဟုတ်တယ်လေ ဒါပေမယ့် - အခုကြုံရတာကလည်း တစ်ခါဆို ဆိုသလောက် မသေတာတဲ့ကောင်းတယ် မဟုတ်လား . ."

"ဒါဆို - ဆရာလိုက်ခဲ့လေ စက်တပ်လှေနဲ့ ပထမဆုံးခရီးထွက်မယ် ကမ်းနားအခြေနားကနေပဲ ကျွန်တော်မောင်းပို့ပါ့မယ် . . ဗိုဝီအထိသွားမယ် အဲ့ဒီမှာလည်း မိကျောင်းအန္တရာယ် မရှိစေရပါဘူး"

နိုင်းလ်မြစ် မိကျောင်းများသည် ဗိုဝီဒေသတွင် အုံလိုက်ကျင်းလိုက်နေသည်ကို ဒေါက်တာဝါနာဂျွန် မကြားခဏ ကြားဖူး၏၊ အခုပင် ဒေါက်တာဝါနာဂျွန်၏ လှေသူကြီးဖြစ်သွားသော နိဂရိုးကြီးက ဗိုဝီသွားရန် တိုက်တွန်းနေ၏၊

သို့သော် ဒေါက်တာဝါနာဂျွန်မှာ လောလောဆယ်တော့ ဘယ်မှ မသွားဝံ့သေးပေ၊ သူသည် သူ၏ မောင်းပြန်ရိုင်ဖယ်ကိုတော့ တမမလုပ်နေမိ၏၊

"ကျုပ်ကို သတ္တိနည်းတယ်လို့တော့မထင်နဲ့ဗျာ . . အခုလောလောဆယ် ဟိုတစ်နေ့ကတင် လူသားစားသွားတဲ့ မိကျောင်းကို အသေဖမ်းဆီးနိုင်ကြရင် - ကျုပ်တော့ မြစ်ထဲပြန်ဆင်းဝံ့ပါရဲ့"

"ဟား . . ဟား . . ဟား . . ဟား . ."

သူ့စကားကြောင့် နိဂရိုးကြီးက ရယ်မောလိုက်ပြီး . . .

"ဒီအကြောင်း ဆရာတို့ ကျွန်တော်အခုလာပြောတာပဲ ဒီလို ဆရာ 'ဂါရင်နာ' ရွာမှာ မိကျောင်း အာစေးတည်တဲ့သူရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် မိကျောင်း အာစေးတည့်တယ် ဟုတ်လား . ."

"ဟုတ်ပါတယ် - ဆရာ ဂါရင်ရွာဟာ တစ်ရွာလုံးနီးပါး ကလေးလူကြီးမကျန် မိကျောင်းကို မကြောက်ကြဘူး ဆရာရဲ့ . . သူတို့ဟာ မိချောင်းကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသလို မဖြစ်အောင် ကာကွယ်နိုင်တဲ့ စွမ်းအင်ထူးတွေရှိကြတယ်"

"ဟုတ်ရဲ့လားဗျာ-ကျုပ် ဒီရောက်တာ ကြာပြီ တစ်ခါမှ မကြုံဖူးပါဘူး"

"ဟုတ်ပါတယ် . . ဆရာရဲ့ အခုဂါရင်နာရွာက လူကြီးတစ်ယောက် ရောက်လာပါတယ် - အဲ့ဒါ ဆရာ မိကျောင်းရန်မှုခံရတယ်ဆိုလို့ . . သူက မိချောင်းအာစေး ထည့်ပေးမယ်တဲ့"

"ဟင် . . ဒါတွေကို ကျုပ် - နားမလည်ဘူးဗျာ အာစေး ထည့်တယ်ဆိုတာ ဘာလဲ ရှင်းပြပါဦး . ."

"ဒီလိုဆရာရဲ့ မိကျောင်း အာစေးထည့်တယ်ဆိုတာ သူပါးစပ်ကို ဟလို့မရအောင် လုပ်လိုက်တာပဲ . . အဲ့ဒီလို အာစေးထည့်လိုက်ရင် အဲ့ဒီမိကျောင်းဟာ ဒီမြစ်ထဲမှာ မနေဝံ့တော့ဘူး နေခဲ့ရင်လည်း ဒီမြစ်ထဲမှာနေသမျှ ပါးစပ်ဟလို့မရလို့ ဘယ်သူ့ကိုမှ ရန်မူလို့မရတော့ဘူး ရန်မူဖို့နေနေသာသာ အစာတောင်မှ စားသောက်လို့ မရတာကြောင့် နောက်ဆုံး ဗိုက်ကိုမြေးတာပဲ"

"ဗိုက်ဆိုတာ မိကျောင်းတွေအများကြီးရှိတဲ့ - အရပ်မဟုတ်လား"

"ဟုတ်တယ် - ဆရာ"

"ဗိုက်ရောက်တော့ အစာမှ စားလို့မရတဲ့မိကျောင်း မသေဘူးလား"

"မသေဘူးဆရာရဲ့ . . သူတို့အသိုက် ပြန်ရောက်ရင် အစာပြန်စားနိုင်သတဲ့"

"မင်းဟာက ဟုတ်မှ - ဟုတ်ရဲ့လားကွာ"

"ဆရာက လူဖြူမို့ မယုံကြည်တာနေမှာပါ ကျွန်တော်တို့ဒီဒေသက ဒေသခံတွေအားလုံး ဒါကို ယုံကြည်ကြပါတယ်"

"တောင်းပြီလေ . . ဒါဆိုရင်လည်း စမ်းသပ်ကြည့်ကြတာပေါ့ မဟုတ်ဘူးလား . ."

"စမ်းသပ်တာတော့ ဟုတ်ပါတယ် ဆရာ . . ကျွန်တော့်မှာ ပိုက်ဆံမရှိလို့"

"ဟေ . . ငါတို့ ဆရာဝန်တွေလို - သူတို့က စမ်းသပ်ခယူလို့လား"

"ဒီလို ဆရာရဲ့ . . ကျွန်တော်တို့ဓလေ့က အခု-ကျွန်တော်တို့ ငါးယောက်ရေလယ်မှာ မိကျောင်းတိုက်ခိုက်တာ ခံရတယ် - မဟုတ်လား . . အဲ့ဒီ မိချောင်းကို အာစေးထည့်ချင်ရင် ရန်မူခံရတဲ့ သူတစ်ဦးဦးကအာစေး ထည့်ဖို့ ကြက်ဖြူနှစ်ကောင် ရှမ်းအရက်တစ်လုံးနဲ့ အခွံမာသီးကိုလာ နှစ်ပြည်ပေးရတယ် - ဒါမှ အာစေးထည့်လို့ ရတယ် အဲ့ဒီ ပစ္စည်းတွေ ဝယ်ဖို့ ကျွန်တော်မှာ ပိုက်ဆံမရှိဘူး ဆရာရဲ့"

"အင်း . . . ခင်ဗျား ဥစ္စာက ဈေးကြီးလှချည်လား"

ဟုတ်ပေသည်၊ ဤဒေသ၏ ရှားပါးတန်ပစ္စည်းတစ်ခုဖြစ်သည့် ကြက်ဆိုသည်မှာ ဤဒေသတွင် အထူးဈေးကြီးပေးဝယ်ရသော ပစ္စည်းဖြစ်၏။

အရက် ဆို သည် မှာ လည်း ဤနည်းနှင်နှင် ကိုလာ အခွံမာသီးဈေးနှုန်းကရော ခေါင်ခိုက်နေ၏၊ အားလုံးပေါင်းလိုက်လျှင် တန်ဖိုးမှာ ဒေါက်တာဝါနာ၏ လစာတစ်ဝက်စာလောက်ဖြစ်၏.

သို့သော် ဒေါက်တာဝါနာ၏ အခွံမာတိုလာ[illegible] သာလျှင် ကုန်ကျ[illegible]






www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော် သူတွင် စားသောက်ရန် ကြက်များမွေးမြူထားပြီး၊ အရက်မှာလည်း ရမ် လေးငါးလုံးခန့် ရှိသောကြောင့် ဖြစ်လေသည်။

"ခင်ဗျား -သိပ်လုပ်ချင်ရင်လည်း လုပ်ပေါ့ဗျာ"

"စိတ်ချပါဆရာရဲ့ . . ကျွန်တော်တို့ လူမျိုးတွေရဲ့ ဂမ္ဘီရ အစွမ်းကို ဆရာမကြာခင် မြင်ရတော့မှာပါ"

ဒေါက်တာဝါနာဂျွန်သည် ကြက်နှင့် အရက်ပြီးတော့ အခွံမာကိုလာသီးဖိုးကို ယူသွားသော လှေသမားနီဂရိုးကြီး၏ ကျောပြင်ကို ကြည့်ရင်း သူ့အရပ်နှင့် သူဇာတ်တော့ ဟုတ်နေတာပဲဟု ကောက်ချက်ချလိုက်မိပေတော့၏။

. . . xxx . . .

ဒီကနေ့သည် မိကျောင်းအာစေးထည့်မည့်နေ့မို့ ဒေါက်တာဝါနာဂျွန်သည် အလုပ်မအားသည့်ကြားမှ သွားရောက်လေ့လာကြည့်သည်။

သူတို့မြစ်ထဲမှ သပြေးရှင်ပြေး ပြေးတက်ခဲ့ရသော ကမ်းခြေတွင် နီဂရိုကလေးလေးဦးခန့်နှင့် လူကြီးနှစ်ဦးသည် ကြက်တစ်ကောင်စီကိုင်ရင်း ကမ်းစပ်၌ မတ်တပ်ရပ်နေသည်။

ကြက်နှစ်ကောင်ကို ခြေထောက်မှ တစ်ယောက်တစ်ကောင်စီ ကိုင်ဆွဲထားကြပြီး ခေါင်းဆောင်ဖြစ်ဟန်တူသူ၏ လက်တစ်ဖက်၌ အရက်တစ်လုံးကိုင်ထားသည်။

ဒေါက်တာဝါနာဂျွန် နှင့် လှေသမားနီဂရိုးကြီးတို့သည် မြင်ကွင်းကို ကောင်းစွာ မြင်တွေ့နိုင်သော သစ်ပင်တစ်ပင်ပေါ်မှ အခြေအနေ ကိုလေ့လာကြည့်နေသည်။ ခေါင်းဆောင်ဖြစ်သူ၏ ရပ်ရည်မှာ အရက်အလွန်အကျွံသောက်လေ့ရှိသော လူတစ်ယောက်၏ မျက်နှာမှန်း အတိုင်းသားပေါ်လွင်နေသည်။

ဒေါက်တာဝါနာဂျွန်သည် ထိုသူတို့ဘာလုပ်မည်ဆိုသည်ကိုသာ မမိုတ်မသုန်သော မျက်လုံးဖြင့် ကြည့်ရှုနေမိသည်။ သည်လိုနှင့် အချိန်အတော်ကြာသွားသည်။ မိကျောင်းကား လုံးဝပေါ်မလာပေ။ ထိုအခါ ခေါင်းဆောင်သည် အရက်ပုလင်းကို တစ်ကျိုက်တည်း မော့သောက်ပစ်လိုက်သည်။

ထို့နောက် ကြက်နှစ်ကောင်ကို ဆွဲယူပြီး မြစ်ဆိပ်မှ ပြန်သွားလေသည်။

သည်တွင် ဒေါက်တာဝါနာဂျွန်က . . .

"ဒါ ဘာသဘောလည်းဗျ မိကျောင်းလည်းမလာပါဘူးဗျာ . . ပြီးတော့ အရက်ကို သူဘာသောက်ပစ်လိုက်ပြီး ကြက်နှစ်ကောင်ကိုလည်း ယူသွားပြီ"

"အင်း . . . ခက်တာပဲဆရာရယ် . . ဒါဆိုရင် မိကျောင်းက ကျွန်တော်တို့တို ရန်မူဖို့ စောင့်နေတာမဟုတ်ဝဲ သူသွားမယ့် ခရီးလမ်းကြောင်းတို ကျုပ်တို့ရောက်သွားလို့ ခရီးသွားဟန်လွဲ တိုက်ခိုက်တာပဲ ဖြစ်ရမယ်"

"ကျုပ် - မရှင်းဘူး . . နားမလည်ဘူးဗျာ"

ဒေါက်တာဝါနာဂျွန်၏ အမေးကြောင့် နီဂရိုးလှေသမားကြီးက ထပ်မံရှင်းပြ၏။

"ဟုတ်တယ်ဆရာ . . အာစေးထည့်တယ်ဆိုတာ မိကျောင်းက မြစ်ထဲလာပြီး ရမှ လုပ်လို့ရတယ်"

"ဒါဆိုရင်လည်း အရက်နဲ့ ကြက်ပြန်ပေးပေါ့ - ဗျာ"

"မဟုတ်ဘူး . . ဒေါက်တာရဲ့ အဲ့ဒီလို ပစ္စည်းကို ပြန်ပေးလိုက်ရင် - မိကျောင်းဟာ ဗိုဒြီးအတင့်ရဲတတ်သတဲ့ နောက်ပြီးနတ်တင်ပြီးဖြစ်တဲ့ ပစ္စည်းကို အခြားလူ ပြန်ယူခွင့် မရှိတော့







www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"အင်း . . . ခင်ဗျားတို့ ထုံးစံတလည်းခင်ဗျားတို့ အသာ စီးချည်းပါပဲလားဗျာ"

ဒေါက်တာ ဝါနာဂျွန်က ဤစကားကိုတော့ဖြင့် နှုတ်မှ ဖွင့်ပြောခြင်းမဟုတ်ဘဲ စိတ်ထဲမှသာ မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။

ထို့နောက် ဒေါက်တာ ဝါနာဂျွန်သည် ထိုကိစ္စအား မကျေနပ်၍ ထို "အာစေးထည့်မည့်သူ"ကို မေးသောအခါ၌လည်း နီဂရိုးလှေသမားကြီး ပြောဆိုသကဲ့သို့ပင် ပြောဆိုလေသည်။

ထို့ကြောင့် အောင့်သက်သက်ဖြင့်သာ ဒေါက်တာ ဝါနာဂျွန် ငြိမ်နေရတော့၏။

သို့သော် သိပ်မကြာပေ၊ သတင်းတစ်ခု ထွက်ပေါ်လာပြန်သည်။ မြစ်ထဲ၌ လှေနှစ်စီး မိကျောင်းအကိုက်ခံရပြီး လူနှစ်ဦး သေဆုံးသွားပြန်ပြီ ဆိုသော သတင်းဖြစ်၏။ ထိုသတင်းနှင့်အတူ လှေသမားနီဂရိုးကြီး တစ်ယောက် ဒေါက်တာဝါနာဂျွန်ထံသို့ ပေါက်ချလာလေ၏။

"ဗျို့ - ဘယ်လိုဖြစ်တာလဲဗျ . . လာပုံထူးတော့ မိကျောင်းကိုက်ခံရတဲ့ သတင်းကြောင့်လား"

"အစစ်ပေါ့ဆရာရယ် . . ဘာလဲ ခင်ဗျားမိကျောင်းအာစေး ထည့်ဦးမလို့လား"

"ဟုတ်ပါတယ် - ဆရာ"

ထိုစကားကို လှေသမားနီဂရိုးကြီးက ရိုးသားစွာ ပြောခြင်းဖြစ်ကြောင်း ဒေါက်တာဝါနာဂျွန် သိပေသည်။

"တော်ပါပြီဗျာ - ကျုပ်တော့ မထည့်နိုင်တော့ဘူး ထည့်နိုင်တဲ့သူထည့်ဗျာ"

ဒေါက်တာဝါနာဂျွန် စကားကြောင့် လှေသမားနီဂရိုးကြီး မျက်နှာပျက်သွားသည်။





"ဟုတ်ပါတယ်ဆရာ . . ကျွန်တော်တို့ မလေ့ထုံးစံအရ ဒီအမှုကို စတင်ရင်ဆိုင်ရသူတသာ မိကျောင်းအာစေးထည့်တဲ့ အလုပ်ကို ပေးချေရပါတယ် . . ဒီတစ်ခါ ဆရာ မကုန်ရပါဘူး ကျွန်တော်တို့ပေးပါ့မယ်"

သူ့စကားကြောင့် ဒေါက်တာဝါနာဂျွန် သူ့ကို သနားသွား၏။

"ခင်ဗျား ဘာလုပ်ချင်လို့လဲ"

"အင်း . . . ဒီလောက်ကြီးတော့ ကျွန်တော်တို့မတတ်နိုင်ဘူး . . . ဒီလိုလုပ်ပါဆရာ ဒီတစ်ခါ ဆရာအရက်ပုလင်းတစ်လုံးစိုက်ပါ-ကျွန်တော်တို့မှာရှိတဲ့ ပိုက်ဆံနဲ့ ဆရာဆီက ကြက်နှစ်ကောင် လက်ငင်းဝယ်ပါ့မယ် . . ကိုလာအခွံမာသီးကတော့ ကျွန်တော်တို့ စားနေတဲ့အထဲက တစ်ပြည်ကျန်တာ အာစေးထည့်ဖို့ နတ်ဆရာကို တောင်းပန်ပြီး ပေးလိုက်မယ် . . အရက်ဖိုးကိုတော့ ကျွန်တော် လှေလှော်လို့ရတဲ့ လခထဲက ဆရာနှုတ်ယူပါ"

သူ့မျက်နှာအမူအရာကြောင့် ဒေါက်တာဝါနာဂျွန်သည် နီဂရိုးကြီးကို သနားသွား၏။ ထို့အပြင် သူ့မျက်နှာအမူအရာကြောင့် သူတို့၏ အာဖရိက ထုံးစံများသည် ဤအတိုင်း အမှန်ဖြစ်လိမ့်မည်ဟူ၍ ယုံကြည်လိုက်၏။

သို့သော်လည်း ဒေါက်တာ ဝါနာဂျွန်သည် နတ်ဆရာကို နည်းနည်းမှ မကျေနပ်မိပေ။ သူ့ဝန်ထမ်းဖြစ်နေသော နီဂရိုးကြီးကို သနား၍သာ . . .

"ဒါဆိုလည်း . . ခင်ဗျားကြက်နဲ့အရက်ယူသွား ဒီပိုက်ဆံကိုလည်း ပြန်ယူသွားပါ ကိုလာအခွံမာသီးတိုသာ နှစ်ပြည်ပြည့်အောင် ဝယ်ပေးလိုက် ဟုတ်လား . . ဒါပေမယ့် ကြက်နဲ့ အရက်ဖိုးငွေကိုတော့ မိကျောင်းတို့ထ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဖမ်းမိရင် ကျုပ်မယူဘူး .. အရင်တစ်ခါကလို မမိရင်တော့ ခင်ဗျားကတိအတိုင်းဆပ်ပေတော့"

"စိတ်ချပါ - ဆရာ"

လှေသမားနိုဂရိုးကြီးသည် ပျော်ရွှင်စွာဖြင့် ထွက်ခွာသွားလေသည်၊

...xxx...

နောက်တစ်နေ့နံနက်တွင် ဒေါက်တာဝါနာဂျွန်ထံသို့ နိုဂရိုးကြီး ရောက်ရှိလာပြီး...

"ဆရာ.. ဆရာ.."

"ဟေ"

"အိပ်ယာက မထသေးဘူးလား ဆရာ - ဒီနေ့ စောစောမိကျောင်းကို အာစေးထည့်ကြမတဲ့ .. ဆရာလိုက်ကြည့်ပါလား"

"အိး.. ဝါး..."

ဒေါက်တာဝါနာဂျွန်က သမ်းဝေလိုက်ရင်း ..ယခင်တစ်ခေါက်ကလောက် တက်ကြွဟန် မရှိဘဲ...

"မင်းခေါ်တော့လည်း - လိုက်ရတာပေါ့ကွာ"

ဒေါက်တာဝါနာဂျွန်နှင့် လှေသမားနိုဂရိုးကြီးတို့ နှစ်ဦးသည် ယခင်တက်ကြည့်ခဲ့သော သစ်ပင်ထက်သို့ တက်လိုက်ကြ၏၊ ဤတစ်ကြိမ်တွင် သစ်ပင်ပတ်လည်၌ သူလို လူတော်တော်များများ မိကျောင်းအာစေးထည့်ပွဲကို လာရောက်ကြည့်ရှုနေကြ၏၊

အရင်တစ်ခါကလိုပင် နတ်ဆရာနှစ်ဦးက အရက်နှင့်ကြက်ကို ကိုင်ပြီး ကမ်းစပ်မှ မြစ်ဖက်သို့ မျက်နှာမူကာ မိကျောင်းကိုခေါ်နေ၏၊ သူတို့အနီးနံဘေးတွင် ကလေးလေးယောက်တမတ်တပ်ရပ်နေကြ၏၊ နာရီဝက်ခန့်အကြာတွင် မြစ်ထဲမှ ဝုန်းကနဲရေပွက်သံကြားရပြီး

"ဟော-ဆရာ မိကျောင်းကောင်လာနေပြီ သေသေချာချာကြည့် ပြေးမလွတ်ပါဘူးဆရာ .. ဘာဖြစ်လို့လဲဆိုတော့ မိကျောင်းဟာ ခရီးသွားဟန်လွှဲရဲတာ မဟုတ်ဘဲ တကယ့်ကို လူသားအသားစားလို့ ကောင်းမှန်းသိသွားပြီ .. ဒင်းမလာလို့ မရတော့ဘူး"





ထိုသို့ လှေသမားကြီးပြောဆိုနေစဉ်မှာပင် မိကျောင်းကြီးသည် ကမ်းစပ်ခေါင်းတင်လာသည်၊ ထိုအခါ နတ်ဆရာနှစ်ဦးက မိကျောင်းနှင့် ဝါးတစ်ရိုက်အကွာမှ ကြက်ဖြူနှစ်ကောင်နှင့် အရက်ကို ပြနေ၏၊

မိကျောင်းနှင့် ကလေးလေးဦးတို့မှာ ဝါးတစ်ရိုက် အကွာအဝေးပင် မရှိပေ၊ ထိုအခါ ဒေါက်တာ ဝါနာဂျွန်သည် ကလေးများအတွက် စိုးရိမ်သွားပြီး...

"ဟာ ဒီကလေးတွေတော့ သေတော့မှာပဲ"

"မစိုးရိမ်ပါနဲ့ဆရာ .. ဒါဟာ ဒီရွာက ကလေးတွေ မဟုတ်ပါဘူး .. မိကျောင်းနိုင်တဲ့ ဝါရင့်နာရွာက ကလေးတွေပါ"

"ဘာပဲဖြစ်ဖြစ် - မိကျောင်းကိုက်ရင် သေကုန်မှာပေါ့"

"စိတ်ချပြီး ကြည့်နေပါဆရာ .. မိကျောင်းဟာ နတ်ဆရာရဲ့ အမိန့်အောက် ရောက်နေပြီ ကလေးရှိမှန်းတောင် သတိမရတော့ဘူး"

ဟုတ်ပေသည်၊ မိကျောင်းသည် ကြက်နှစ်တောင်ကို မမှိတ်မသုန်ကြည့်နေ၏၊ ထိုအခါ နတ်ဆရာ၏ နောက်လိုက်က ကြက်တစ်ကောင်ကို ပစ်ကျွေးလိုက်၏၊ မိကျောင်းသည် ကြက်ကို ကိုက်ဝါးပြီး နောက် ထပ်မံပြီး ကြည့်နေပြန်၏၊

ဤတစ်ကြိမ်တွင် နတ်ဆရာက ကြက်ကိုပစ်မကျွေးဘဲ အရက်ပုလင်းကို လှမ်းပစ်လိုက်၏၊ မိကျောင်းက အရက်ပုလင်းကို ဝါးမျိုလိုက်၏၊ ထိုအခါ နတ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာက ကျန်သော ကြက်ကို ကိုင်ထားပြီး . .

"ဟေး . . . ငါတို့ အောင်ပြီကွ"

ဟု အော်လိုက်၏၊ ထို့နောက် နတ်ဆရာက ကျန်သော ကြက်တစ်ကောင်ကို ပစ်ပေးလိုက်၏၊ ကြက်မှာ ကြိုးတုပ်ထားသဖြင့် ထွက်ပြေး၍ မရ၊ အတောင်ပံခတ်ပြီး ရုန်းကန်၍သာနေ၏၊ မိကျောင်းသည် ကြက်ကို လိုက်လံဖမ်းဟပ်သော်လည်း ပါးစပ်ဖွင့်လို့မရ ဖြစ်နေ၏၊ မိကျောင်းသည် သူ့ပါးစပ်ကို ဖွင့်၏၊ လုံးဝ ဖွင့်မရတော့ပေ၊

သူ၏ အနေအထားကို သိရှိသွားသော မိကျောင်းသည် ရေထဲသို့ နောက်ဂျမ်းပစ်ပြီး ထိုးဆင်း ငုပ်လျှိုးသွားလေသည်၊

ဒေါက်တာဝါနာဂျွန်သည် အံ့ဩဘနန်းမြင်ကွင်းကြောင့် မယုံကြည်၍ မရတော့ပေ၊ မိကျောင်းမှာ အမှန်တကယ်ပင် အာစေးဝင်သွားပြီး ပါးစပ်ဖွင့်၍ မရဘဲ ရေထဲသို့ပြန်လည် ထွက်ပြေးသွား၏၊

ဒေါက်တာဝါနာဂျွန်တို့ သစ်ပင်ထက်မှ ဆင်းသက်လာသောအခါ နတ်ဆရာက ဒေါက်တာဝါနာဂျွန်ကို မြစ်ထဲရဲဝံ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း ပြောဆိုပြီး ပြန်သွားလေ၏၊

ဒေါက်တာဝါနာဂျွန်သည် နောက်ထပ်သူနေခဲ့သော 'တော့ဆို'ရွာနှင့် 'မက်ဆာတင်န်' မြစ်ပြင်ဘက်တွင် ထိုအချိန်မှစတင်ပြီး မိကျောင်းအန္တရာယ်ကို မကြုံတွေ့ရတော့ပေ၊

အံ့ဩဖွယ်ရာ အာဖရိကလူမျိုးတို့၏ မိကျောင်းအာစေးထည့်ခြင်းကို ဒေါက်တာဝါနာဂျွန်သည် မယုံဝံ့ဝံ့ ယုံဝံ့ဝံ့ဖြင့် လက်ဖျောက်မို့ ယုံကြည်လိုက်ရပေတော့၏၊

. . . xxx . . .

မြဘုန်းထက်



ဇော်ထက်

# ရှင်ဘယ်သူလဲ





www.burmeseclassic.com

www.burmeseclassic.com

## ရှင်ဘယ်သူလဲ. . . . ? ?



မြရဲ့ အိပ်မက်ညကမ္ဘာတွေ အထိ ယှက်နွယ် စိုးမိုးလာတတ်တဲ့ မျက်လုံးစိမ်းကိုကိုရယ်. . . .

စိမ်းလဲ့ကြည်ဝန်းနေတဲ့ မျက်လုံးတွေနှင့် မလိုက်ဖက်. . .၊

နူစင်ပို့ဖြစ်မှုတွေနဲ့ အံမစပ်တဲ့ ရက်စက်မှုတွေကတော့ ယုံနိုင်စရာတောင်မှ မရှိပါ။

ဆိုစဉ်က. . .

မြရင်သည် မျက်လုံးစိမ်းကိုကိုနှင့် အိပ်မက်ထဲမှာ ဆုံဆည်းခဲ့ရသည်ကား မဟုတ်. . .၊အိပ်မက်ရဲ့ အပြင်ဘက် မျက်မှောက်ကမ္ဘာမှာ ဆုံဆည်းဖို့ ဖန်လာခြင်းဖြစ်၏။

ဖန်လာသည့်နေ့က. . .၊

တောင်ခိုးတွေဝေနေသည်။ မြူခြေတွေဆိုင်းနေသည်။ နံနက်ခင်း၏ သဘာဝသည် အေးချမ်းမှုသရုပ်သကန်ကို ပကတိလှစ်ကျူးနေသကဲ့သို့ပါပဲ။

တောင်တန်း၏ တည်တန့်မှုသည် နှင်းငွေ့ဖြူတို့နှင့် ရောယှက်နေသည့်အခါ အနုပညာဓါတ်ခံရှိလေသူ ပန်းချီဆရာသမားတဦးအဖို့ နှလုံးအိမ်ကို နှိုးဆွဘိသို့ရှိသည်ပင်။

မြရင်ပန်းချီရေးချင်စိတ်ဖြစ်လာ၏။ တစ်ခါမှ 'ဖောက်ဂိုး' ရေးဆွဲဖူးခဲ့သည့် ပန်းချီသမားတော့ မဟုတ်။

အဲသည်နေ့က ရှုခင်းကောင်းကောင်းကို တွေ့နိုင်မည့် တစ်ထောင့်တစ်နေရာမှ နေရာယူလိုက်သည်။ ပန်းချီရေးဆွဲမယ်ဟု ပြင်လိုက်သည်ဆိုပါစို့. . .

ကိုကိုကတော့ မြရင် အပြင်ထွက်၍ရေးဆွဲမည်ကို မကြိုက်တာ လား။ အိမ်ပဲမြဲနေစေချင်၏။ ဖြစ်နိုင်လျှင် ရာမမင်းသားလို မယ်သီတာအတွက် စည်းပါ တားပေးသွားချင်သလိုမျိုး. . . . . .

ယခု ကိုကိုမသိအောင် မြရင် တိတ်တိတ်လေး ထွက်၍

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖို့ ကြံမိသည့်သဘောပါ. . .၊

ကိုကိုက တာဝန်ဖြင့် ခရီးထွက်နေတာမဟုတ်လား. . .၊

အိမ်မှာက ပမ်းကွဲညီမလေး သဲနုရယ်၊ မြရင်ရယ်. . . ဒါပဲ။ ကိုကိုနဲ့ပေါင်းရင်တော့ သုံးယောက်ပေါ့။ ခုတော့ ကိုကိုက ဒုရဲအုပ်ဆိုတော့ ပခုံးပေါ်က တာဝန်ဖြင့် အထက်က ပေးသော အမိန့်စေစားရာဖြင့် ခရီးတစ်ခုဆီ ရောက်နေသည်။

သို့နှင့် မနေ့က ကတည်းက မြရင်နှင့်သဲနု နှစ်ယောက်တည်းသာ အိမ်တွင် ကျန်ရစ်ခဲ့ရသည်။

ခုမနက် သဲနုကိုအိမ်မှာ နေခိုင်းထားခဲ့ပြီး ဘောက်ဒိုးဆွဲဖို့ မြရင် တစ်ယောက်တည်းအပြင် ထွက်လာခဲ့သည်။ ပန်းချီသုံးချောင်းထောက်စင်တွေ၊ ဆေးရောင်စုံဘူးတွေ၊ ပစ္စည်းကိရိယာထည့် သေတ္တာ၊ ပန်းချီရေးဆွဲဖို့ ကင်းပတ်ပြား စသည်တို့နှင့်အတူ တကယ့် ပန်းချီမကျော်တစ်ဦးအတိုင်း မြရင် သယ်ဆောင်ပြီး ထွက်လာခဲ့သည်။

ကိုကို သာသိသွားလို့ကတော့ ဘယ်လောက်ဆူပူမလိုက်မလဲ ဒေါသိတော့. . .၊ အတင့်ရဲလှချည်လား ညီမလေးရယ်ဟု ကရုဏာဒေါသဖြင့် ဆူပြောတော့မည်မလွဲ. . .။

တကယ်တော့. . .

ဖေဖေတို့ မေမေတို့က လူ့လောကထဲသို့ရောက်အောင် ဒီကိုကိုနဲ့ ဒီညီမအား မွေးဖွားပို့ဆောင်ပေးခဲ့သည်။ ပြေးကြည့်မှ ဒီမောင်နှမသာ ရှိသည်ဟု ပြောရမလိုမျိုး. . .၊ ခုတော့ ဖေဖေနှင့် မေမေတို့က မလွန်ဆန်နိုင်သော သခ်ါရတရားနောက်သို့ ကောက်ကောက်ပါသွားကြပြီ။

ကျန်ခဲ့သည်က ဒီမောင်နှမနှစ်ယောက်. . .။ ဒီတော့ ကိုကိုက အစ်ကိုကြီးအဖရာ ဖြစ်လာခဲ့ပြီပေါ့. . .။ မြရင် ကိုကိုရဲ့ အဆုံးအမအောက်မှာ နေရပြီပေါ့။

အဲ. . . တစ်ခါတ လေမှာတော့ သူညီမ မြရင်အပျိုဘော်ဝင်လာပြီကို ကိုကို အမှတ်မထင်သတိထားမိသိုက်ဟန်. . . ဒါကြောင့်လည်း "အပျိုဆိုတာ ဟိုလိုမထိုင်ရ ဒီလိုမထိုင်ရ"

ဟု သတိပေးသလို ဆုံးဘတ်သေး၏။

သိုက်စွဲအဆုံး. . . .



မြရင်ပန်းချီမဆွဲဘဲ ဝတ္ထုတွေ နိုးနိုးဖတ်တတ်သည်ကိုပါ စိုးရိမ်၏။ သို့မို့ကြောင့် မိန်းကလေးတွေကို ဆိုးမပဲ့ပြင်မှုပေးသော စာမျိုး. . . အညီအဟောက်ကင်းစင်သော ဝတ္ထုမျိုးတွေသာ မြရင်ကိုဖတ်စေခဲ့၏။

တက္ကသိုလ်ဘုန်းနိုင်၊ ခင်နှင်းယု၊ ယုဝတီကြည်ဝေ စသည့် စာရေးဆရာတို့သာ ဖတ်ရမည်ဟု ကန့်သတ်ပေးခဲ့သည်။

အဲ. . . ဝတ္ထုဖတ်ရှုခြင်းကလွဲ၍ ပန်းချီရေးဆွဲခြင်းကိုတော့ ကိုကိုက အစွမ်းကုန်လွတ်လပ်ခွင့်ပေးထားသည်။ ကိုကို ကိုယ်နှိုက်ကလည်း ပန်းချီရေးသည်ကို ဝါသနာပါသည်ပဲ။

စိတ်၏ဖြေသိမ့်ရာ နယ်မြေဟု သတ်မှတ်ထားသည်ပဲ။

ဒုရဲအုပ်တာဝန်ကြားမှာ အားလပ်နိုင်အောင်ရှိသည့် အချိန်တိုင်းတော့မှပင် ကိုကိုသည် စုတ်တံကို စွန့်ပြီးသေနတ်ကို ကိုင်ရတော့သည်။

မြရင်သည် တက္ကသိုလ်ကျောင်းပိတ်ရက်အတွင်း သဲနုနှင့်အတူ အိမ်မှုကိစ္စများ ဂျင်ခြေလည်ခဲ့ရင်း အားလပ်ချိန်လေးများမှာ ပန်းချီကိုဝါသနာတစ်ရပ်အနေနဲ့ လုလုနေခဲ့သည်။ ရံဖန်ဝတ္ထုစာအုပ်တွေနဲ့ နှစ်ပါးသွားခဲ့သည်။

တကယ်တော့. . .

အချစ်ကို မထိတွေ့ဖူးသေးသူတစ်ယောက်အဖို့ စိတ်ကူးယဉ်ခြင်းအကြောင်းများသည်။ စာအုပ်တွေထဲ ပန်းချီတွေထဲမှာသာ ရှိနေနိုင်သည်မဟုတ်ပါလား။

ယခုလည်း. . . . မြရင်သည် စိတ်အာရုံတစ်ခုလုံးကို ပန်းခြံကားချပ်တွင် နစ်မြှုပ်ထားခဲ့ပြီး နှင်းမြူတွေကြားက ရှုကွင်းရှုကွက်တော့ကြားအကြည့်ကိုလွှတ်ထားခဲ့သည်။

ထိုအချိန်အခိုက်အတန့်မှာပဲ. . .

မမျှော်လင့်ဘဲ နားထဲသို့ ဝရုန်းသုန်းကားနှင့် ဝင်လာသော ခြေသံများ လှုပ်ရှားသံများ. . .

"ဟင်"

မြရင်၏ စုစည်းထားခဲ့သော အတွေးအာရုံတို့သည် တည် ကြည်လင်လှသော ကန်ရေ ခဲလုံးတစ်လုံးခုန်ဆင်း ဝိုင်းတွေထလာလျှက် နော

www.burmeseclassic.com

www.burmeseclassic.com



သွားရတော့သည်။

နားထဲမှာ အသေအချာ ဝေခွဲကွဲပြားလာသည်ကတော့ တစ်ယောက်နှင့်တစ်ယောက် ထိုးကြိတ် သတ်ပုတ် ရုန်းရင်းဆန်ခတ်နှင့် ရှိနေသံတွေပင် ဖြစ်နေခဲ့သည်။

တမဟုတ်ခြင်းပင် နှင်းမြူ ပန်းချီမြင်ကွင်းကြားထဲမှ လှုပ်ရှားလာလေသော ဘတစ်ပြန် ကျားတစ်ပြန်တိုက်ခိုက်နေသော လူလုံးနှစ်ခု...။

အနုရသကို ဆေးရောင်ဖြင့် ကားချပ်ပေါ်တင်ဖို့ကြိုးစားနေသော ပန်းချီဆရာမလေးမြရင်၏ နှလုံးသား ကန့်ရေပြင်သည် လှုပ်ရှားဆူပွက်ရလေပြီ။

လူလုံးနှစ်ခုတွင် တစ်ယောက်ကတော့ လူလတ်ပိုင်း...

နောက်တစ်ဦးက အားကောင်းမောင်းသန်လူရွယ်တစ်ယောက်...။

နှစ်ယောက်စလုံးမှာ ဂျင်းဂျာကင်ပြာပြာများဆင်တူဝတ်ဆင်ထားခဲ့၏။

သူတို့နှစ်ယောက်သည် တစ်ယောက်က လေးဆယ်ကျော်၊ တစ်ယောက်က နှစ်ဆယ့်ငါးနှစ်ပတ်လည်လောက်တော့ ရှိလိမ့်မည်။

မြရင် ငေးကြောင်ကြည့်နေဆဲ....။

အပေါ်စီးရသွားလာသူ လူငယ်၏လက်ထဲမှာ ဓါးတစ်လက် ရောက်လာလေသလို အောက်မှ ရောက်နေသော လူ၏ရင်ဘက်ထက်သို့ လက်နက်၏ထိပ်ဦးချွန်က စွပ်ကနဲ...စွပ်ကနဲ...။

"အား..အား..အား"

"ဘုရား..ဘုရား"

မြရင်ပါးစပ်ကို လက်နှင့် ဖုံးဖိ၍ ဘုရားတ,မိသွား၏။ တစ်ကိုယ်လုံး တုန်ခါကာ တဆတ်ဆတ် နှင့် ရှိလာရသည်။

ရင်ထဲမှာ ပို့ချင်သလို အန် ချင်သလိုချည်း ဖြစ်သွား၏။

တစ်ကိုယ်လုံးသို့ ကြောက် စိတ်များဖြန့်လွှမ်းလာခဲ့ချေပြီ။

ခုမှပဲ အောက်ဒိုးထွက် မ... ဖို့ပြောခဲ့သည့် ကိုကိုအမိန့်ပေါ်လွှ... ဆန်ပြီး ပြက်ရယ်ပြုသလို လုပ်... သည့် မိမိအပြုအမူအပေါ် မြ... နောင်တတစ်ထမ်းကြီးရလာခဲ့သည်

ဓါးနှင့် ရက်စက်ဝံ့ခဲ့သော လူငယ်သည် ကိစ္စပြီးသွားသလို ဓါးကိုမြေကြီးမှာ သုတ်လျက်ခါးတွင် ထိုးသွင်းထားခဲ့ရာက ဒယိမ်းဒယိုင်ဖြင့် ထရပ်လာသည်။



တစ်ပြိုင်နက်ပင်...

သူ့အကြည့်တွေက မလှမ်းမကမ်းမှာရောက်နေသည့် မြရင်ပေါ် ရောက်လာခဲ့ရင်း...

"ဟင်...မိန်းကလေး တစ်ယောက်ပါလား"

လူငယ်၏ပါးစပ်မှ ဆီးမန်းမန်းသလို နှုတ်ခမ်းများလှုပ်တွန့်သွားခဲ့ပြီး ခြေလှမ်း၏လမ်းကြောင်းကပါ မြရင်ဆီသို့ ရွေ့ရှုလာလေ၏။

"ဟယ်...တော်"

မြရင်အတော်လှေ့း ခေါင်းနပမ်းကြီးမိသွားသည်။ ရင်ထဲမှာလည်း ဒိန်းခနဲမြည်သံ...

လူရွယ်က စက်ရုပ်တစ်ရုပ်လိုပင် တရွေ့ရွေ့တက်လာစဉ်မှာပဲ မြရင်ကို အထူးစွဲငြိလှုပ်ရှားသွားစေသည်ကတော့ ထူးခြားစွာအရောင်တွေလွင့်ဖြာနေသော အကြည့် မျက်လုံးအစုံ...ထိုမျက်လုံးအစုံမှာ ကြောင်မျက်လုံးတွေကဲ့သို့ စိမ်းလွင်နေလျက်...

ယောက်ျားသားတစ်ဦး၏ ခုလိုအကြည့်မျိုးကို လေးလေးနက်နက် မခံစားရဖူးသော အပျိုမလေး မြရင် တစ်ကိုယ်လုံး နတ်ကျသလို တုန်လှုပ်လာလေပြီ...

ပြီးတော့...ထိုသူကား လူသတ်သမားလေးပါလား ဆိုသော အသိ၊ ဒီနေရာတစ်ဝိုက်တွင် အကူအညီပေးနိုင်မည့်သူမရှိပါလား ဆိုသော အတွေးများဖြင့်...။

"ကျ...ကျွန်မကို ဒုက္ခမပေးပါနဲ့လားရှင်...ကျ...ကျွန်မ"

မြရင်၏ အသံထဲ၌ ငိုသံပါ လွန့်လူးသွားသလိုရှိသည်။ တစ်ခါဖူးမျှမဖြစ်ပေါ်ဖူးသော တောင်းပန်သံမျိုးကိုပြုမိသည်။ လူရွယ်သည် မြရင်အနီးအရောက်မှာကနဲ ဖော်ကနဲ လည်ပင်းကို ဖက်ပွေ့လာလျက် နဖူးပြင်အထက်သို့...

"ရွတ်"

"အို"

မြရင် မိုက်ခနဲဖြစ်မိသ... ရှိပြီးမှ မျက်လုံးတွေ ဖွင့်ကြည့်... တော့ ထိုသူအားမတွေ့... ထို့ကြောင့် ...

ဘယ်ပျောက်သွားပါလိမ့် မြင...

www.burmeseclassic.com

www.burmeseclassic.com



ရေရွှတ်မိ၏။

အိပ်မက်. . .

အိပ်မက် မက်တာတော့ မဟုတ်ပေမဲ့ အိပ်မက်အသွင်ပါပဲလား. . .။ မြရင်၏မျက်လုံးထဲတွင် တ ဒင်္ဂကြာ ရင်ဆိုင်မှုရသည့် လူရွှယ်၏မျက်လုံးစိမ်းစိမ်းများ စွဲထင်နေဆဲပင်ရှိသည်။

ဩော်. . .

ဒီလူရွှယ် ဘယ်ဘဝက သိုလ်ကံကြောင့် ဒီလိုရက်စက်ပြီး လူမဆန်သည့်လောကထဲ ရောက်နေပါလိမ့်ကွယ်. . .

"သူ. . . သူ. . . ဘယ်သူလဲ"



မြရင် နှောင်များမှာ အပြင်အောက်ဒိုးထွက်မဆွဲတော့. . .

မျက်လုံးသူငယ်အိမ်က တစ်ဆင့် အသည်းနှလုံးထဲသို့ ဝင်ရောက်လာခဲ့မိသော မျက်လုံးစိမ်းကိုကို၏ ပုံရိပ်တို့သည် ပန်းချီကားချပ်ဖြစ်လာခဲ့ပြီတည်း။

ကိုကိုသိလို့ မဖြစ်ဘူး။

သိသွားခဲ့လို့ "ညီမလေး ဒါဘယ်သူ့ပုံလဲ"

ဟု မေးမြန်းစူးစမ်း လာခဲ့သော် မခက်ပါလားရှင်. . .။

သဲနုကိုလည်း ဒါဘယ်သူ့ပုံလဲဆိုတာ မပြောဖို့ ပါးစပ်ပိတ်ခိုင်းထားရသေး၏။ ပြီးတော့. . .

"မမ ဒီပုံဆွဲနေတာကို ကိုကို မသိစေနဲ့နော်. . ကြားလားသဲနု"

ဩော်. . . မြရင်ကို အမြဲ အရိပ်တကြည့်ကြည့်နှင့် ရှိနေသူ



ကိုကို။ ရဲနှင့် စုံထောက်တို့၏ သင်တန်းရည်ဝနေသော ကိုကိုသည် တစ်နေ့ တိတ်တိတ်လေးပင် ဝင်ရောက်လာလျှက်. . . .

"ဒါဘယ်သူ့ပုံလဲ. . . ညီမလေး"

"အလို. . . ကိုကိုပါလား"

မြရင် နှလုံးသားတွေ ပုစွန်ဆိတ်လို ခုန်ပေါက်သွား၏။

"အင်း. . . မဟုတ်မှလွဲရော ဒါဟာ ခုတလော နာမည်ကြီးလာတဲ့ မင်းသားရဲ့ပုံပဲ ဖြစ်ရမယ်. . ဟုတ်တယ်မဟုတ်လား"

"ဒါ. . . ဒါ. . . အယ်. . အယ်. . . ဟို. . . ဟို"

"ကဲပါ. . . ညီမလေးမြရင်ရယ်. . . အရမ်းကြောက်ပြီး တုန်နေပါနဲ့ကွယ်၊ ကိုကိုက ညီမလေးပုံရေးတာကို ဆူမလို့ ငေါက်မလို့ စစ်နေတာမဟုတ်ပါဘူးလေ၊ ညီမလေးပန်းချီက အသက်ဝင်လွန်း အားကြီးလို့ တစ်ယောက်ယောက်ကို မော်ဒယ်လုပ်ပြီး ရေးထားသလား လို့ပါ"

"အယ်. . . အယ်. . . မဟုတ်ပါဘူး ကိုကိုရယ်။ အမြဲ သက်ငြိမ်ရှုခင်းတွေကိုပဲ ရေးနေရလို့ တစ်ခါတစ်လေစိတ်အပြောင်းအလဲ သဘောနဲ့ လူရုပ်ရေးကြည့်တာပါ။ ညီမလေးစိတ်ကူးထဲဝင်လာတဲ့ လူရုပ်ကိုချရေးကြည့်မိတာပါ. . . ရုပ်ရှင်ထဲက မင်းသားရဲ့မျက်နှာပုံစံ ညီမလေးရဲ့ စိတ်ကူးထဲမှာ စွဲနေလို့ နေမှာပေါ့"

"အင်း. . . ဒါပေမယ့် ဆန်းတော့ဆန်းနေသား. . . ညီမလေး ခုဆွဲထားတဲ့ လူရုပ်ထဲက မျက်လုံးမျိုးကိုတော့ ကိုကို သေသေချာချာ မြင်ဖူးခဲ့သလိုပဲ. . .။

ကဲပါလေ. . . ကိုကို စိတ်ထင်နေတာလဲ ဖြစ်ချင်ဖြစ်မှာပဲ"

ကိုကို ဒုရဲအုပ်ကြီးရဲ့ စကားသည် ပန်းချီဆရာမလေး မြရင်၏ ရင်ကို မလုံ၏သို့. . . လုံ၏သို့. . .



www.burmeseclassic.com

www.burmeseclassic.com





တစ်နေ့ ဗိုလ်ချုပ်ဈေးမှ ပန်းချီအတွက် လိုအပ်မည့်ဆေးတို့ စုပ် တံတို့ ဝယ်ယူပြီးထွက်အလာ စတိုးဆိုင်တစ်ခုတွင် လူတွေရုတ်ရုတ် သဲသဲဖြစ်နေတာကို သွားတွေ့၏။

ထိုစဉ်မှာပင် ဆိုင်ထဲက တစ်ဆင့်ဝရန်းသုဦးကားနှင့် ပြေး ထွက်လာသော ယောကျ်ားသား နှစ်ဦး. . .

တစ်ယောက်၏လက်တွင် တော့ဆွဲအိတ်အနက်ကြီးပါလာလေ၏။ သူတို့တစ်တွေ အနုကြမ်းစီးပြီး ထွက်လာသည်ကတော့ သေချာနေ၏။

အဘယ်ကြောင့်ဆိုလေ သော် သူတို့နှစ်ယောက်စလုံးမှာ မျက်နှာကို ဖျောက်ကွယ်ထားလေ သည့် မျက်နှာဖုံးကိုယ်စီပါလာကြ လေ၏။

သည်စဉ် မလှမ်းမကမ်းမှ အသင့်ပြေးလာသော ကားတစ်စင်း . . . နောက်ခန်းတံခါး အဆင်သင့် ဖွင့်မောင်းလာလျက်. . .။

ဂမူးရှူးထိုးပုံစံဖြင့် နောက် ခန်းထဲသို့ ကိုယ်တွေကိုပစ်ဝင်လိုက် ကြ၏။

သို့သော် . . . ဇောဆို သည်မှာ လစ်ကွက်ဟာကွက်ချော် ကွက်တွေ ရှိလာမည်ကို ရုတ်တရက် မသိနိုင်။

အိပ်နက်ကြီးနှင့်လူ ဇော ကြီးကြီးနှင့် ဖွတ်အခုန်အဝင်မှာပင် မျက်နှာပေါ်က မျက်နှာဖုံး သားရေ ကြီးက တံခါးစွန်းတွင် ငြိကျန်သွား ၏။

ထိုအခါ ဖုံးကွယ်ထား သည့် မျက်နှာကို လှစ်ပြလိုက်သကဲ့ သို့ ဖြစ်သွား၏။

လျှပ်တပြက် ရေးရေးတွေ့ လိုက်သည့် ထိုသူ့မျက်နှာကြောင့် "ဟင်" ခနဲဖြစ်သွားရသူမှာ မြရင် ပါတည်း။

တံခါးကို ကမန်းကတန်း ဆွဲပိတ်ပြီး ခေါင်းငုံ့ချသွားပေမဲ့ မြရင် သူဘယ်သူဆိုတာသိလိုက်ရပြီ. . .

သူ. . . သူ. . .



တခြားသူဟုတ်ပါရိုးလား။

မျက်လုံးစိမ်းကိုကိုရယ်. .

ဩော်. . .

သူ ဒုစရိုက်တွေ တစ်ခုပြီး တစ်ခု တစ်မျိုးပြီးတစ်မျိုး ကျူးလွန် လို့နေပါပကောကွယ်. . .

မြရင်မျက်လုံး မမှားတန်ရာ ပါ။ ဖျတ်ကနဲ တ ဒင်္ဂတွေ့လိုက်ရ လင့်ကစား သူမှ သူဆိုတာ သိလိုက် ရသည်။

ကားနက်ကြီးက ကားဘီး ပွတ်ကြိတ်သံတွေနှင့်အပြိုင် အဟုန် ပြင်းစွာပင် လမ်းမကျယ်ကြီးတစ်ခု ထဲသို့ တစ်ဟုန်ထိုးမောင်းပြေးသွား လေသည်။

နောက်မှ လူတွေ. . . လူ တွေယောက်ယက်ခတ်လျက် ဆူပွက် ကျန်ရစ်တော့သည်။

မြရင် ငူငိုင်ဆဲ. . .



မြရင်သည် မျက်လုံးစိမ်း ကိုကို၏ စိတ်ကူးပုံတူကိုကြည့်ပြီး ငူငိုင်နေဆဲပင် ရှိသည်။

ထိုအခိုက် မြရင်၏အကြား အာရုံ နားအစုံသို့ ကိုကို တစ်ခါက အစ်အောက်ခဲ့ဖူးသော စကားသံ တွေသွားကြားယောင်သည်။

"ညီမလေး မြရင်ရဲ့ပုံက တော့ တော်တော်ပြီးစီးနေပြီပဲ၊ ကိုကို့ပေါ်မှာ ညီမလေး တစ်ခုခု ထိန်ချန်နေတယ်ဆိုတာ ကိုကို သိတယ် ညီမလေး။ ကိုကို့ကို မှန်မှန် ပြော အဲဒါဘယ်သူ့ပုံတူလဲ။

ကိုကို ဒုရဲအုပ်ကြီးက သည် သို့ပင် စူးစမ်းခဲ့ဖူးသေးသည် မဟုတ် လား။ မြရင် ကိုကို့ကို ဘယ်လိုပြော မလဲရှင်။

တကယ်တော့ မြရင် စကတည်းကပင် ထိန်ချန်ခဲ့ပါ သည်။ တစ်ခုသော [illegible]

www.burmeseclassic.com



းတောင်ခြေဆိုင်းဆိုင်းတုန်းက သူသတ်မှုကို မြင်ကိုယ်တွေ့. . . မျက်လုံးစိမ်းကိုကို၏ လက်ချက်ဖြစ်ကြောင်း ဝင်ရောက်အစစ်မခံမိခဲ့. . .။



လူငယ်၏ ကိုယ်လုံးအထက်ပိုင်းသည် [illegible]ကျီဇလာ. . . ထို့ကြောင့် ကိုယ်အထက်ပိုင်းကြွက်သားတွေသည် အမြောင်းမြောင်းအလိပ်လိပ်နှင့်ရှိသည်။

သူတို့ထိုင်ခုံတစ်လုံးတွင် ထိုင်စေခဲ့၍ ဝိုင်ယာကြိုးဖန်သီးများရှိလေသော သားရေခါးပတ်ကြီးဖြင့် ဝမ်းဗိုက်မှာ ပတ်ထားလေလျက်သား။ သူ့ဦးခေါင်းအထက်ပိုင်းကတော့ ဖွင့်ဟထားလျက် ဝိုင်ယာကြိုးအမျှင်များကဲ့သို့ ကြိုးနှင့်ကြိုးပြာတွေမှာ ထိုးထောင်မွှာရှိနေ၏။

လူငယ်၏ ရှေ့မှောက်မှာ ဆရာဝန်လောင်း ကုတ်အကျီဖြူဖြူရှည်ရှည်ကို ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်တစ်ဦးက ထူသောမျက်မှန်ဒီဂရီပါပါကြီးဖြင့် ပွင့်နေသော ဦးခေါင်းကို လက်တစ်ဖက်ဖြင့် ကိုင်ထားသလို ကျန်သည့်တစ်ဖက်က



ဇာဂနာလိုညှပ်ဖြင့် တစ်စုံတစ်ရာကို ညှိနေခဲ့၏။

သည်စဉ်. . .

အမှောင်ခန်းအကွယ်ဆီမှ ဟိန်းနေသောအသံက. . .

"ပျံလွှား"

ထိုနာမည်ခေါ်သံသည် ပျံလွှား. . . လွှားလွှားလွှားနှင့် ပဲ့တင်ထပ်သွားလေတော့သည်။

ထို့နောက် ထိုအသံကပင် ထပ်မံ၍. . .

"မင်းရဲ့မျက်နှာကို ကောင်းကောင်းမှတ်မိသွားတဲ့ မိန်းကလေးတစ်ယောက်ရှိနေပြီ. . .၊ အဲဒီ မိန်းကလေးကတော့ ပန်းချီဆရာမလေးတစ်ယောက်ပဲ"

စကားသံကြီးက ဟိန်းနေသည်။ ဩ၍ပဲ့တင်သံများ ထပ်နေသည်။ ဆရာဝန်လောင်းကုတ်ဖြူကြီး၏ ဦးခေါင်းကို အကိုင်ခံထားရသော ပျံလွှားဆိုသူ မျက်လုံးစိမ်းကိုကိုသည် မျက်လုံးများမီးလင်းလက်လာသလို [illegible]န်းဝန်းနှင့် လည်လာလေသည်။

"အဲဒါတို့အားလုံးအတွက် အချိန်မရွေး အန္တရာယ်ကျရောက်လာနိုင်မယ်၊ ပြီးတော့လဲ သူ့ဆီမှာ မင်းရုပ်ပုံ ပုံတူမျက်နှာပန်းချီကားချပ်ရှိနေသေးတယ်. . .။

အဲဒီ မိန်းကလေးရဲ့အစ်ကိုဆိုတာလဲ ငါတို့ ဒုစရိုက်သမားတွေရဲ့ ရန်သူဖြစ်တဲ့ ဒုရဲအုပ်တစ်ယောက်ပဲ. . .။

သူဟာ တစ်နေ့မဟုတ်တစ်နေ့ မင်းဖြစ်ကြောင်း သိသွားခဲ့ပြီးနောက်ကျယ်က တို့ရဲ့ စခန်းလဲခြေရာခံလိုက်နိုင်စရာရှိမယ်"

"အဲဒီတော့"

"အဲဒီတော့". .

အဲဒီတော့ဆိုသော အသံများက ပဲ့တင်ထပ်အောင်ပဲ လိုက်သံပေါက်ခဲ့ရင်း. . . .

"မင်း အဲဒီကောင်မလေးကို အပြီးအပိုင် နှုတ်ပိတ်ပေးရမယ် ပျံလွှား၊ အဲ. . . မင်း မပြန်လမ်းပို့ပေးမယ့် မိန်းကလေးရဲ့ နာမည်ကတော့ မြရင်ဟဲ့၊ နေတာက သင်္ဃန်းကျွန်း မြဂေဟာမှာ"

မြရင်. .

သင်္ဃန်းကျွန်း၊ မြဂေဟာ

ဆိုပါကလား. . . .

မြရင် အိပ်မက်ရင်ခွင်ထဲက ထမင်းလုံးတစ္ဆေခြောက်ခံရသလိုပင် လန့်နိုးသွား၏။ အိပ်မက်. . .

အိပ်မက်ဆိုပေမဲ့ တကယ်ကြုံတွေ့ခံစားလိုက်ရသည့်အတိုင်း ပါပဲကလား. . .။

မြရင် ထထိုင်မိသွားရင်း အိပ်မက်ထဲက မျက်လုံးစိမ်းကိုကိုအား သတိတရ စွဲလမ်းဆဲရှိနေသည်။ အိပ်မက်ထဲက ကြုံသည့်ဖြစ်စဉ်ကိုလည်း သတိမှတ်ဉာဏ်ထဲမှ ဖျောက်ဖျက်၍မရခဲ့။

ရင်အဖုံမပြေသေး. . . ရင်နှစ်မြွှာအစုံမှာ လှိုင်းလို နိမ့်လိုက်မြင့်လိုက်နှင့် လှိုက်လှိုက်လှဲလှဲပင် ခုန်နေ၏။

သဲနုလေးကမျာမှာတော့ ဘာမှမသိရှာပါပြီ။ မြီးကောင်မလေးတို့၏ သဘာဝအတိုင်း အပူအပင်အကြောင့်အကြမဲ့စွာ ဟစ်ဘက်သို့ ခေါင်းလှဲအိပ်နေဆဲပင်။

မြရင် ခုတင်ပေါ်မှာ ထိုင်လိုက်မိသည်။ ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို အိမ်ထဲသို့ဝင်ရောက်လာလေသော ချိုးချိုးချွတ်ချွတ် အသံတစ်ခု. . .

မြရင် ကမန်းကတန်း ခြင်ထောင်စကို ဆွဲလှန်ထွက်လိုက်လျက်. . . .

"ဘယ်သူလဲ"

မေးလို့မှမဆုံးခင် တံခါးဝမှ ပေါ်လာသော လူရိပ်ကြောင့် "ဟယ်" ခနဲ အာမေဋိတ်သံ ထွက်သွားတော့သည်။

သူ. . . သူ. . . မျက်လုံးစိမ်းကိုကို. . .။

လက်ထဲမှ ဓါးတစ်လက်ကိုင်လာလျက်သား. . .

"ရှင်. . . . . ရှင်. . . လူသတ်သမား. . . ကျွန်မ အခန်းထဲက ထွက်သွား"

"ဪအဟော်. . . မင်းက ငါ့ကို မှတ်မိနေပေသကိုး. . . ဒါဆို မမေ့သေးဘူးဆိုတဲ့ သဘောပဲပေါ့လေ"

"ရှင် ကျွန်မအခန်းထဲက ထွက်သွားပါ၊ မဟုတ်ရင် ကျွန်



ကျုံးအော်လိုက်မယ်"

မြရင် စကားအဆုံး ထိုလူ၏ မျက်လုံးစိမ်းစိမ်းများတွင် အလူမီနီယန်လို အရောင်ပြန်များ တဖျတ်ဖျတ်တောက်လက်လာ၏။

ထိုစဉ်မှာပင် သဲနုလည်း လန့်နိုးပြီး ခုတင်ပေါ်က ကပြာကသီထပြီး မြရင်နောက်နား ကပ်၍ရပ်လာလေ၏။

"ဟင်. . . မမ"

ထိုခဏ၌ မျက်လုံးစိမ်းကိုကိုက မြရင်၏ လက်တစ်ဖက်ကို ဆောင့်ဆွဲခဲ့ပြီး မြရင်သည် အရှိန်လေးဖြင့် ထိုသူ၏ ရင်ဘတ်ကျယ်ကြီးထဲ ဝင်ရောက်မိသွား၏။

"အို. . . ရှင်ဘယ်သူလဲ"

ထိုသူက ဘာမှထပ်မပြော မြရင်၏ပါးစပ်တစ်ဘက်ကို သူ၏လက်ဝါးကြမ်းကြမ်းကြီးနှင့် ဖိပိတ်ခဲ့သလို ကျွန်လက်တစ်ဖက်ဆီမှ ဓါးကလည်တိုင်ဆီ လာထောက်သည်။

"မင်း နောက်ဆုတ်လိုက်စမ်း မိန်းကလေး၊ မဟုတ်ရင် မင်းပါ အဆစ်ပါသွားနိုင်တယ်"

ထိုသူက သဲနုကို လှမ်းမာန်သည်။ သဲနုလန့်သွားဟန်. . .

"မမကို ဘာမှ မသတ်ပါနဲ့ ကိုကြီးရယ်၊ သတ်မယ်ဆို သဲနုကိုသာ သတ်ပါ. . . ၊မမကိုတော့ အန္တရာယ် မပေးပါနဲ့နော်"

"တယ်လေ. . . ငါ. . . မင်းက တကယ်သေချင်နေပြီလား"

ထိုသူက အံကို ကျိတ်ကြိတ်ပြီး ကြိမ်းခဲ့သည်။ မြရင်ကမူ ထိုသူ့လက်ထဲမှ ဝူးဝူးဝါးဝါးလုပ်၍ ရုန်းဖို့လုပ်သည်။

သို့တစေ ထိုသူ့အချုပ် အကိုင်များက ပြုတ်တူနှင့် ညှပ်သလို တင်းကျပ်လှသည် မဟုတ်ပါလား။

အော်၍မရ. . . ရုန်း၍ မနိုင်. . .။

"မမကိုလွှတ်ပေးပါ၊ သဲနု ရှိခိုးဆို ရှိခိုးပါ့မယ်"

"မင်း ရှိခိုးရအောင် ငါက သူတော်စင်တစ်ယောက်မဟုတ်ဘူး ဟေ့. . . ၊ ငါဟာ လူသတ်သမား လေ။

ခုလဲ မင်းတို့ဆီရောက်လာ တာဟာ ကန်တော့ခံဖို့အတွက် မဟုတ်ဘူး၊ ငါ လူသတ်ခဲ့တဲ့ မြင် တဲ့ လူတိုင်းအတွက် သေစေဖို့ပဲ ဖို့"

www.burmeseclassic.com



"အို..ဘုရား..ဘုရား"

မြရင် သည်းတုန်ပန်းတုန် ရှိသွားမိ၏။ ယင်းအခိုက်...

"ဟိတ်...မင်းလက်ထဲက မိန်းကလေးကို လွှတ်လိုက်ပါ။ မင်းကို တို့ရဲတွေဝိုင်းထားတယ်ဟေ့"

ထိုအသံသည် ကိုကို၏ အသံပင်ဖြစ်မှန်း သိလိုက်ပြီ...

အသံနှင့်အပြိုင်ပင်...

ကိုကို အခန်းထောင့်တစ်ခုမှ လျှပ်တပြက် ပေါ်လာသည်။

မြရင် ဖော်မပြတတ်နိုင်စွမ်းအောင် ရင်ထဲက လှုပ်ရှားသွားသည်။

မျက်လုံးစိမ်းကိုကို တွေဝေသွားပုံနှင့် မြရင်ပါးစပ်ပေါ်က လက်ကိုယောင်၍ အဖယ်မှာပင် မြရင်သည် နောက်စေ့ဖြင့် ထိုသူ့ မေးစေ့ဆီ နောက်လှန်တိုက်လိုက်လျက် အတင်းရုန်းထွက်ပြေးမိ၏။

သူက ဓါးကိုင်လျက်ဝန်း ဝင်လာသကဲ့သို့ မြရင် နောက်သို့ ပြေးလိုက်မည်အပြင်..

"ဒိုင်း"

"ဒိုင်း"

ဒက်...ဒက်...ဒက် ဒက်....

ကျည်ဆန်ပေါက်ကွဲသံများနှင့် တစ်ဆက်တည်းမှာပင် ထိုသူ၏ အလူမီနီယန်ရောင်ပြန် တောက်ပနေသော မျက်လုံးတို့မှာ ခွမ်းကနဲ ပေါက်ကွဲသွားလေတော့သည်။

သူ့ကိုယ်ကြီးကလဲ ရှေ့တိုးရမလို နောက်ဆုတ်ရမလိုနှင့် ကျည်ဆန်ပလူပျံနေသည့်ကြားတွင် မလှုပ်မယှက်သာ ဖြစ်နေခဲ့သည်။

ပြီးတော့...

အားလျားကြီးမှောက်ကျခဲ့ရာမှ လက်ထဲက ဓားကလည်း အခန်းထောင့်ဆီသို့ လွင့်သွားလေသည်။

ကိုကိုနှင့် သူ့နှီဖောင်းဝတ်စုံနှစ်ယောက်တို့က မီးခိုးဝေနေသည့် သေနတ်တွေကိုယ်စီကိုင်ချိန်လျက် ရှေ့သို့တက်လာခဲ့ကြ၏။

မြရင်သည် သဲနုကိုဖက်လျက် ငိုချင်လျက်အရှိက်ခက်နေသည့်အတိုင်း တဆတ်ဆတ်တုန်ယင်နေသောကိုယ်ဖြင့် သိမ့်သိမ့်ခါနေ၏။

မြရင်၏ အကြည့်တို့က ကြမ်းပေါ် ဘုတ်ခနဲ ကျရောက်ခဲ့သောမျက်လုံးစိမ်းကိုကိုထံ ရောက်



နေလေ၏။

"မြရင်...ညီမလေး.. တကယ်တော့ ညီမလေး ရေးဆွဲတဲ့ ပုံတူပန်းချီကားထဲက မျက်လုံးတွေကို မြင်လိုက်ကတည်းက ခုတစ်လောချုပ်ကိုင်သူတွေရဲ့ လက်အောက်မှာ လှုပ်ရှားပေးနေတဲ့ ဒုစရိုက်သမားလေးရဲ့ပုံဖြစ်မှန်းသိပြီးပါပြီကွယ်။

ပြီးတော့ သူဟာ တစ်နေ့မဟုတ်တစ်နေ့မှာ ညီမလေးဆီကို ရောက်လာခဲ့မှာကိုလဲ ကိုကို ကြိုတင်မြင်ယောင်ခဲ့တယ်လေ...။

ခု သူတို့အဖွဲ့သားတွေအားလုံးကိုလဲ ခြေရာခံ မိလို့ဖမ်းဆီးနိုင်ခဲ့ပါပြီကွယ်။ နောက်ဆုံး သူ ညီမလေးဆီ ရောက်လာပြီဆိုတာ တီဗွီထဲမှာ မြင်လိုက်ရလို့ ကိုကိုတို့ အချိန်မီပြေးလာကြတာပါ"

"ဘယ်လို ကိုကို...တီဗွီထဲမှာ မြင်လိုက်ရလို့ ဟုတ်လား"

ကိုကိုက ပြုံး၍ ခေါင်းညိတ်ပြလာလျက်...

"ခု ကိုကိုတို့ ကျည်ဆန်နဲ့ ဖောက်ခွဲပစ်လိုက်တဲ့ သူ့မျက်လုံးနှစ်လုံးက ဒုစရိုက်သမားတွေဆီကို ရုပ်တွေအသံတွေ လွှင့်ပေးနေတဲ့ တီဗွီစက်ကလေးတွေပဲပေါ့ကွယ်"

"ရှင်...ဘာရယ်ကိုတို့"

"ဟုတ်တယ် ညီမလေး..တကယ်တော့ သူဟာ ဒုစရိုက်သမားတွေ၊ အဖျက်သမားတွေဟာ သူ့ကိုကြိုးကိုင်ပြီး သူတို့စေခိုင်းချင်တာတွေ စေခိုင်းခဲ့တာပါပဲ ညီမလေး"

"အို...သနားစရာပါလား"

"ဒါပေါ့ကွယ်...ကိုယ်ကျိုးဖက်သမားတွေကြောင့် ကြိုးဆွဲခံရတဲ့ သူ့ဘဝလေးကတော့ သနားစရာပေါ့ကွယ်၊ တကယ်တော့ ဒါတွေဟာနောက်ဆုံးတော့ ဒုစရိုက်ကောင်တွေကို ကိုကိုတို့ ဥပဒေဘက်တော်သားတွေက ဖောထုတ်နှိမ်နင်းနိုင်ခဲ့တာပဲ မဟုတ်လားကွယ်၊ ဘာပဲပြောပြော လောကမှာ ရာဇဝတ်အား ဆိုတာ ပြေးလွှတ်ရိုးထုံးစံမှမရှိဘဲ"

မြရင် ကိုကိုပြောပြနေသည်များတို့ကို ဘာမျှမကြားတော့...

မြရင် ရင်ထဲမှာ ခုထိ ကျန်ရစ်ခဲ့သည်ကတော့ မျက်လုံးစိမ်းကိုကို၏ ရုပ်ပုံလွှာကိုပါတည်း။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပွားလိပ်ပြာ

အုန်းမှုင်းမွန်း

## တစ္ (၁)

ခြံစည်းရိုးနဘေးမှကပ်ပြီး ထိုးနေသော ရေနုတ်မြောင်းကလေး၌အမှိုက်စအချို့မျောပါနေ၏။ ခြံစည်းရိုးအပြင်ဘက် လမ်းသွယ်၌ လူအချို့သွားလာနေကြ၏။

မြိုင်တစ်ယောက်တည်း အပြင်သို့ မသွားဖူးခဲ့ပေ။ အိမ်၏ ဝေယျာဝစ္စများကိုလည်း ဟုတ်တိ ပတ်တိလုပ်စရာမရှိသောကြောင့် တစ်နေ့တစ်နေ့ ပျင်းရိငြီးငွေ့စရာ အချိန်များကို ကုန်လွန်ရလေ၏။

ယခင်ကမြိုင်၏ဘဝနှင့် ယခုမြိုင်၏ဘဝမှာ အခြားနားကြီး ခြားနားနေလေ၏။ မြိုင်အတွက် မောင်ကဝေယျာဝစ္စများ လုပ်ကိုင်ရန် အိမ်ဖော်နှစ်ဦးထားပေး၏။ တစ်ဦးကတော့ ဒေါ်သန့်ဖြစ်လေ၏။ ဒေါ်သန့်ကမီးဖိုချောင်ကိစ္စကို တာဝန်ယူ၏။ ဈေးသွားခြင်း ချက်ပြုတ်ခြင်းအလုပ်များ ဒေါ်သန့်၏အလုပ်ဖြစ်၏။

မြိုင်ကဒေါ်သန့်၏ မီးဖိုချောင်ချက်ပြုတ်ရေးကိစ္စတို ဝိုင်းကူညီလုပ်လျှင် ဒေါ်သန့်က ငြင်းပယ်လေ၏။ မြိုင်ဈေးသွားချင်ဆိုလျှင်လည်း ဒေါ်သန့်ကပျာပျာသလဲ တားလေ၏။

နောက်တစ်ဦးကတော့ အသပ်ငယ်ရွယ်၏၊ ဒေါ်သန့်၏



www.burmeseclassic.com

www.burmeseclassic.com



တုမဖြစ်၏။ ဒေါ်သန့်နှင့်အတူအခြား လိုအပ်သော အဝတ်လျှော်ခြင်းနှင့် တောက်တိုမယ်ရအလုပ်များကို လုပ်လေ၏။ အနေအထိုင်အေး ဆေးပြီး မောက်မာမော်ကြွားခြင်း မရှိသောမြိုင့်ကို သူတို့လည်း ချစ်ခင်ကြလေ၏။

ဒေါ်သန့်မှာအခြားသော လူကုံတန်ရပ်ဝန်းမှာ အိမ်ဖော်လုပ် ခဲ့ဖူး၏။ အများအားဖြင့် မိန်းမ ကအကျင့်ပျက်လျှင်ပျက် မပျက် လျှင်ယောကျ်ားက အကျင့်ပျက် တတ်၏။ အိမ်မှာ ပိုကာဝိုင်း ထောင်၍ ကစားတတ်သော မိန်းမ မျိုးကိုလည်း ကြုံတွေ့ရဖူး၏။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာ ကြဖို့ထက် ယောကျ်ားကလည်း မိန်းမလိုသလို သုံးစွဲနိုင်အောင် ရှာဖွေထားပြီးလျှင် တာဝန်ကျေပြီ ဟုယူဆကြ၏။

မိန်းမကလည်းသွားချင်သလို သွား နေချင်သလိုနေ၏။ တစ်ခါ တစ်ရံညသန်းခေါင်မှ ပြန်လာ တတ်သည်လည်းရှိ၏။ သူတစ်ပါး အိပ်ချိန်မှာ လင်မယားရန်ဖြစ်ချင် လည်းဖြစ်နေတတ်၏။

ယင်းတို့ကိုမြင်နေတွေ့နေ ရသော ဒေါ်သန့်မှာစိတ်မချမ်းသာခဲ့ ပါချေ။ ယခုမြိုင်တို့အိမ်ရောက်မှပင် လွန်စွာစိတ်ချမ်းသာရ၏။ ဆူညံ ပူညံသံမကြားရ၊ ရှုပ်ရှုပ်ယှက်ယှက် တွေလည်းမတွေ့ရ။ ယခင်အိမ်များ မှာ အလုပ်တွေကိုမနားတမ်းခိုင်း သလို၊ အပြောအဆိုကလည်းကြမ်း တမ်းမောက်မာ၏။

ယခုမှ ဘုရားမသော ကြောင့် သူတော်ကောင်းတို့အိမ်ကို ရောက်ရသည်ဟု ထင်မိ၏။

မြိုင်ကဒေါ်သန့်တို့ကို တစ်ကြိမ်တစ်ခါမျှ ငေါက်ငမ်းဆူပူ ခြင်းမရှိသကဲ့သို့ မောင်မောင်စိုးက လည်းအေးချမ်း၏။ မြိုင်ကိုလည်း





အတော်ချစ်ရှာလေ၏။

"မြိုင်စိတ်ညိုအောင် မလုပ်နဲ့နော်၊ မြိုင်ကိုလည်းဘာမှ ပေးမလုပ်နဲ့၊ အပြင်တွေဘာတွေ ထွက်တာမျိုးကိုလည်း တစ်ယောက်တည်း မလွှတ်ပေးနဲ့၊ မြိုင်သွားချင် လာချင်တာ ရှိရင် ကျွန်တော်ပဲ လိုက်ပို့ပေးမယ်"

မောင်မောင်စိုးက မြိုင်နှင့် ပက်သက်ပြီး ထိုသို့မှာကြားလေ၏။

မြိုင်အဖို့ မောင်လာလျှင် ကြိုဆိုဖို့၊ ညဘုရားဝတ်တက်ဖို့ လောက်ပဲ အလုပ်ရှိ၏။ တစ်ခါ တစ်ခါမှမောင်က မောင်၏မိတ်ဆွေ များမွေးနေ့၊ ဆွမ်းကျွေး မင်္ဂလာ ကိစ္စတို့မှာ ခေါ်သွားတတ်၏။ မောင်ကမြိုင်ပျင်းရိနေမည်စိုးသော ကြောင့် ရုပ်ရှင်ကြည့်ရန်ခေါ်တတ် သော်လည်းမြိုင်က ရုပ်ရှင်ကြည့်ရန် ဝါသနာမပါချေ။

မောင်အလုပ်က ပြန်လာ လျှင်မြိုင်၏ မျက်နှာကို အရင်ဆုံး တွေ့ချင်၏။ မြိုင်ဟိုဟိုဒီဒီ သွားနေ သည်မျိုး မောင်က မကြိုက်ပေ။ မြိုင်မှာမောင်၏ ချစ်စရာအရုပ် ကလေးတစ်ရုပ်နှင့် တူနေတော့၏။ မြိုင်ကလည်းမောင် စိတ်ငြိုငြင် စရာမဖြစ်အောင် နေရှာ၏။

မောင်က အားလပ်ရက် တွေမှာ မြိုင်နှင့်တပူးတတွဲနေရ၏။ မြိုင်ကမောင့်ကို စန္ဒယားတီးရင်း သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုပြရ၏။ မြိုင်အဖို့ကလည်း ပျင်းလျှင် စန္ဒယားတီး သီချင်း ဆိုကာ ဖြေဖျောက်နေရ၏။ မြိုင်အဖို့ ဤအတိုင်း အသားကျ နေထိုင် ခဲ့ရ၏။

တစ်ခါတစ်ရံ လွတ်လွတ် လပ်လပ် လျှောက်သွားချင်၏။ မြိုင်ကလရောင်ကို နှစ်သက်သည်။ ပန်းတွေကို ချစ်မြတ်နိုးသည်။ လသာညဆိုလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



မပျော်၊ အပြင်သို့ငေးကြည့်နေတတ်၏။ တော်ရုံနှင့်မအိပ်နိုင်လျှင် မောင်ကအိပ်ရေးပျက်မည်စိုး၍ အတင်းအိပ်ခိုင်းသည်။

လူတစ်ယောက်၏ မြတ်နိုးစွာအချစ်ခံရခြင်းတည်းဟူသောလှောင်အိမ်ထဲမှာ မြိုင်တစ်ယောက် ပိတ်မိနေခဲ့လေ၏။

အလုပ်၊လုပ်စရာမယ်မယ်ရရမရှိသောကြောင့် ဟိုတွေးဒီတွေးတွေးရင်းဖြင့်သာ အချိန်တွေကုန်ရလေ၏။

မြိုင်သည် ဖိုးဖိုးကို အထူးသတိရနေတတ်၏။

ဖိုးဖိုးကပဲမြိုင်ကို မောင်၏လက်ထဲမှာ စိတ်ချစွာထားရှိသွားခဲ့သည် မဟုတ်ပါလား၊ မြေးအတွက် အစစအရာရာ အပူပင်ကြီးခဲ့ရှာသော ဖိုးဖိုးကိုကျေးဇူးတင်ရပါလေ၏။ အခုဆိုလျှင်ဖိုးဖိုးသည် ဘယ်ဘဝသို့များ ရောက်နေလေပြီနည်း။ မြိုင်မျက်ရည်စို့ချင်၏။

"မြိုင်ကလေး ပြတင်းပေါက်နားမှာငေးနေတာကြာပြီ၊ ဘာတွေတွေးနေတာလဲ မျက်ရည်လည်းစို့လို့ပါလား"

မောင်မရှိခိုက်ဆိုလျှင် ဒေါ်သန့်ကမြိုင်ကို အရိပ်တကြည့်ကြည့်ဖြင့် ကြည့်နေသူပီပီ မြိုင်၏အနားမှာ ထိုသို့လာပြောမှပင် အတွေးများ ပြတ်တောက်သွားရလေ၏။

"ဖိုးဖိုးကို သတိရလို့ပါ ဒေါ်လေးရယ်"

မြိုင်ကစို့နေသော မျက်ရည်ကိုသုတ်ရင်း ပြောလိုက်၏။

"ဒီညနေ မောင်မောင်စိုးရဲ့မိတ်ဆွေဆီမှာ ထမင်းစားဖိတ်ထားတယ်မဟုတ်လား ရေချိုးပြီးအလှပြင်ထားတော့မှပေါ့၊ မောင်မောင်စိုးပြန်လာရင် အဆင်သင့်ဖြစ်ရအောင်"





"ဟုတ်သားပဲ မြိုင်လည်း ဟိုတွေးဒီတွေးနဲ့ မေ့နေလိုက်တာ၊ မြိုင်ဝတ်ရမယ့် အဝတ်ကို ဒေါ်လေးဝိုင်းကူပြီးရွေးထား ပေးပါနော်"

မြိုင်မှာ သူ၏စိတ်နှင့်သူမနေရပါ။ မောင်၏စိတ်ဆန္ဒအတိုင်း လိုက်လျော နေထိုင်ရလေ၏။အခုချိန်မှာ မောင်လည်းမြိုင်၏ ကျေးဇူးရှင် ဖြစ်နေသည်လေ၊ မြိုင်အတွက် အပူအပင်တစ်ရွေးသားမျှမရှိအောင် မောင်ကဖန်တီးထားပေး၏။

ကျေးဇူးတင်သလို၊ ချစ်လည်းချစ်ရပါသည်မောင်ဒါပေမယ့် မြိုင်ဘယ်လောက်စိတ်ကျဉ်းကြပ်ပြီး မြိုင်၏ဘဝမှာဘဝသေတစ်ခုကို ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းနေသည် ဆိုခြင်းကိုမောင်များသိရင် ဘယ်လောက်ကောင်းမလဲဟု တွေးမိနေလေ၏။

လရောင်က ဖွေးလွှနေသည်။

လရောင်အောက်မှာတမြိုင်တစ်ယောက်တည်း လွတ်လပ်စွာလျှောက်သွားနေ၏။ မြိုင်၏အနားမှာ မည်သူမှမရှိချေ။ လူသူကင်းတိတ်ဆိတ်နေပေမည့် မြိုင်မှာကြောက်စိတ်မရှိပေ၊ လွတ်လပ်ပေါ့ပါး၍ စိတ်များအထူးကြည်လင်နေ၏။

မိုးမခပင်အောက်မှာ ဒါန်းကလေးကလည်းရှိသည်။

ထိုဒါန်းကလေးမှာ ထိုင်ကာကလေးတစ်ယောက်လို ဒါန်းကို လွှဲစီးနေလိုက်သေး၏၊ သီချင်းများပင် ဆိုလိုက်သေးသည်၊

ပန်းရနံ့များက မြိုင်၏နှာသီးဝသို့ ရိုက်ခတ်လာသည်၊ ဒါန်းစီးရာကိုရပ်ပြီး ပန်းရနံ့များခေါ်ဆောင်ရာသို့ မြိုင်လျှောက်သွားမိ၏။

လမ်းကလေးက ဂုံးနေသည်

www.burmeseclassic.com



ရေကန်တစ်ခုကို ရောက်ရှိသွား၏။ ရေကန်ထဲမှရေတို့က ကြည်လင်ငြိမ်သက်နေသည်။ လရောင်ကြောင့် ကန်ရေပြင်မှာ တလက်လက်တောက်ပနေ၏။ ပန်းတွေကကန်၏ဝန်းကျင်အနှံ့မှာ ရှိနေကြသည်။

စကြာပန်းနှင့် စပယ်ပန်းရုံတို့မှာဖွေးဖွေး လှုပ်အောင်ပွင့်နေကြ၏။ နှင်းဆီပန်းတို့ကိုမူ တယုတယစိုက်ထားဟန် တူသည်။ နှင်းဆီပန်းများကို ခူးမည်ဟုကြံလိုက်သေး၏။ ဤအတိုင်းအပင်ပေါ်မှာ လှနေစေချင်၍မခူးဘဲနေလိုက်၏။ စပယ်တို့ကိုမူ မခူးဘဲမနေနိုင်၍ ခူးလိုက်သည်။

လက်တစ်ဆုပ်အပြည့်ခူးပြီးနောက် အားရပါးရမွှေးကြူလိုက်၏။ ထို့နောက်ဒါန်းဆီသို့သွားကာ ဒါန်းပေါ်မှာ ကြချလိုက်၏။

မြိုင်ကအမှောင်ကိုတော့ကြောက်သည်။ ဤလိုအမြဲတမ်း လသာနေလျှင် အလွန်ကောင်းမည်ဟု တောင့်တသည်။ မြိုင်တစ်ယောက် ဤသို့လရောင်ထဲ လျှောက်သွားနေသည်ကို သာမောင်သိသွားလျှင် စိုးရိမ်ပြီးဘာပြောမည်လဲ။

လရောင်က ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်ထင်ရှားရှားမြင်နေရ၏။ ကန်ပေါင်ဘေးမှာ နားခိုစရာအုတ်ခုံလေးလည်းရှိသည်။ မြိုင်ပျော်နေပါသည်။ မြိုင်၏ဘဝမှာ ဤလိုမျိုး လွတ်လပ်သည့်အရသာမျိုးကို မကြုံဖူးပေ။ ဤလိုမျိုး လျှောက်သွားနေရသည်ကို တစ်စုံတစ်ယောက်က တားမြစ်မှာစိုးသည်။

မြိုင် စိုးရိမ်သည့်အတိုင်းပင် တစ်စုံတစ်ယောက်၏ အော်ဟောက်သံကို ကြားလိုက်ရ၏။

"ဟေ့ ခြံထဲမှာဘယ်သူလဲဟေ့"





မြိုင်တစ်ချက်လှည့်ကြည့်သည်။ ယောကျ်ားတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။ မြိုင်ထိတ်လန့်သွားသည်။ မြိုင်အမောတကောပြေးသည်။ မြိုင်ပြေးသည်မှာလေနှင့်လွင့်ပါးသလိုမျိုး မြန်ဆန်လွန်းနေသောကြောင့် ထိုအော်ငေါက်သော ယောကျ်ားသားမှာ မြိုင်ကိုလိုက်လို့ မမီပဲကျန်ရစ်၏။

မြိုင်သည် ရေချိုးအဝတ်အစားလဲပြီး အလှပြင်လိုက်၏။ မိတ်ကပ်လိမ်းသည်ကိုတော့ မြိုင်ဝါသနာမပါပေ။ မှုံ့ပွင့်ဆီကို အောက်ခံလိမ်းပြီး ပေါင်ဒါဖို့ရုံလေး ဖို့ထားသည်။ မြိုင်သည်ဖီးလိမ်းပြင်ဆင်ပြီးမောင်ပြန်မရောက်သေးသောကြောင့် မောင့်ကိုစောင့်ရင်း မောင်နှင့် ဆုံတွေ့ရပုံလေးများကို ပြန်စဉ်းစားနေမိလေ၏။

ဖိုးဖိုးစိန်ဘဲမြိုင်သည် အမေဥသြမြိုင်ကို ဆုံးရှုံးခဲ့ရပြီး နောက်မေမေ၏ ကိုယ်ပွားဖြစ်သော မြိုင်ကို ရင်ခွင်ထဲပွေ့ပိုက်ထိန်းသိမ်း စောင့်ရှောက်ခဲ့ရ၏။ အချို့သော သားသည်အမေများက မြိုင်တို့မြေးအဖိုးကို ဂရုဏာသက်စာနာကာမြိုင့်အား နို့တိုက်သုတိုက်ကြ၏။ ဖိုးဖိုးကကြုံရာ အလုပ်လုပ်သည်။

မြိုင့်မှာ မိဘမျိုးရိုးဗီဇပါသည်လား မသိပေ။ မြိုင်ငိုလျှင် ပတ္တလား၊ တယော၊ စောင်းစသော တူရိယာ ပစ္စည်းတစ်မျိုးမျိုးကို တီးခတ် သီချင်းဆိုချော့ရသည်။ သို့ဖြင့်မြိုင်လည်း လမ်းလျှောက် စကားပြောတတ် လာရာက တဖြည်းဖြည်း အရွယ်ရောက်လာခဲ့၏။ ဖိုးဖိုးမှာလည်း အသက်အရွယ်က စကားပြောလာသော ကြောင့် ပင်ပင်ပန်းပန်း မလုပ်နိုင်တော့ပေ။ မေမေကြောင့်အနုပညာကို ကျောခိုင်းခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ပေါ့ပေါ့ပါးပါး ထိုအလုပ်တိုပင် ပြန်လုပ်ရတော့၏။

ဖိုးဖိုးသည် ဆိုင်းဝိုင်းဆရာစိန်ဘမြိုင် အဖြစ်နာမည်ကြီးခဲ့၏။ ယခင်က ဇာတ်ပွဲများသို့ လိုက်တီး၏။ မေမေ့ကိုလည်း အဆို အကသင်ကြားပေးကာ ဇာတ်မှာ ကစေ၏။ မေမေ၏အမည်က ဥသြမြိုင်ဖြစ်၏။ ရုပ်ရည်နှင့်အသံကောင်းမှုကြောင့် ခေါင်းဆောင်မင်းသမီးဖြစ်လာခဲ့၏။ ထို့နောက် ဖိုးဖိုးဦးစီးသော ဥသြမြိုင်အငြိမ့်ကို ထောင်၏။ မေမေ၏ရှုပကာနှင့် အသံကို စွဲလမ်းနှစ်သက်၍ လာရောက်ကမ်းလှမ်းသူများ စိတ်မညွတ်ခဲ့ပေ။ မေမေရွေးမည့် ရွေးတော့လည်း လူပြတ်တိမ်ခိုးကို ရွေးကာခိုးရာ လိုက်မိ၏။

ဖိုးဖိုးသည် ရှက်လည်းရှက် မေမေအတွက် ရတက်ပွေကာ အနုပညာရပ်ဝန်းကို ကျောခိုင်းလိုက်၏။ မေမေကတော့ အချစ်ကို ကိုးကွယ်ကာ ဖိုးဖိုးဥပေက္ခာပြုသည်ကို မမှုခဲ့ပေ။

အိမ်ထောင်ဦး အစမှာ မိုးမမြင် လေမမြင် ချစ်ကြသော်လည်း အိမ်ထောင်သက်တမ်း လပိုင်းအလောက်မှာ ဖေဖေက မေမေကို ဇာတ်မင်းသား၊ ဇာတ်ဦးစီး၊ အားပေးသောပရိသတ်တို့နှင့် စွပ်စွဲပုတ်ခတ်၏။ အရက်တမြမြဖြစ်လာ၏။ ထိုသို့စွပ်စွဲသောကြောင့် ဇာတ်မကပြန်တော့လည်း နောက်ပိုင်းဖေဖေသည် ယိမ်းသမတစ်ဦးနှင့် ဇာတ်ရှုပ်ပြန်၏။ မေမေမှာဖေဖေ၏ ဒဏ်ကြောင့် ယခင်လို ရုပ်မျိုးမဟုတ်ပဲ ပိန်လှီကျသွား၏။ ကိုယ်ဝန်ကလည်း ရှိလာ၏။ ဖေဖေ၏ပေးကမ်းမှုက မလုံလောက်၍ ငတ်တစ်လှည့်ပြတ်တစ်လှည့်ဖြစ်၏။

နောက်ဆုံးဖေဖေမှာ





မထောက်ပံ့ပဲ မေ့မေ့ကိုပစ်ထားခဲ့တာယိမ်းသမနှင့် အတူနေပြီဆိုသောအခါ မေမေသည် ဖိုးဖိုး၏ ရင်ခွင်ရိပ်သို့ ပြန်ခိုလှုံရ၏။ မြိုင်ကိုမွေးပြီး အဟာရချို့တဲ့ အားနည်းသည်ကြောင့် မေမေမှာ မီးတွင်းမှာ ပင်သေဆုံးခဲ့ရလေ၏။

ထိုအကြောင်းများကြောင့် မြိုင်ကိုလည်း ထိုအဖြစ်မျိုးဖြစ်မှာ စိုးလေ၏။

အခြေအနေအရ အနုပညာလောကထဲ ပြန်ဝင်ရမည်ဆိုသောအခါ ဇာတ်တို့အငြိမ့်တို့ကို မလိုက်တော့ဘဲ၊ မင်္ဂလာအခမ်းအနားရှင်ပြု၊ မွေးနေ့ဧည့်ခံပွဲနှင့် နတ်ပွဲတို့၌သာ လိုက်တီးတော့၏။ မြိုင်က အဆိုသမားဖြစ်၏။

ထိုသို့ရှိနေစဉ် မြိုင်၏ဘဝထဲသို့ မောင်တိုးဝင်လာခဲ့၏။

မြိုင်တို့မြေးအဖိုး သီချင်းဆို၊ ပတ္တလားတီးနေစဉ် မောင်ရောက်လာခဲ့သည်။

"ကျွန်တော် သီချင်းဆိုသံကို ဒီရှေ့ကဖြတ်သွားတိုင်း ကြားရပါတယ်၊ နားထောင်ချင်တာမို့ ဒီနေ့တော့ ကျွန်တော်အရဲစွန့်ပြီး ဝင်ခဲ့တာပါ၊ အနှောင့်အယှက်ဖြစ်သွားရင်တောင်းပန်ပါတယ်"

မောင်ကစကားကို မွန်ရည်စွာပြော၏။

"မောင်ရင်က ဘယ်သူလဲ"

"ကျွန်တော့်နာမည် မောင်မောင်စိုးပါ၊ ဒီကိုအလည်ရောက်နေတာပါ၊ ကိုဘဆွေရဲ့ အိမ်မှာတည်းပါတယ်၊ ကိုဘဆွေနဲ့ ကျွန်တော်က ယူနီဗာစီတီ တက်ဖက်ပါ၊ ကျောင်းလည်းပြီးသွားပါပြီ။ အလုပ်မဝင်ခင် ကိုဘဆွေကလည်း ဖိတ်ခေါ်တာနဲ့ အပျော်ခရီးလာလည်တာပါ"

မောင်ကဖိုးဖိုးကို ပြော၏၊ မြိုင်ကတော့ တစိမ်းယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်နေသောကြောင့် ရောရောဝင်ဝင် မပြောဖြစ်ဘဲ အိမ်အတွင်းဘက်သို့ ဝင်သွား၏။ မြိုင်အတွင်းသို့ ဝင်သွားရာတွင် မောင်၏ မျက်လုံးများက မြိုင်ကို ကြည့်နေလိမ့်မည်ဟု ထင်၏။

"မောင် ဘဆွေ ရဲ့ မိတ်ဆွေကိုး၊ မောင်ဘဆွေရဲ့ ငဘ်ဆွေဆိုတော့ ဘတို့ရဲ့မိတ်ဆွေပဲပေါ့၊ မောင်မပြန်ခင် ဘတို့ဆီ ဝင်နိုင် ထွက်နိုင်ပါတယ်"

မောင်နှင့်ဖိုးဖိုး အပေးအယူတည့်သွား၏။ မောင်၏မျိုးရိုးဇာတိများကိုလည်း မေးမြန်း၏။ နောက်ပိုင်းမောင်သည် မြိုင်တို့အိမ်သို့ နေ့စဉ်ရောက်လာ၏။ သို့ဖြင့် မြိုင်နှင့်လည်း မလွှဲမရှောင်သာ ရင်းနှီးကြရပြီးနောက် မောင်ကမြိုင်ကို ချစ်ခွင့်ပန်လေ၏။ မြိုင်မှာဖိုးဖိုးကို ပြောပြထား၍ မေမေ့၏အဖြစ်အပျက်ဆိုးကို သိထားရာဖိုးဖိုးကို မောင်ကချစ်ခွင့်ပန်သည့်အကြောင်း ဖွင့်ဟပြောပြပြီး ဖိုးဖိုး၏အဆုံးအဖြတ်ကိုသာ စောင့်မျှော်ရလေ၏။

"မောင်မောင်စိုးကို ဘအနေနဲ့ ပြောစရာရှိတာ ပြောပြီးပြီ၊ မြေးလေးကိုသူ့အမေလို အဖြစ်မျိုး မကြုံစေချင်ဘူး၊ ဘ မျက်ကွယ်ပြုသွားတဲ့အခါ မြိုင် ဒုက္ခရောက် ကျန်ရစ်မှာကို မလိုလားဘူးကွယ်၊ ဆက်ပြောရမှာတော့ အားနာတယ်"

"ပြောပါဘ၊ ကျွန်တော့်ကို အားမနာပါနဲ့"

"မောင်ရင်အနေနဲ့ ဘကိုရောမြေးလေးမြိုင်ကိုပါ ဝေဒနာသောကတွေ မပေးချင်ပါနဲ့ မောင်ရင်ဒီရွာက ပြန်သွားတဲ့အခါ ဘနဲ့မြေးလေးမြိုင်ကို မေ့ပစ်လိုက်ပါ"

ဘဘစကားကို အဆုံး





သတ်လိုက်၏။

"ကျွန်တော့်ကို အဲဒီလိုယောကျ်ားမျိုးကို မယူဆလိုက်ပါနဲ့၊ မြိုင်ရဲ့မေမေအကြောင်း ကြားရတာကျွန်တော်စိတ်မကောင်းပါဘူး၊ မြိုင်ကိုကျွန်တော် တကယ်မြတ်နိုးတာပါ၊ ဘရဲ့ကိုယ်စားမြိုင်ကို တစ်သက်လုံးကောင်းကောင်းမွန်မွန်ထားပြီး စောင့်ရှောက်သွားပါ့မယ်"

"မောင်ဘဆွေမင်းမိတ်ဆွေကို စိတ်ချရပါ့မလား၊ မင်းမျက်နှာနဲ့တို့ဆက်ဆံတာ"

မြိုင်က အနောက်ခန်းမှနေ၍ ဘတို့ပြောစကားကို နားစွင့်နေ၏။ နောက်ထပ် ဘာတွေဖြစ်လာဦးမလဲဟု တွေးနေမိ၏။ မြိုင်၏ရင်များ အရမ်းခုန်၍စိတ်လှုပ်ရှားနေသည်ကို မြိုင်သတိထားမိ၏။

"ဒီကောင်က ကျောင်းမှာ စာပဲကြိုးစားခဲ့တာ မြိုင်နဲ့ကျမှ သူ့ရင်ခုန်တာ၊ အခြားမိန်းကလေးတွေ စိတ်မဝင်စားခဲ့ဘူး ကျွန်တော်တာဝန်ယူပါတယ်၊ မြိုင်တစ်ခု... ဖြစ်ရင် ကျွန်တော်ကိုယ်တိုင်... ကောင်ကိုသတ်မှာ" ဟု ကိုဘဆွေ... ကပြောလေ၏။

"ဘကလည်း စိုးနိမ့်လို့... ပြောနေတာပါ၊ မောင်ရင်ကမြိုင်ကို... တကယ်မြတ်နိုးတန်ဖိုးထားတယ်... ဆိုရင်မြိုင်ရဲ့သဘောကို မေးကြည့်... ရုံဘဲကျန်တော့တယ်"

"မြိုင်ခဏလောက် ဖိုးဖိုး... လာစမ်းကွဲ"

မြိုင်ကခေါင်းငုံ့ပြီး ရှက်... စွာထွက်လာလျက် ဖိုးဖိုး၏နားမှ... ထိုင်လိုက်၏။

"မြေးကကော မောင်... မောင်စိုးကို နှစ်သက်ရဲ့လား"

ဖိုးဖိုးမေးသည်ကို... ဖြေရမှာ ရှက်နေသည်...

"ဖိုးနဲ့မြိုင်မခွဲနိုင်ဘူး..."



www.burmeseclassic.com

ဖိုးဖိုးလောက် မည်သူမျှ မြိုင်ကို မေတ္တာပိုလိမ့်မည်ဟု မြိုင် မယုံရဲပေ။

"မဟုတ်သေးဘူးမြေးရဲ့၊ ဖိုးသေခဲ့ရင် မြေးတစ်ယောက်တည်းကျန်မှာ ဖိုးစိတ်ချချင်တယ်၊ ဖိုးလည်းအသက်ကြီးလှပြီ"

"ဒါဆိုရင် ဖိုးဖိုးရဲ့ သဘောပါဘဲ"

မြိုင်က ထိုသို့ပြောလိုက်လျှင် မောင်မောင်စိုး၏ စိတ်၌မရိုးမရွှဖြစ်ပြီး မြိုင်၏ စိတ်ရင်းပါမပါ၊ သူ့ကို ခင်တွယ်မှုရှိမရှိ သိလိုသောကြောင့်

"ဘသဘောလို့ ပြောလို့ မဖြစ်ဖူး၊ မြိုင်ကိုယ်နှိုက်က ကိုယ့်ကို လက်ခံနိုင်လို့လား" ဟုမေးလိုက်၏။

မြိုင်ကအများရှေ့မှာ အရှုံ အမဲသားတောင်းသလို မေးနေ၍ ဖြေရမှာ ရှက်သောကြောင့် "ဖိုးရဲ့ သဘောပါလို့ ပြောပြီးမှပဲ" ဟုဆိုကာ အထဲသို့ ပြန်ဝင်ပြေးခဲ့လေ၏။

"ဒါဆိုရင်မောင်ရင် အလုပ်ရတော့မှဘဲ မိသားဖသား ပီပီလာတောင်းပေတော့"

ဖိုး၏စကားအဆုံးသတ်သောအခါ မောင်နှင့်ကိုဘဆွေတို့ ပြန်သွားကြ၏။ နောက်ပိုင်းမိန်းမ ကြိုက်တော့ မျှော်လိုက်ရတာ ဟူသော ဆိုရိုးစကားအတိုင်း မြိုင်အားမောင်ဘယ်တော့လာတောင်း မည်ကိုနေ့စဉ် စောင့်မျှော် နေမိတော့၏။

မောင်၏ ဘောက်စဝက်ဂွန်းကားလေးအိမ်ထဲဝင်လာမှ အတွေးများကို ရပ်လိုက်ရ၏။ မြိုင်သည် အလုပ်မရှိလေ အတွေးများနှင့်သာ ရစ်ဖွဲ့နေရ၏။ မြိုင်ကမောင့်ကို ဆင်း၍ကြို၏။

"မြိုင်က အဆင်သင့် ပြင်ထားပြီးနေပြီကိုး၊ အလိုက်သိတာတွေကြောင့် မောင်မြိုင့်ကို





ချစ်နေရတာ၊ မောင်အဝတ်အစားတွေလဲမနေတော့ဘူး၊ အလုပ်ကိုပြီးပြတ်အောင် လုပ်နေတာနဲ့ နည်းနည်း နောက်ကျသွားတယ်၊ ကားပေါ်တက်မြိုင် တစ်လက်စတည်းဆက်သွားလိုက်ရအောင်"

မြိုက်က မောင်ဖွင့်ပေးသောကားတံခါးမှ ကားထဲဝင်လိုက်၏။ မောင်လည်း ကားထဲဝင်ပြီး တံခါးပိတ် စက်နှိုးကာ မောင်းထွက်ခဲ့၏။ မြိုင့်မှာ ဘယ်မှသွားလာဖူးခြင်းမရှိ၍ ကားက မည်သည့်နေရာရောက်၍ မည်သည့်နေရာသို့ ဦးတည်နေသည်ကို မသိပေ။ မိနစ်နှစ်ဆယ်ခန့်မောင်းပြီးနောက် ခြံကျယ်ကြီးတစ်ခုရှေ့တွင် ကားကိုရပ်ပြီး ဟွန်းတီးလိုက်၏။

ခြံရှေ့မှာ ကပ်ထားသော ကြေးဝါဆိုင်းဘုတ်ကို မြိုင်မြင်လိုက်ရ၏။

"သဇင်မြိုင်"

မြိုင်အသံထွက်အောင် ရွတ်လိုက်မိသောကြောင့် မောင်ပင်မြိုင့်ကို စောင်းငဲ့ကြည့်သေး၏။ ထိုစာကိုဖတ်ကြည့်ပြီးနောက်မြိုင်၏ စိတ်ထဲ၌အလိုလိုစိုးရိမ်ထိတ်လန့်မှု ဖြစ်နေ၏။ဘာကိုစိုးရိမ်ထိတ်လန့်မိရသည်ကို မူ ရေရေရာရာ မသိပေ။

"မောင်. . . မြိုင့်စိတ်ထဲတစ်ခုခုဖြစ်နေတယ်၊ မြိုင်ကြောက်နေတယ်၊ မြိုင်တို့ပြန်ကြရအောင် နော်၊ မောင့်မိတ်ဆွေခြံထဲ မြိုင်မဝင်တော့ဘူး"

မြိုင့်မှာ ဇောချွေးများပင်စို့နေရလေ၏။

"ဘာစိုးရိမ်စရာရှိလို့လဲ မြိုင်ရဲ့ မောင်အနားမှာရှိနေတာပဲ ဒီတောင်ရောက်ပြီးမှ ပြန်သွားရင် ဘယ်ကောင်းပါ့မလဲ စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားစမ်းမြိုင်"

မောင်က အားပေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်သည်က တစ်ကြောင်း၊ မောင့်စကားကို မငြင်းဆန်ခဲ့ဖူး၍ တစ်ကြောင်း၊ လှုပ်ရှားနေသော စိတ်ကိုထိန်းကာ ခေါင်းညိတ်ပြရလေ၏။

ခြံတံခါးလာဖွင့်ပေး၍ မောင်ကကားကို ခြံထဲရှိအိမ်ရှေ့ ဆင်ဝင်အောက်ထိရောက်အောင် ကားကိုမောင်းဝင်လိုက်၏။ ကားကိုရပ်ပြီးဆင်းကာ အိမ်ထဲဝင်လိုက်စဉ်မှာပင် မြိုင်၏ရင်တို့ တဒိန်းဒိန်းခုန်သွားရလေ၏။

"သူမှသူပဲ"ဟု မြိုင်၏ စိတ်ထဲမှ ရေရွတ်လိုက်မိ၏။ မောင်၏လက်ကို မြဲမြဲဆုပ်ကိုင်ကာ ကိုယ့်ကိုကိုယ် မယိုင်လဲအောင် ထိန်းမတ်ထားရ၏။

"မောင် မြိုင်ရင်တွေတုန်နေတယ်၊ မြိုင်ကို အနားကနေ ဖေးမပေးပါနော်"

မြိုင်က မောင့်ကို တီးတိုး ပြောလိုက်၏။ မောင်ကလဲ မြိုင်၏ လက်ကို ခပ်တင်းတင်းလေး ဆုပ်ကာအားပေး၏။

"ကိုမောင်မောင်စိုးတို့ တောင်ရောက်လာပြီကိုး"

"ဟုတ်တယ်၊ မြိုင်က ဒီရောက်မှ ခေါင်းမူးတယ်ဆိုပြီး ပြန်မလို့ လုပ်နေတာ၊ ကျွန်တော် မနည်းအားပေးပြီး ခေါ်ခဲ့ရတယ်၊ ကိုလှဖေ. . ."

"ကျေးဇူးပဲဗျာ၊ လာအခန်းထဲသွားထိုင်ရအောင်"

အားလုံးဧည့်ခန်းထဲမှာ ထိုင်မိကြလျှင် ကိုလှဖေက မြိုင်ကို သာစူးစူးစိုက်စိုက်ကြည့်နေတော့၏။ မြိုင်ကမူ ခေါင်းကိုငုံ့ထားပြီး မောင်၏လက်ကို တအားဆုပ်ထား၍ သာနေတော့၏။ ကိုလှဖေကို မြိုင်အလိုလိုနေရင်း မြိုင်ကြောက်နေမိ၏။ ကိုလှဖေ၏ မျက်နှာကို မြိုင်ကောင်းစွာ မှတ်မိ





၏။ ကိုလှဖေသာမဟုတ် ကိုလှဖေ၏ ဇနီးရော သမီးပါ မြိုင်ကိုသာ ကြည့်နေတော့၏။

"မောင် မြိုင်ရင်တွေ တအားတုန်တယ်၊ ပြန်ကြစို့. . ."

မြိုင်က ဘယ်လိုမှ သူ့စိတ်တွေကို ထိန်းမရတော့၍ ပြန်ရန် ပြောလိုက်၏။

"မြိုင် . . . စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားပေးပါလား၊ မြိုင်ရဲ့ စိတ်တွေ တည်ငြိမ်လောက်မှ မြိုင်နဲ့ ကျွန်တော်တို့ မိသားစုအတွင်း မရှင်းလင်းတာလေး ရှင်းလင်းလို့ ရမှာပါ။ ကျွန်တော်တို့ မိသားစု တစ်ခုလုံး မြိုင်ကို စိတ်ဝင်စားနေကြပါတယ် မြိုင်. . .

ကေသွယ်. . . မြိုင့်ကို အေးအေးဆေးဆေး ခဏကေသွယ်ရဲ့အခန်းထဲကို ခေါ်ပြီး အနားပေး ယုထားလိုက်ပါ မြိုင့်ကိုတွေ့တွေ့ချင်း ကျွန်တော်ရော၊ ထွန်းတော့ မိသားစုပါ ခင်မင်မိကြလို့ပါ၊ မြိုင်လိုအပ်တာတွေကို ပြောပါ၊ အားမနာပါနဲ့၊ ကိုယ့်ဆွေမျိုးရင်းအ လို့သဘောထားပါမြိုင်. . ."

ကိုလှဖေက မြိုင့်ကို မေတ္တာရပ်ခံလိုက်၏။

"ဟုတ်တယ်၊ မြိုင်ရယ် ကေသွယ်တို့က ခင်တတ်ပါတယ်၊ လာ. . . မြိုင် ခဏအနားယူလိုက် ကေသွယ်နဲ့လိုက်ခဲ့"

မြိုင့်မှာ ငြင်းဆန်၍ မကောင်းတော့သည်နှင့် ကေသွယ် ခေါ်ရာသို့ လိုက်ပါသွားမိ၏။ အခန်းထဲရောက်သောအခါ အိပ်ယာမှာ ခဏမှိန်းနေ၏။ စိတ်ကိုလည်းတည်ငြိမ်အောင် ထိန်းချုပ်၏။

ကေသွယ်က ရှူဆေးပေး၍ ရှူပြီးမှိန်းနေ၏။ စိတ်ကို ထိန်းချုပ်၍ ရပြီဆိုသောအခါ ကေသွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူပြန်ထွက်လာခဲ့၏။

"စားသောက်ပြီးမှ စကားပြောကြတာပေါ့၊ ကေသွယ် အဆင်သင့်ဖြစ်ပြီလား"

"အားလုံးပြင်ထားပြီးသားပဲ"

ညနေစာကို အားလုံးစားသောက်ရင်း ကိုလှဖေနှင့် မောင်ကရေးဟောင်းနှောင်းဖြစ်များ ပြောနေသကဲ့သို့ မြိုင်နှင့်ကေသွယ်လည်း စကားပြောရင်း ရင်းနှီးမှုရရှိသွားကြလေ၏။

စားသောက်ပြီးသောအခါ စကားဝိုင်းကို ပြန်ဆက်ကြလေ၏။

"မြိုင်ရဲ့စိတ်တွေ တည်ငြိမ်နေပြီနော်"

ကိုလှဖေမေးသည်ကို မြိုင်ကခေါင်းညိတ်လေ၏။

"ဒါဆိုရင် ကျွန်တော်စပြောတော့မယ်၊ မြိုင်ကိုကျွန်တော်ရော၊ ကျွန်တော့်မိန်းမနဲ့သမီးပါ တွေ့မြင်ဖူးကြတယ်"

"ဘယ်မှာတွေ့မြင်ဖူးတာလဲ ကိုလှဖေ၊ ကျွန်တော်ရဲ့မြိုင်က ဘယ်မှသွားလာတာ မဟုတ်ဘူး၊ အိမ်မှာပဲနေတာ၊ ကျွန်တော်က ဧည့်ခံပွဲတစ်ခုခုရှိလို့ ခေါ်သွားမှ ကျွန်တော်နဲ့အတူ သွားတာပါ။ မြိုင်ကို တွေ့တာတစ်ယောက်တည်းလား"

ကိုလှဖေ၏စကားကို ကြားရသောအခါ မောင်မောင်စိုးကပြန်မေးလိုက်၏။

ဟုတ်ပါတယ် မြိုင်တစ်ယောက်တည်းကိုပဲ တွေ့ရတာပါ၊ တွေ့ရတဲ့အချိန်ကလည်း ညသန်းခေါင်လောက်မှာမှ တွေ့ရတယ်၊ ကျွန်တော်. . .

ကိုလှဖေစကားမဆုံးခင်မှာပင် ကိုမောင်မောင်စိုးက. . .

"မြိုင်ကို ညသန်းခေါင်မှာ တစ်ယောက်တည်း တွေ့ရတယ် ဟုတ်လားကိုလှဖေ ကျွန်တော်မယုံဘူးဗျာ၊ မြိုင်ဟာနေ့ဘက်တောင်တစ်ယောက်တည်း ဘယ်မှမသွားတာ ညဘက်ဆိုရင်ပိုပြီးတော့တောင် မသွားသေးတယ်၊ တစ်ညလုံး မြိုင်ကျွန်တော့်ဘေးမှာ အိပ်နေတာဘဲဗျာ၊ ကိုလှဖေမှားနေပြီထင်တယ်၊ မြိုင်မဟုတ်ဘဲ အခြားတစ်ယောက်ယောက်ဖြစ်ချင်ဖြစ်နေမှာ"

ဟုကြားဖြတ်၍ ပြောကြားလိုက်လေ၏။ မြိုင်ကမူ စကားတစ်ခွန်းမျှပင် မပြောဘဲခေါင်းငုံ့၍ သာနေလေ၏။

ဒါဆိုရင် ကျွန်တော့်ရဲ့စကားကို အစအဆုံး ကိုမောင်မောင်စိုး နားထောင်ပါ။ ပြီးမှ ပြောပါ။ ကျွန်တော်ဒီအိမ်နဲ့ခြံကြီးကို အတော်သဘောကျလို့ ဝယ်လိုက်တယ်၊ ဒီအိမ်မှာက လူမနေတာ အတော်ကြာပြီလို့ သိရတယ်၊ အိမ်တန်ဖိုးကလည်း ခေတ်ကာလ ပေါက်ဈေးထက်ကို အတော်လေး နည်းတယ်၊ ဘာဖြစ်လို့ဈေးချိုရတာလဲဆိုတော့ ကျွန်တော်မသိခဲ့ဘူး အဲတစ်ပတ်ပြည့်လို့ လပြည့်ညရောက်တော့ ဒီအိမ်ခြံကို ဈေးပေါ့ပေါ့နဲ့ ရောင်းရတဲ့ အကြောင်း ကျွန်တော်သိရတော့တယ်၊

မိန်းမတစ်ယောက် ကျွန်တော့် အိမ်ရှေ့လမ်းကနေ ဝင်လာတယ်၊ ခြံတံခါးကို အသေအချာပိတ်ထားပေမယ့် ဘယ်လို ဝင်လာတယ်တော့ မသိပါဘူး။ ခြံထဲမှာ လျှောက်သွားနေတယ်၊ ပန်းတွေခူးနေတယ်၊ ဒါန်းတွေစီးနေတာကို မြင်တွေ့ရတယ်၊ အဲဒါ ကျွန်တော့်မိန်းမက အရင်မြင်တာ

ကျွန်တော်တို့က တာ ခြောက်တာ ဒါမှမဟုတ်ဥစ္စာစောင့် သွားလာနေတာလို့ထင်တယ် မြိုင် ကိုမတွေ့ရခင်အထိ ဆိုပါတော့ဗျာ





www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလိုပဲ လပြည့်ညတိုင်းလာတယ်၊ အစပထမတော့ ကျွန်တော်လည်း နည်းနည်းကြောက် သလို လို ရှိပေမယ့် သူဟာလူ့လပြည့်ညတွေမှာသွားလာနေပြီး ကျွန်တော်တို့ အန္တရာယ်မပြုတာမို့ ဒီအတိုင်းကြည့်နေခဲ့တယ်၊ ကျွန်တော့်မိန်းမကတော့လပြည့်ညဆို မအိပ်တော့ဘူး၊ အဲ့ဒီမိန်းမကိုပဲ ကြည့်နေတော့တယ်၊ သူပြန်သွားမှအိပ်တော့တယ်၊ ကြာတော့လည်း ရိုးသွားတယ်လို့ပဲ ပြောရမယ်၊ မကြောက်ကြတော့ဘူး သူ့ဘဝနဲ့သူ ရှိပါစေလို့ ထားလိုက်တော့တယ်၊

လရောင်က ဖွေးနေတာမို့ သူ့ရဲ့မျက်နှာရော အဝတ်အစားရော သူသွားလာလှုပ်ရှားနေတာတွေရော အကုန်လုံးမြင်နေရတယ်၊ သူဝတ်စားတဲ့အဝတ်အစားက အများအားဖြင့် အခုမြိုင်ဝတ်ထားတဲ့ အပြာရောင်၊ သရစ်ထည်ပွင့်ရိုက်ဝမ်းဆက်နဲ့ပဲ၊ ပြီးတော့ဆံပင်ကို အနောက်ဖြန့်ချထားတာ၊ ဆံပင်အတော်ကောင်းတာပဲ၊ သီချင်းတွေလည်းဆိုလို့. . .

အများအားဖြင့် ဆိုတဲ့ သီချင်းက ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပလေး ဆိုတဲ့ သီချင်းဘဲ သူရဲ့မျက်နှာက အခုမြိုင်အတိုင်းပဲ ကိုယ်လုံးကိုယ်ပေါက်ရော အသားအရည်ရော ဒီအတိုင်းပဲ

တစ်ညမှာတော့ သူ့ကို လိုက်ကြည့်ပြီး လူဆိုရင်စကားပြောအိမ်ထဲခေါ် ဝင်မလို့သူ့နောက်ကကျွန်တော်လိုက်သွားတယ်၊ အနားရောက်မှ ကျွန်တော့်ကိုတွေ့တာနဲ့ သူကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးသွားတယ်၊ ကျွန်တော်ဘယ်လိုမှ လိုက်လို့မမီဘူး၊ ဘယ်နေရာမှာ ဘယ်လိုပျောက်သွားမှန်း မသိဘူး၊





နောက် လပြည့် ညကျရင် လာဦးမှာပဲ အဲဒီတော့မှ မိအောင်ဖမ်းမယ်လို့ အားခဲထားပေမယ့် သူကမလာ တော့ဘူး အဲဒီမိန်းကလေးဟာ မြိုင်နဲ့ သိပ်တူတယ်၊ ကျွန်တော့် စိတ်ထဲမှာ အခု မြိုင်ကိုတွေ့ရတော့ လပြည့်ညတွေမှာ လာတဲ့မိန်းကလေး ဟာ မြိုင်လို့ဘဲထင်မိတော့တယ်၊ ဟုတ်မဟုတ်တော့ မြိုင်ကိုပဲမေးရတော့မှာပဲ"

ကိုလှဖေက စကားကို အဆုံးသတ်လိုက်၏။

ကိုမောင်မောင်စိုးကလည်း မြိုင်ဘက်သို့ လှည့်ကာဘယ်လိုလဲ ဟူသော အကြည့်ဖြင့် ကြည့်လိုက်၏။ ကိုလှဖေတို့ ခြံရှေ့ရောက်ကတည်း ကမြိုင်၏ အမူအယာတို့ တအား ပျက်နေသည်ကို မောင်မောင်စိုး သတိထားမိ၏။ ချစ်သမျှကို ပတ်ပျိုးကိုမြိုင်ဆိုနေတျ ဖြစ်၏၊

"မြိုင်ရဲ့ကိုယ်တွေ့တစ်ခု ကိုမြိုင်ပြောမယ်နော်၊ မောင်လည်း မြိုင်ကိုအထင်မလွဲပါနဲ့၊ မြိုင်နေ ဘက်ရော ညဘက်ရောဘယ်မှ မသွားတာအမှန်ပါ၊

ဒါပေမယ့် လပြည့်ညတွေမှာမြိုင်အမြဲတမ်း အိပ်မက်တစ်ခု မက်တယ်၊ အဲ့ဒီအိပ်မက်က ဒီခြံကြီး ထဲမြိုင်ရောက်နေတာပဲ၊ ဒီခြံကြီး ထဲကိုမြိုင်ရောက်တဲ့အခါ အလိုလို ပျော်နေမိတယ်၊ မြိုင်ရဲ့စိတ်တွေ လွတ်လပ်ပေါ့ပါးနေတယ် ကိုလှဖေ ပြောသလို ပန်းတွေခူးတယ်၊ ဒါန်းစီတယ်၊ သီချင်းဆိုတယ်၊ ခြံအနောက်မှာရေကန်ရှိတယ် မဟုတ်လား ကိုလှဖေ"

"ရှိပါတယ်"

"အဲ့ဒီ ရေတွေကိုကောင် လက်နဲ့ ဆော့ကစားတယ် အဲ ရေထဲမှာ ပန်းတွေမျှောတယ် အဲ



www.burmeseclassic.com

www.burmeseclassic.com



ကတော့အိပ်မက်ထဲ ရောက်သွားတတ်တဲ့ ခြံကိုမြိုင်မသိခဲ့ဘူး နိုးလာတဲ့အခါ မြိုင်ရောက်ခဲ့တဲ့ ခြံဟာဘယ်မှာလဲဆိုတာ မြိုင်မသိခဲ့ဘူး မြိုင်ကမောင်မပါဘဲ ဘယ်မှသွားလာဖူးတာမှ မဟုတ်ဘဲ၊ အခုကိုလှဖေတို့ရဲ့ခြံကိုရောက်မှ မြိုင်အိပ်မက်ထဲမှာ ရောက်ဖူးခဲ့တဲ့ခြံဟာဒီခြံပါဘဲလားလို့ သိလိုက်တယ်။

နောက်ဆုံးမက်ခဲ့တဲ့ အိပ်မက်မှာတော့ မြိုင်ကိုအမျိုးသားတစ်ယောက်က နောက်ကနေ အတင်းလိုက်လို့ မြိုင်ထွက်ပြေးခဲ့ရကြောင်း အိပ်မက်မက်ပြီးတဲ့နောက်ပိုင်းမှာ အဲဒီအိပ်မက်မျိုး မြိုင်ထပ်မမက်တော့ဘူး အဲဒီအမျိုးသားဆိုတာကလည်း မြိုင်လှည့်ကြည့်လိုက်တဲ့ အချိန်မှာ ကိုလှဖေနဲ့ အတော်တူတာဘဲ"

မြိုင်၏ရှင်းလင်းပြောပြသောစကားပြီးဆုံးသွားသောအခါ အားလုံးငြိမ်သက် သွားကြ၏။ ကိုလှဖေရော ကိုမောင်မောင်စိုးပါ စဉ်းစားတွေးတောနေသကဲ့သို့ မြိုင်သည်လည်း ဤတိုက်ဆိုင်သော အိပ်မက်နေရာနှင့် သူမရောက်ရှိနေသော ကိုလှဖေတို့နေရာအဘယ်ကြောင့် တူညီနေသည်ကို စဉ်းစားရင်းစိတ်ရှုပ်နေမိလေ၏။

ထိုအချိန်ဝယ် ကိုလှဖေက စတင်စကားပြောဆိုလာ၏။

"မြိုင်ဟာ အိမ်တွင်းအောင်းပြီး အပြင်ကိုသွားလာရလေ့မရှိအောင် အတွင်းစိတ်ထဲမှာ မြိုင်တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လျှောက်သွားလို့လဲ စိတ်ဖြစ်ပေါ်နေပါလိမ့်မယ်၊ အပြင်စိတ်ထက်အတွင်းစိတ်ဟာ ပိုစွမ်းအားကြီးတယ်လို့ ကျွန်တော်စာတစ်အုပ်မှာ ဖတ်ဖူးတယ်၊





အတွင်းစိတ်ရဲ့ စေ့ဆော်မှုနဲ့မြိုင်ဟာအိပ်ယာဝင်တဲ့အခါ အိပ်မက်သလိုမျိုးအပြင်ကို မသွားဖူးတဲ့နေရာလျှောက်သွားနေပါလိမ့်မယ်။ အဲဒီမှာ ကိုယ်တိုင်ဗဟိဒ္ဓရုပ်က အိပ်စက်ပြီး အိပ်မက်မက်နေသလိုဖြစ်နေပေမယ့် တကယ်တမ်းလက်တွေ့မှာ အဇ္ဈတ္တအတွင်းစိတ်ဝိညာဉ်က တကယ်ဘဲလျှောက်သွားနေပါလိမ့်မယ်။ ရုပ်ကြမ်းကကျန်နေပေမယ့် ရုပ်နုဝိညာဉ်က လျှောက်သွားနေပါလိမ့်မယ်။ ကျွန်တော်မြင်တွေ့ခဲ့တာ မြိုင်ရဲ့ရုပ်နုဝိညာဉ်ဖြစ်ပါလိမ့်မယ်၊ ဒါဟာစိတ်ရောဂါတစ်မျိုးဘဲ ကိုမောင်မောင်စိုး"

ကိုမောင်မောင်စိုးလည်း သိပ်ပြီးတော့ မြိုင်ကိုချုပ်ထိန်းလှောင်ပိတ်မထားပါနဲ့၊ မြိုင်ရဲ့စိတ်နဲ့လုပ်ချင်တာလေးတွေကိုလည်း အန္တရာယ်ကင်းရင်ခွင့်လွှတ်ပေးသင့်ပါတယ်"

"ကျွန်တော်နားလည်ပါပြီ မြိုင့်ကို ကျွန်တော်ချစ်လွန်းလို့ ဘယ်မှပေးမသွားသလို အိမ်အလုပ်လည်း ဘာမှပေးမလုပ်ခဲ့ဘူး မြိုင်ကလည်း ကျွန်တော်စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ကျွန်တော်ရဲ့စိတ်ဆန္ဒအလိုအတိုင်း သူ့ရဲ့စိတ်ဆန္ဒတွေကို မျိုသိပ်ပြီးနေသွားခဲ့တယ်ဆိုတာ ကျွန်တော်သိပါပြီ၊ မြိုင်ရေဒီနေ့ကစပြီး မြိုင်စိတ်ချမ်းသာသလိုနေပါ။ မြိုင်ဟာမောင့်ရဲ့စက်ရုပ်မဟုတ်တော့ဘူး"

"မကေသွယ် မြိုင်ခြံထဲဆင်းလျှောက်ကြည့်ချင်တယ်"

"ရပါတယ်မြိုင်၊ ကေသွယ်တို့ခြံထဲကို အိပ်မက်ထဲကနေဝိညာဉ်ကိုယ်ပွားနဲ့လာစရာမလိုတော့ဘူး၊ မြိုင်ကိုယ်တိုင်အချိန်မရွေး လာခဲ့ပါ။ ကိုမောင်မောင်စိုးကလည်း ခွင့်ပြု




www.burmeseclassic.com

မယ်နော်"

"ခွင့်ပြုပါတယ်ဗျာ"

ကေသွယ်နှင့်မြိုင်တို့ ခြံထဲဆင်းသွားကြ၏။ သူခူးပြီးကန်ရေပြင်ပေါ် မျှောလွှင့်ထားသောပန်းပွင့်များကို မြိုင်မြင်ရသောအခါ ဤခြံကို မြိုင်သည်အိပ်မက်မဟုတ်ဘဲ တကယ်ရောက်ခဲ့တာပါလားဟု သိလိုက်သကဲ့သို့ ယခင်ကထုံထိုင်းအေးစက်နေသော မြိုင်၏စိတ်တို့သည်လည်း တဖန်ပြန်လည်နိုးကြွကာ လန်းဆန်းပျော်ရွှင်သွားလေတော့၏။

တုန်းမြင့်ချွန်း





www.burmeseclassic.com